
မဂ္ဂဇင်း



# Bear much fruit and become my disciples.

John 15:8

HOLY CROSS THEOLOGICAL COLLEGE
LIBRARY
YANGON.

# ဥယျာဇဉ်




ချစ်လှစွာသောစာဖတ်ပရိသတ်အပေါင်းတို့အား ခရစ်တော်၏နာမတော်အားဖြင့် နှုတ်ခွန်းဆက်သလိုက်ပါသည်။

ယခုနှစ်တွင်လည်း ရှာလုမ်မဂ္ဂဇင်းကို ဆက်လက်ထုတ်ဝေနိုင်သည့်အတွက် ဝမ်းသာပီတိဖြစ်မိပါသည်။ စာဖတ်ပရိသတ်များအနေဖြင့် မဂ္ဂဇင်းပါအကြောင်းအရာများကိုဖတ်ရှုပြီးသည့်အခါ သမ္မာတရားဖြစ်သော အရှင်ခရစ်တော်ကို ကိုယ်တိုင်ကိုယ်ကျ ပို၍နားလည်သိရှိစေလိုပါသည်။ ပို၍နားလည်သိရှိလာပြီး အရှင်ခရစ်တော်အား တိုး၍ယုံကြည်လာနိုင်ဖို့လည်း မျှော်မှန်းရည်ရွယ်ပါသည်။ အရှင်ခရစ်တော်ကို တိုး၍ယုံကြည်လာနိုင်သည်နှင့်အမျှ မိမိအသက်တာတစ်ခုလုံးကိုလည်း အရှင်ဘုရားထံ ဝကွက်အပ်ပြီး ပူပင်သောက စိုးရိမ်မှုမှန်သမျှကိုလည်း အရှင်ဘုရားထံ အပ်နှံနိုင်ကြပါစေကြောင်း၊ ဖြစ်ပျက်လေသမျှ အကောင်းအဆိုးဟူသမျှကိုလည်း ကြံ့ကြံ့ခံနိုင်ရည်ရှိပါမည့်အကြောင်းနှင့် ထိုအရာများအားလုံး အရှင်ဘုရားထိန်းချုပ်ထားကြောင်း သံသယကင်းစွာ ယုံကြည်စေလိုပါသည်။

လောင်းရိပ်မိနေသောသီးပင်တစ်ပင်သည် ကြီးထွားသင့်သလောက် မကြီးထွားနိုင်ပါ။ သီးသင့်သလောက်လည်း အသီးမသီးနိုင်ပါ။ ရေ၊ လေ၊ မြေဩဇာ၊ နေရောင်ခြည် အစရှိသည့်အရာများ ပြည့်ပြည့်ဝဝမရရှိသော သီးပင်သည်လည်း သီးသင့်သလောက် အသီးမသီးနိုင်ပေ။ လူ့ဘဝသည်လည်း အလားတူပင်ဖြစ်ပါသည်။ လောကပူပန်စိုးရိမ်မှုများတို့၏လောင်းရိပ်အောက်မှ မရုန်းထွက်နိုင်သူများ၊ မိမိဘဝကို မိမိဖာသာရုန်းကန်ပြီး ဘုရားတရားမေ့ပြီး အသက်ရှင်နေသူများတို့သည် အသီးမသီးသောသီးပင်တစ်ပင်နှင့်တူနေပါသည်။ အရှင်ဘုရား ပေးသနားတော်မူသော ပျော်ရွှင်သောအသက်တာ၊ စိတ်ငြိမ်သက်မှုနှင့်ပြည့်ဝသောအသက်တာ၊ ပူပင်သောကနှင့်ကင်းသောအသက်တာ မရရှိနိုင်ကြပေ။

ကျမ်းစကားအားဖြင့်ဆိုသော် အရှင်ခရစ်တော်ကို နှလုံးသားထဲတွင် အမှန်တကယ်ယုံကြည်သူများတို့သည်သာ လောဘ၊ ဒေါသ၊ မောဟများတို့နှင့်ကင်းပြီး နေ့စဉ်ကြုံတွေ့နေရသည့် အကောင်းအဆိုး ဖြစ်ပျက်လေသမျှတို့ကို အေးဆေးစွာ လက်ခံအသက်ရှင်နိုင်ကြပါသည်။ ဤကဲ့သို့ အသက်ရှင်နိုင်ခြင်းမျိုးကို အသီးများစွာသီးသောအသက်တာဟုခေါ်ဆိုပြီး ဤသူများတို့သည်လည်း အရှင်ခရစ်တော်၏စစ်မှန်သောတပည့်များဟု ခေါ်ဆိုပါသည်။ ဤဘဝမျိုးရရှိရေးအတွက် အရှင်ဘုရားကို တိုး၍ယုံကြည်အားကိုးခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိပေ။ မည်သည့်အသက်တာမျိုးဖြင့် အသက်ရှင်လိုကြောင်း မိတ်ဆွေတို့ ယနေ့ ယတိပြတ်ဆုံးဖြတ်ရွေးချယ်ကြပါစို့လား။

မာကုစောမောင်ဒို
ကျောင်းအုပ်
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

# ရှာလုပ်မဂ္ဂဇင်းကော်မတီ

| | | |
|---|---|---|
| နာယက | - | ဘုန်းတော်ကြီးမာကုစောမောင်ဒို |
| အကြံပေးနှင့်စာမူစိစစ်ရေး | - | ဘုန်းတော်ကြီးဒေါက်တာရှမွေလစံမြတ်ရွှေ |
| သဘာပတိ | - | နော်လွင်သီတာမြင့် (တတိယနှစ်) |
| တွဲဖက်သဘာပတိ | - | နော်လဲ့လဲ့ရွှေ (ဒုတိယနှစ်) |
| တာဝန်ခံစာတည်း | - | ယောနနော်ဂျာ (တတိယနှစ်) |
| တွဲဖက်တာဝန်ခံစာတည်း | - | ဖရန်စစ်လောရင့်စ် (ဒုတိယနှစ်) |
| စာတည်းအဖွဲ့ဝင်များ | - | စ' ရဲထွဋ်အောင် (ခါတ်ပုံကဏ္ဍ)<br>ဂျိမ်းစ်ဟိန်းလတ်ရာဇာ၊ နော်ဂျူနာ (ကဗျာ)<br>စောပန်းရွှေ (ကာတွန်း၊ ဟာသ)<br>နော်ဆဲဂေဝါးဖော (သက်သေခံချက်)<br>စောမိုးဇက်ကစိုထော၊ နန့်ခက်ခိုင်ဦး (အင်တာဗျူး)<br>စောစိုးပိုင်အေး၊ ရေချယ်တင်နီလှိုင် (ဆောင်းပါး)<br>မာဂရက်မိုင်းရာ (ဝတ္ထု) |
| ဖြန့်ချိရေးအဖွဲ့ | - | စောဒေါနေထူး (ဖြန့်ချိရေးမှူး)<br>ဒေးဗစ်လော့ဒ်အောင် (မြစ်ကြီးနား)<br>နော်ဂျူနာ (မန္တလေး)<br>နော်ခရစ္စတင်းတကူဖော (တောင်ငူ)<br>နော်ယွာဖော (ဘားအံ)<br>ဆလိုင်းဗယ်ာမိန် (စစ်တွေ)<br>ဖရန်စစ်လော့ရင့်စ်၊ စ'ရဲထွဋ်အောင် (ရန်ကုန်) |
| ရှာလုပ်ဘဏ္ဍာထိန်း | - | ဆိုင်းနူးပန် (ဒုတိယနှစ်) |





# ရင်ဖွင့်စကား

Shalom ငှက်ငယ်၏တောင်ပံရိုက်ခတ်သံတို့သည် သက်ရှိလူတို့၏ ခန္ဓာ၊ စိတ်၊ ဝိညာဉ်တို့ကို ဆူညံသွားစေဖို့မဟုတ်၊ အေးစက်သွားစေဖို့လည်း မဟုတ်ပေ။ လူဖြစ်ခြင်း အခိုက်အတန့်ဘဝမှာ . . .

ဘုရားသခင်၏မျှတခြင်းတရား၌တည်၍ ငြိမ်းချမ်းခြင်း အသီးအပွင့်တို့ကို သီးပွင့်ကြစေရန် ရည်ရွယ်ပါသည်။

Shalom အားဖြင့် စာဖတ်ပရိသတ်များအားလုံး ဘုရားသခင်၏ မျှတခြင်းတရားရိပ်မှာ နားခိုလျက် ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်ငြိမ်းချမ်းခြင်း အသီးအပွင့်တို့ကို ဆွတ်ခူးနိုင်ကြပါစေ . . .။

အမှုတော်မြတ်၌

ယောနနော်ဂျာ

# SHALOM MAGAZINE CONTENTS

ဥယျောဇဉ်

ရှာလုမ်မဂ္ဂဇင်းကော်မတီ ၁

ရင်ဖွင့်စကား ၂

ကျေးဇူးတင်ပါသည် ၄

ကျမ်းအနက်ဖွင့်ချက် ၆

**ဓါတ်ပုံကဏ္ဍ** ၇

၂၀၀၅-၂၀၀၆ ပညာသင်နှစ်
H.C.T.C ဆရာ၊ ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများ

**သတင်း** ၁၄

**တိုက်တွန်းနှိုးဆော်ချက်** ၁၇

အသင်းတော်ရှင်သန်တိုးတက်ရေးတွင်
အခြေခံဘုန်းကြီးပိုင်နယ်များအခန်းကဏ္ဍ - ဦးအောင်လှထွန်း

**အင်တာဗျူး** ၂၀

- ဘာအံသာသနာပိုင်ကြီးနှင့်တွေ့ဆုံမေးမြန်းခြင်း
- ဘုရားသခင်၏ဆုကျေးဇူးများကို ဂုဏ်တင့်စေသူ သမားတော်တစ်ဦးနှင့်တွေ့ဆုံမေးမြန်းခြင်း ၉
- ကိုဂျိုနှင့် မေးခွန်း (၁၇) ခု ၆၅

**ကဗျာ** ၈၇

| | | |
|---|---|---|
| ဘုရားဆန္ဒ | | |
| အမေပေးတဲ့ကောင်းကင် | - ပရုတ်လုံး | ၂၃ |
| ကျောင်းသူကျောင်းသားများတို့ | - ည | ၂၄ |
| နေမပင်ည | - မောင်ပေါက်စည် (မန်းတက္ကသိုလ်) | ၂၅ |
| ကိုယ်တော့်အတွက် | - စောမုတ်ဆိတ် (ကေတု) | ၂၆ |
| ကာရန် | - K.B.May | ၂၇ |
| ဝိညာဉ်တစ်စုရဲ့စာချွန်လွှာ | - J. နငယ်တူ | ၂၈ |
| တရားမကြွယ်သူ | - စာပန်းချီ | ၂၉ |
| မေတ္တာ | - J. ရှမ်းမေ | ၃၀ |
| ခရစ်တော်၌တူညီမှု | - ဂျွန်အတူး | ၃၁ |

**ကာတွန်း** - ပိုင်ကြီး ၃၂

၃၃

**ရှာလုမ်အပြုံး** ၃၉

**အဆိုအမိန့်များ**

| | | |
|---|---|---|
| ကြောက်ရွံ့ခြင်း ..... အဆိုအမိန့်များ | - ဒေါ်ခင်ထွေးရီ | ၅၀ |

**ဆောင်းပါး**

| | | |
|---|---|---|
| ငယ်ရွယ်သူရဲ့လေပြည် | - ကိန္နရာ | ၄၄ |
| နှလုံးသားရိုက်ခတ်သံ ([illegible]) | - ငါးကလေး (ကွမ်းချောင်း) | ၄၆ |
| သခင်ယေရှုတည်ဆောက်ခဲ့သောတံတားသစ်များ | - ခင်ဆွေဦး | ၄၇ |
| စာလုံးလေးတွေရှာရအောင် | - ဒေါ်ခင်ထွေးရီ | ၅၁ |
| နာခံခြင်း၊ နာခံခြင်းနှင့်ဆက်နွယ်မှုများ | - ဦးဦးဂျွန် | ၅၇ |
| ကိုယ်ကျိုးစွန့်နိုင်မှတိုးပွားမည် | - ဘုန်းတော်ကြီးအက်စ်ထန်အုပ် | ၅၅ |
| အသီးသီးဖို့လက်ဆင့်ကမ်းစို့ | - ဒေါ်မေမြထွန်း (H.C.T.C) | ၆၂ |
| အသုံးတည့်ဖို့လိုသည် | - ဘုန်းတော်ကြီးအင်ဒရူးမန်းဖော်လွင် | ၆၈ |
| ဗေသနိရွာသူမာရိ | - ဆလိုင်းအိုက်ဇက် | ၆၉ |
| ဘုရားသခင်ထံကိုးစားခြင်းဖြင့်အောင်မြင်ခြင်း | - ပေါက်ဖော် | ၇၄ |
| ပညာရှင်တို့ရဲ့မြို့တော် | - ကိုပီတိ | ၇၉ |
| တိုင်းရင်းသားဓလေ့ထုံးစံ၊ ဝတ်ပြုကိုးကွယ်ခြင်း၌ .... | - ဘုန်းတော်ကြီး ဒေါက်တာရှိမုန်ဘိဘင်ထူး | ၈၄ |
| လူငယ်များဆောင်ရန်နှင့် ရှောင်ရန်အချက်များ | - ဒေါ်ခင်ထွေးရီ | ၉၀ |
| အတ္တကင်းသောခရစ်ယာန်လော? | - ဘုန်းတော်ကြီး ဒေါက်တာရှမွေလစံမြတ်ရွှေ | ၉၂ |
| သခင်ယေရှုခရစ်တော်၌တည်ခြင်း၏ နောက်ဆက်တွဲရလဒ် | - ရယ်ဂျီ (H.C.T.C) | ၁၀၂ |

**သက်သေခံချက်**

| | | |
|---|---|---|
| ချစ်သားကိုဆုံးမတတ်သောဘုရား | - ကိုလော (ကသီဒြယ်) | ၄၂ |

**ဝတ္ထု**

| | | |
|---|---|---|
| အိပ်မက်အပိုင်းအစများ | - ပြည်ငြိမ်းအေး | ၅၉ |
| ပလ္လင်ထက်ကပန်းတစ်ပွင့် | - မြသွေးညို (ပသိမ်မြေ) | ၇၆ |
| ခဏလေးနော် | - အမ်စစ်စောမ် (ဟိုပင်) | ၉၆ |

# ကျေးဇူးတင်ပါသည်

ရှာလုမ် မင်္ဂလာကို ဆက်လက်ရှင်သန် သီးပွင့်ခွင့်ပေးသော ဘုရားရှင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါသည်။

- ရှာလုမ်မင်္ဂလာမျိုးစေ့ကိုချပေးလျက် ပြုစုပျိုးထောင်လာခဲ့ကြသော အစ်မတော်ကြီး၊ နောင်တော်ကြီးများ (ကျောင်းသူ၊ ကျောင်းသားဟောင်းများ)
- ဆုတောင်းခြင်းမှစ၍ အဘက်ဘက်မှ ဝိုင်းဝန်း ကူညီမစကြသော မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဆရာသမားများ
- စာမူများရေးသားပေးပို့ကြသော စာမူရှင်များ
- ရှာလုမ်၏စာဖတ်ပရိသတ်များ
- မေတ္တာစေတနာများစွာဖြင့် ကူညီသော အလင်းအိမ်စာပေမှညီအစ်ကိုမောင်နှမများအား အထူးကျေးဇူးတင်ပါသည်။

"ကျေးဇူးတင်ပါသည်" ဟူသော မင်္ဂလာစကားဖြင့် . . .

ရှာလုမ်စာပေဝိုင်းကိုယ်စား
နော်လွင်သီတာပြင့်
သဘာပတိ



SHALOM MAGAZINE

# ကျမ်းစာအနက်ဖွင့်ချက်

ဘုန်းတော်ကြီး
ဒေါက်တာရှမွေလစံမြတ်ရွှေ

"သင်တို့သည် များစွာသောအသီးကို သီးသောအားဖြင့် ငါ့ခမည်းတော်သည် ဘုန်းထင်ရှားတော်မူ၍ သင်တို့သည်လည်း ငါ၏တပည့်မှန်ကြလိမ့်မည်"
(ယော ၁၅း၈)

"သင်တို့သည်
ငါ့ကို ရွေးကောက်ကြသည်မဟုတ်၊
ငါသည် သင်တို့ကိုရွေးကောက်သဖြင့်
သင်တို့သည်
သွား၍ တည်ကြည်သောအသီးကို
သီးမည့်အကြောင်း ....
သင်တို့ကို ငါ ခန့်ထားပြီ။"

အပင်တစ်ပင်ဖြစ်လာရန်အတွက် အဆင့်အမျိုးမျိုး ဖြတ်ကျော်လာရသည်။ အစေ့မှအပင်ပေါက်ခြင်း၊ အပင်ပေါက်လာရာမှကြီးထွားလာခြင်း၊ ထို့နောက် အရွယ်ရောက်ပြီး အသီး၊ အပွင့်ပေါ်ထွက်လာခြင်း စသည်တို့ဖြစ်သည်။ ကျွန်တော့်အနေဖြင့် အသီးသီးခြင်းအကြောင်းကို အဓိကထား၍ စဉ်းစားလိုပါသည်။

(၁) အသီးသီးခြင်းသည် အပင်တစ်ပင်၏ အရွယ်ရောက်ခြင်း သဘောသဘာဝကိုဖော်ပြသော အချက်တစ်ခုဖြစ်သည်။ အရွယ်ရောက်ခြင်းနှင့်အတူ လေ၊ မိုး၊ သဘာဝဒဏ်တို့ကို ကြံ့ကြံ့ခံနိုင်မည့် ခွန်အားများ မိမိဖာသာ မိမိ ရပ်တည်အသက်ရှင်နိုင်သည့် အခြေအနေများရှိနေပြီဟု ယုံကြည်ရသည်။

(၂)အသီးသီးခြင်းဖြင့် အပင်တစ်ပင်၏အမျိုးအစားကို သိရသည်။ အပင်၏နာမည်မှစ၍ ချိုသောအသီး၊ ချဉ်သောအသီး၊ ကောင်းသောအသီးတို့ကို သီးသည့်အပင်ဟုတ်၊ မဟုတ် သိနိုင်သည်။ အသီး၏ သဘောသဘာဝသည် အပင်၏သဘာဝနှင့် ဆက်စပ်နေသည်။

(၃) အသီးသီးခြင်းဖြင့် အပင်တစ်ပင်သည် ဆွဲဆောင်မှုပို၍ရှိသောအပင်ဖြစ်လာသည်။ ကျေးငှက်များအတွက်သော်လည်းကောင်း၊ လူများအတွက်သော်လည်းကောင်း နှစ်သက်ဖွယ် ပတ်ဝန်းကျင်အတွက် တင့်တယ်သောအပင်တစ်ပင်ဖြစ်လာသည်။

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သည်လည်း ခေတ်သမိုင်းအဆက်ဆက်ကိုဖြတ်ကျော်ခဲ့ပြီး တဖြည်းဖြည်း အရွယ်ရောက်လာခဲ့ပါပြီ။ ဓမ္မဝိဇ္ဇာဘွဲ့ကို ပေးနိုင်သောအခြေအနေတွင် ရှိနေပါပြီ။ အသင်းတော်အတွက် ဓမ္မအမှုတော်ဆောင်များ၊ သာသနာတော်၏ ခေါင်းဆောင်များကို အဆက်မပြတ် မွေးထုတ်ပေးနိုင်သောအခြေအနေတွင်ရှိနေပါပြီ။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာများ၌လည်း ကောင်းမွန်သောအနေအထား၌ရှိနေပါပြီ။ ဤအချက်များသည် ဓမ္မတက္ကသိုလ်၏အရွယ်ရောက်နေသော၊ အသီးသီးနေသောသဘာဝကို ညွှန်ပြလျက်ရှိနေပါသည်။ တစ်ချိန်တည်းမှာပင် သီးသောအသီးများသည် အပင်ဖြစ်သော ဘုရားသခင်၏နှုတ်ကပတ်တော်၊ အသင်းတော်၏အစဉ်အလာ၊ ပြောင်းလဲနေသောခေတ်၏လိုအပ်ချက်များနှင့်ကိုက်ညီသော သဘောသဘာဝရှိမရှိ ဆန်းစစ်ရန် လိုအပ်ပါသည်။ (သင်တို့သည် ငါ၌မတည်လျှင် အသီးမသီးနိုင်ကြ။ ယော ၁၅း၄)

ခေတ်တစ်ခုစီတိုင်းတွင် ဘုရားသခင်လုပ်စေလိုသောအရာတစ်ခု ရှိသည်။ ထိုအရာကို သိပြီး အကောင်အထည်ဖော်လုပ်ဆောင်ရန် လိုအပ်ပါသည်။ ခေတ်အခြေအနေအရ ဓမ္မတက္ကသိုလ်သည် မိမိကိုယ်မိမိ ပြန်လည်၍အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်သည်။ ပညာသင်ကြားရုံသက်သက်နှင့် ဘွဲ့လက်မှတ်များ ထုတ်ပေးသောနေရာသက်သက်သာဖြစ်သည် ဟူသော

**ခေတ်အခြေအနေအရ ဓမ္မတက္ကသိုလ်သည် မိမိကိုယ်မိမိ ပြန်လည်၍အဓိပ္ပာယ်ဖွင့်ဆိုရန် လိုအပ်သည်။**

နားလည်မှုသည် ခေတ်ကုန်သွားပြီ ဖြစ်သည်။ ဓမ္မတက္ကသိုလ်ကြီးသည် . . .

(၁) အသင်းတော်တစ်ခုလုံး၏ဓမ္မပညာရေးကို မြှင့်တင်ပေးသည့်နေရာ၊

(၂) အသင်းတော်၏ လက်ရှိနှင့် အနာဂတ်အမှုဆောင်များ၊ ခေါင်းဆောင်များကို မွေးထုတ်ပေးသည့်နေရာ၊

(၃) အသင်းတော်၏ လက်တွေ့အခြေအနေ ပြဿနာများ၊ စိန်ခေါ်ချက်များနှင့် အမြဲတမ်း ထိတွေ့ရင်ဆိုင်နေသောနေရာ၊

(၄) အသင်းတော်၏ သာသနာပြုရေးနှင့် ဧဝံဂေလိလုပ်ငန်းများကို တွန်းအားပေးနိုင်သည့်နေရာ စသည်ဖြင့် ရပ်တည်နေသင့်ပြီဖြစ်သည်။

"သင်တို့သည် ငါ့ကို ရွေးကောက်ကြသည် မဟုတ်၊ ငါသည် သင်တို့ကိုရွေးကောက်သဖြင့် သင်တို့သည် သွား၍ တည်ကြည်သောအသီးကိုသီးမည့် အကြောင်း . . . . သင်တို့ကို ငါခန့်ထား၏။"


(ယော ၁၅း၁၆)

အရွယ်ရောက်ပြီဖြစ်သော ဓမ္မတက္ကသိုလ်ကြီးကို ဘုရားရှင်သည် "များစွာ" သောအသီးကိုသီးရန် အလိုရှိပါသည်။ လောကကြီးအတွက် "အသီးမှန်"၊ "တပည့်မှန်" များဖြစ်ရန် အချိန်ကျရောက်ပြီဖြစ်ပါသည်။

သို့ဖြစ်၍ ၂၀၀၅-၂၀၀၆ စာသင်နှစ်အတွက် ထုတ်ဝေသော ရှာလုမ်မဂ္ဂဇင်းသည်လည်း တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်တွန်းအားပေးနိုင်မည်ဟု ယုံကြည်ပါသည်။



# PHOTO RECORD





**Rev. Mark Saw Maung Doe**
**(Principal)**
**B.A, B.D, MTS**


# PHOTO RECORD



Rev. Dr. Simon Be Bin Htu
(Vice - Principal)
B.Sc, M.Div, M.Th, D.Min



Rev. Dr. Samuel San Myat Shwe
Dean of Studies
B.Th, Ph.D



Rev. Reginald Bennett
Dean of Students
B.Sc, B.Th, B.R.E, M.Th



# PHOTO RECORD



Rev. Andrew Zaw Lwin
(Lecturer)
B.A, M.Div, M.Th



Sayargyi U Saw Aung Hla Htun
(Lecturer)
B.Engg:(Met.),M.E.(Met)



Sayama Saga Hkawng Tawng
(Lecturer)
B.Sc, B.R.E, M.A.CE



Sayama Grace Mee
(Lecturer)
B.Sc, M.Div, M.Th

# PHOTO RECORD



Sayama Daw Khin Swe Oo
(Lecturer)
B.A, M.Div ,M.Th



Sayama Kareng Tawng
(Lecturer)
M.A, B.R.E




Sayama May Mya Tun
(Lecturer)
B.Sc, B.R.E, Cert.W.A



Sayama Daw Sheila Mya Mya Ny
(Lecturer)
B.Sc, B.Ed



PHOTO RECORD




(1) Thra Saw John Thet Lwin
B.A,B.Th, M.Div (Librarian)

Sayama Daw Wai Wai Myint
B.A, MTS (Ass: Librarian)


(3) Naw Mercy (Staff)
(4) N Pre Nu (Staff)



Nant Yee Yee Win (Cook)



Tharamu Naw Mar Tha (Office)
Nant Thandar Win (Office)




U Sa Aung Thein (Gardener)



U Saw Mya Thinn (Driver)



ရှာလုမ်သဘာပတိ
နော်လွင်သီတာမြင့် (တတိယနှစ်)



ရှာလုမ်တာဝန်ခံစာတည်း
ယောနနော်ဂျာ (တတိယနှစ်)

PHOTO RECORD



၂၀၀၆-၂၀၀၇ ရှာလုမ်သဘာပတိနှင့် တာဝန်ခံစာတည်း
နော်လဲ့လဲ့ရွှေ (သဘာပတိ)
ဖရန့်စစ်လော့ရင့်(စ်) (တာဝန်ခံစာတည်း)



ရှာလုမ်စာပေမိသားစု



PHOTO RECORD



သာသနာပိုင်နယ်အလိုက် ရှာလုမ်ဖြန့်ချိရေးမှူးများ



ပထမနှစ်ကျောင်းသူကျောင်းသားများ

# PHOTO RECORD



ဒုတိယနှစ်ကျောင်းသူကျောင်းသားမျ



# PHOTO RECORD



တတိယနှစ်ကျောင်းသူကျောင်းသားများ



စတုတ္ထနှစ်ကျောင်းသားများ




၂၀၀၄-၂၀၀၅ ဘွဲ့နှင်းသဘင်




မောင်မယ်သစ်လွင်ကြိုဆိုပွဲ







၂၀၀၅-၂၀၀၆ ပညာသင်နှစ်
King & Queen




သုံးပွင့်ဆိုင်မှာ ပျော်ရွှင်စွာ (MIT, HCTC, CMS)



ကျောင်းဆင်းချိန်ပျော်ပျော်ပါးပါး

အားကစ





ဒုံးယိမ်းတွေ ရင်ထဲရောက်လာတဲ့ ခရစ္စမတ်





သာသနာအတွက် ကကွက်တစ်ကွက်
(၂၀၀၄ ခရစ္စမတ်)

တို့လည်း ဒီလိုလျှောက်တတ်ပါတယ်
(Sweet December)



# PHOTO RECORD



လျှပ်တစ်ပြက် ပြကွက်
(ဒီဇင်ဘာခရီးစဉ် ၂၀၀၄)



တိရစ္ဆာန်ဥယျာဉ်သို့ အလည်တစ်ခေါက်



# PHOTO RECORD



YWCA ရဲ့ ကျေးဇူးတော်ချီးမွမ်းခြင်း၌ ပါဝင်ခြင်း

တောင်ပေါ်တက်ရလည်း အပြုံးမပျက်ပါဘူး
(နွေရာသီခရီးစဉ်)



ဘားအံသာသနာပိုင်နယ်၏အသစ်စက်စက်နယ်စီးသာသနာပိုင်

# Bishop စတီဖင်သန်းမြင့်ဦး

နှင့် တွေ့ဆုံမေးမြန်းခြင်း



❝ ရှမွေလဆိုရင်
ဘုရားသခင်ရဲ့
ခေါ်သံကြားရတယ်
နောက်...
ပေါလုကျတော့...
ဟော့...ပေါလု
စသည်ဖြင့်
ဘုရားကခေါ်တယ်။
ဒီလိုမျိုးခေါ်တာက
နည်းပါလိမ့်မယ်။
ကျွန်တော့်အသက်တ
ဘုရားသခင်ရဲ့ခေါ်ယူ
ပြောရမယ်ဆိုရင်...





Shalom (S). မင်္ဂလာပါ Bishop . . .။
Bishop (B). မင်္ဂလာပါခင်ဗျား . . .။

S. ပထမဆုံးအနေနဲ့ Bishop ရဲ့မိဘ၊ လူမျိုးနဲ့မွေးရပ်ဇာတိကို ပြောပြပေးပါလား။
B. အဖေက မန်းမိုက်ကယ်လှမြင့်ဖြစ်ပြီး အမေက ဂ္ဂါမေရီသန်းညွန့်ပါ။ လူမျိုးကတော့ ပိုးကရင်လူမျိုးဖြစ်ပါတယ်။ ဇာတိကတော့ မြစ်ဝကျွန်းပေါ်က ဘွက်တန်းကျောင်းစုကျေးရွာ၊ ဝါးခယ်မမြို့နယ် ဖြစ်ပါတယ်။

S. Bishop ရဲ့အိမ်ထောင်မိသားစုနဲ့ မိတ်ဆက်ပေးစေလိုပါတယ်။
B. ကျွန်တော့်ဇနီးက ဆရာမနန်းမြင့်မြင့်ရီပါ။ မိုးညှင်းကျမ်းစာကျောင်းဆင်းတစ်ဦးဖြစ်ပြီး မန္တလေးသာသနာပိုင်ရဲ့ ဓမ္မပညာဌာနမှာ ဌာနမှူးအဖြစ် အမှုဆောင်ခဲ့ဖူးပါတယ်။ သား (၃)ယောက်ရှိပါတယ်။ စစိုင်းနောဓ၊ စစိုင်းလုကာနဲ့ စစိုင်းမြစံ တို့ဖြစ်ပါတယ်။

S. အမှုတော်ဆောင်လုပ်ငန်းမှာ ဘုရားသခင်ရဲ့ ရွေးကောက်ခေါ်ယူတော်မူခြင်းကို Bishop အနေနဲ့ ဘယ်လိုခံစားသိရှိခဲ့ပါသလဲ။
B. ဒါကတော့ ဘုရားသခင်ရဲ့ပြင်ဆင်မှုပေါ့နော်၊ လူ့အနေနဲ့ကတော့ ဘုရားသခင်ရွေးတာ၊ မရွေးတာဆိုတာကို သိဖို့ခက်ပါတယ်။ တစ်ချို့ပုဂ္ဂိုလ်များဆိုရင် ဘုရားသခင်က တိုက်ရိုက်ခေါ်ပါတယ်။ ရှမွေလဆိုရင် ဘုရားသခင်ရဲ့ခေါ်သံကြားရတယ်။ နောက် . . . ပေါလုကျတော့ ဟော့ ပေါလု စသည်ဖြင့် ဘုရားကခေါ်တယ်။ ဒီလိုမျိုးခေါ်တာကတော့ နည်းပါလိမ့်မယ်။ ကျွန်တော့်အသက်တာမှာ ဘုရားသခင်ရဲ့ခေါ်ယူပုံကိုပြောရမယ်ဆိုရင် အသက်တာတစ်လျှောက်လုံးမှာ ကြုံတွေ့ခဲ့ရတဲ့ ဘဝအတွေ့အကြုံတွေကို ပြန်သုံးသပ်ရင် ပေါ်လာပါတယ်။

ခပ်ငယ်ငယ်အရွယ်မှာဘဲ ရွာကနေ မြို့ကိုရောက်သွားတယ်။ ဒါကလည်း ဘုရားရှင်ရဲ့ပို့ဆောင်ခြင်းပဲဖြစ်ပါတယ်။ မြို့ကိုရောက်တဲ့အခါ ရှင်မိက္ခေလအသင်းတော်ရဲ့ Sunday School မှာ လာသင်ပေးတဲ့ သန့်ရှင်းသောကားတိုင်ကျမ်းစာကျောင်းက ဝတ်လုံဖြူနဲ့ဆရာတွေကိုကြည့်ပြီး အားကျမိပါတယ်။ အဲဒီလိုနဲ့ အသင်းတော်မှာဘဲ Sunday School ကလေးဘဝကနေ လူကြီးဖြစ်တဲ့အထိ တစ်ချိန်လုံးပါဝင်ဆက်ကပ်လာတဲ့အခါ အသင်းတော်ရဲ့သွန်သင်မှုကိုလည်း တဖြည်းဖြည်းသိရှိခံစားရလာပါတယ်။ ဒါဟာ ဘုရားသခင်ရဲ့ခေါ်ယူခြင်းပဲလို့ စိတ်ထဲမှာခံစားလာရပါတယ်။



## သန့်ရှင်းသောကားတိုင်ကျမ်းစာကျောင်းက ဝတ်လုံဖြူနဲ့ဆရာတွေကိုကြည့်ပြီး အားကျမိပါတယ်၊

S. Bishop ရဲ့ ဓမ္မပညာလေ့လာဆည်းပူးခဲ့တဲ့ကျောင်းများကို ပြောပြပေးပါလား။
B. ၁၉၈၉မှ ၁၉၉၃အထိ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှာ ပညာဆည်းပူးပါတယ်။ အဲဒီနောက် ၁၉၉၃မှ ၁၉၉၅အထိကတော့ Myanmar Institute of Theology (MIT) မှာ B.R.E ဘွဲ့အတွက် (၂)နှစ်တာ ပညာဆည်းပူးပါတယ်။ ၁၉၉၈ကနေ ၂၀၀၁ခုနှစ်အထိ စင်ကာပူနိုင်ငံ၊ Trinity Theological College မှာ M. Th ဘွဲ့အတွက် ပညာဆည်းပူးခဲ့ပါတယ်။ တစ်ခါ ၂၀၀၄ခုနှစ်၊ ဇူလိုင်ကစပြီး (၇)လကျော် (၈)လလောက် D. Th ဘွဲ့အတွက် Trinity Theological College မှာပဲ ပညာဆည်းပူးလျက်ရှိပါတယ်။ အခုလို

သာသနာပိုင်အဖြစ် ရွေးကောက်ခြင်းခံရတဲ့အခါ အချိန်ပိုင်းအဖြစ်နဲ့ ဆက်လက်ပညာသင်ယူနေပါတယ်။

S. Bishop အနေနဲ့ အခု သာသနာပိုင်ဘိသိက်မခံမီ အချိန်ထိ အသင်းတော်မှာ ဘယ်လိုကဏ္ဍများတနေ ပါဝင်လုပ်ဆောင်ခဲ့ပါသလဲ။

B. အသင်းတော်လုပ်ငန်းမှာ ပါဝင်ခဲ့တာကတော့ အဲ . . မြက်ခုတ်သမားဘဝနဲ့ နောက်ပြီး ညစောင့်ဘဝပေါ့။ အဲ တာကတော့ ကြာလှပါပြီ။ Bishop အောင်လှ လက်ထက်မှာပေါ့နော်။ ကျမ်းစာကျောင်းမတက်ခင်လေးမှာ သာသနာပိုင်ချုပ်ရုံး၊ ပုံနှိပ်ထုတ်ဝေခြင်းဌာန၊ ဆရာဦးစောပီတာအေးလက်အောက်မှာ (၅)နှစ်လောက်လုပ်ဆောင်ခဲ့ဖူးပါတယ်။ ကျမ်းစာကျောင်းအောင်ပြီးတဲ့အခါ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှာပဲ ရုံးအလုပ်လုပ်ခဲ့ပါတယ်။ နောက်ပြီး စာကြည့်တိုက်မှူးပေါ့။ နာမည်ကတော့ စာကြည့်တိုက်မှူးဖြစ်ပေမယ့် အဓိကလုပ်ရတာကတော့ စာသင်တာပါပဲ။ နောက် စင်ကာပူကနေ ပညာတော်သင်ပြန်လာပြီးတဲ့အခါ သန့်ရှင်းသော ကားတိုင်ဓမ္မတက္ကသိုလ်မှာ ဓမ္မကထိက အဖြစ်သော်လည်းကောင်း၊ စာသင်ကြားရေးတာဝန်ခံအဖြစ်သော်လည်းကောင်း အမှုတော်ဆောင်ခဲ့ပါတယ်။

ဘုန်းတော်ကြီးလုပ်ငန်းဆောင်တာနဲ့ ပတ်သက်လို့ကတော့ သင်းထောက်ဘဝကနေ သင်းအုပ် (ဘုန်းတော်ကြီး) ဖြစ်တဲ့အချိန်အထိ ကြည့်မြင်တိုင် ရှင်မိက္ခေလအသင်းတော်မှာ အမှုတော်ဆောင်ခဲ့ပါတယ်။ နောက် စင်ကာပူမသွားခင်မှာ ဒဂုံမြို့သစ် ရှင်အန္ဒြေအသင်းတော်မှာ (၃)နှစ်လောက် တာဝန်ခံဘုန်းတော်ကြီးအဖြစ် အမှုတော်ဆောင်ခဲ့ပါတယ်။ ပညာတော်သင်သွားတဲ့အခါလည်း စင်ကာပူနိုင်ငံမှာရှိတဲ့ အင်္ဂလီကန်ခရစ်ယာန်မိသားစုများကို ကြည့်ရှုရပါတယ်။

အသင်းအဖွဲ့လုပ်ငန်းအနေနဲ့ အ. လ. င. သဗဟိုချုပ်ရဲ့ တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မဟာရန်ကုန်ဓမ္မပညာကော်မတီရဲ့သဘာပတိအဖြစ်လည်းကောင်း၊ သာသနာပိုင်နယ်ဗဟိုရဲ့မိခင်အသင်းနဲ့ လှုငယ်အသင်းရဲ့ဘုန်းတော်ကြီးအဖြစ်သော်လည်းကောင်း အမှုတော်ထမ်းဆောင်ခဲ့ဖူးပါတယ်။

ဂိုဏ်းဂဏရေးရာအနေနဲ့ကတော့ MCC ရဲ့ Unit One, Dialogue ကော်မတီဝင်အဖြစ်လည်းကောင်း၊ Myanmar Ecumenical Institute (MEI) ရဲ့အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ A.T.E.M ရဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်းအမှုတော်ထမ်းဆောင်ခဲ့ဖူးပါတယ်။

S. Bishop ရဲ့ဘားအံသာသနာပိုင်နယ်မှာ Dialogue Center ဖွင့်ထားတယ်လို့ သိရပါတယ်။ ဒီ Dialogue သဘောတရားနဲ့ အမှုတော်မြတ်မှာ ဘယ်လိုပါဝင် ဆက်ကပ်နိုင်ပါသလဲ။

B. Dialogue ဆိုတဲ့စကားကတော့ လူနှစ်ယောက်ပဲဖြစ်ဖြစ်၊ လူနှစ်စုပဲဖြစ်ဖြစ် အပြန်အလှန်ပြောဆိုကြတာဖြစ်ပါတယ်။ အဲဒီလိုပြောဆိုတဲ့အခါမှာလည်း တစ်ဖက်စောင်းနင်းမဟုတ်ဘဲ တစ်ဖက်ရဲ့သဘောထားခံယူချက်များကို တစ်ဖက်ကနားလည်သဘောပေါက်ဖို့ပဲလို့ နားလည်မိပါတယ်။ အခု ဘားအံသာသနာပိုင်နယ်မှာ တည်ဆောက်ထားတဲ့ Dialogue Center ရဲ့ရည်ရွယ်ချက်ကတော့ တစ်မြေထဲနေ၊ တစ်ရေထဲသောက် နေထိုင်ကြတဲ့ ညီအစ်ကိုမောင်နှမများဟာ ဘာသာကိုးကွယ်ယုံကြည်မှု၊ လူမျိုးနွယ်၊ ခံယူချက် စတာတွေမတူညီကြ သော်လည်းပဲ ဒီ ကိုးကွယ်ယုံကြည်မှုခံယူချက်များကို Dialogue Center မှာ တစ်ဦးနဲ့တစ်ဦး ပြောဆိုဆွေးနွေးကြရင်းနဲ့ စည်းလုံးညီညွတ်မှုရရှိပြီး ဤမြေ၊ ဤရေ၊ ဤဒေသမှာ ငြိမ်းချမ်းမှု၊ အဆင်ပြေမှုများ၊ သဟဇာတရှိမှုများကို တည်ဆောက်နိုင်ဖို့အတွက်ဖြစ်ပါတယ်။ Dialogue ရဲ့သဘောတရားကိုလည်း ဒီလိုပဲနားလည်မိပါတယ်။ Dialogue ဆိုတာက အင်္ဂလိပ်စကားလိုလို၊ ဂရိစကားလိုလိုဖြစ်ပေမယ့် သူ့ရဲ့သဘောတရားကတော့ ငြိမ်းချမ်းခြင်းနဲ့ ညီညွတ်မျှတမှုအတွက်ဖြစ်တယ်ဆိုတဲ့ သဘောတရားကို ခံယူရင်းနဲ့လုပ်ဆောင်နေပါတယ်။







**၂၁ရာစုမှာ အမှုတော်ဆောင်တဲ့အခါ ပိုပြီးတော့ သဘောထားတွေ၊ စိတ်နှလုံးသားတွေ၊ အတွေးအခေါ်တွေ ကျယ်ပြန့်ဖို့လို ပါတယ်။**

S. ၂၁ရာစုမှာ Bishop ရဲ့ သာသနာ့လုပ်ငန်းရူပါရုံကို ပြောပြပေးပါလား။

B. ၂၁ရာစုကတော့ Globalization လို့ခေါ်တဲ့ ကမ္ဘာတစ်ဝှမ်းလုံးရဲ့ ဆက်နွယ်ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုတွေဟာ အင်မတန်မှကျယ်ပြန့်လာပါတယ်။ ကျယ်ပြန့်လာတဲ့အတွက် ကမ္ဘာကြီးဟာ ရွာတစ်ရွာလိုဖြစ်လာတယ်ပေါ့နော်။ ဒါကြောင့် ဘာသာတရားတစ်ခု၊ ဂိုဏ်းဂဏတစ်ခု၊ ယုံကြည်မှုတစ်ခုတည်း ရပ်တည်လို့မရတော့ဘဲနဲ့ ယုံကြည်မှုပေါင်းစုံ၊ အယူအဆပေါင်းစုံ၊ လုပ်ငန်းပေါင်းစုံဟာ ရောပြွန်းလာတာကိုတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ၂၁ရာစု အမှုတော်ဆောင်တဲ့အခါမှာ တစ်လမ်းသွား၊ အမြင်ကျဉ်းတဲ့သဘောတရားနဲ့ ကိုယ်ပဲမှန်တယ်၊ အခြားလူတွေကမှားတယ်ဆိုတဲ့အရာမျိုးတွေက ကိုင်ဆွဲလို့မရတော့ဘူး။ ဒါကြောင့် ၂၁ရာစုမှာ အမှုတော်ဆောင်တဲ့အခါ ပိုပြီးတော့ သဘောထားတွေ၊ စိတ်နှလုံးသားတွေ၊ အတွေးအခေါ်တွေ ကျယ်ပြန့်ဖို့လိုပါတယ်။ ဒါပေမယ့် အဲတာတွေကျယ်ပြန့်လွန်းအားကြီးသွားရင် မထိန်းချုပ်နိုင်တော့ဘဲ ကျွန်တော်တို့မှာရှိတဲ့ အခြေခံယုံကြည်မှုလည်း ပြိုပျက်သွားနိုင်ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ ခရစ်ယာန်အခြေခံယုံကြည်မှုလည်း မပျက်စီးအောင်၊ ၂၁ရာစု Globalization ရဲ့တောင်းဆိုမှုဖြစ်တဲ့ သဘောထား၊ စိတ်နှလုံးသား၊ အတွေးအခေါ်တွေကိုကျယ်ပြန့်အောင် သတိကြီးစွာထားပြီး ဘုရားသခင်ဆီက ဝိညာဉ်တော်လမ်းပြမှုနဲ့ လုပ်ဆောင်ဖို့ လိုအပ်နေပြီလို့ ယူဆမိပါတယ်။

S. ကျွန်တော်တို့အသင်းတော်မှာ ခေါင်းဆောင်မြှင့်တင်မှုက ဘယ်လောက်ထိအရေးပါပါသလဲ၊ Bishop ရဲ့ အမြင်ကိုသိပါရစေ။

B. ဒါကလည်း ၂၁ ရာစုနဲ့ဆက်စပ်နေပါတယ်။ ဝိညာဉ်ရေးလို့ဆို့တဲ့အခါမှာ လူအများစုက ကျမ်းစာဖတ်တာ၊ ဆုတောင်းတာ၊ ကမ္ဘဋ္ဌာန်းရှုတာ စသည်ဖြင့်ပဲ မြင်တတ်ကြပါတယ်။ ဝိညာဉ်ရေးဆိုတဲ့နေရာမှာ လူနဲ့ဘုရားဆက်ဆံမှု၊ လူအချင်းချင်းရဲ့ ဆက်နွယ်မှုတွေသာမက

ဘုရားသခင်ဖန်ဆင်းထားတဲ့ စကြဝဠာတစ်ခုလုံးရဲ့ အဖြစ်အပျက်အခြေအနေအားလုံးနဲ့ ဆက်နွယ်နေပါတယ်။ ဆက်စပ်နေပါတယ်။ ဒါကြောင့်မို့လို့ အခုခေတ်ရဲ့ အသင်းတော်ခေါင်းဆောင်တွေဟာ အခုနပြောတဲ့ ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်း၊ ဓမ္မပညာရပ်များကို ကျွမ်းကျင်လိမ္မာတတ်မြောက်ခြင်းသာမက နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအားလုံးကိုကျွမ်းကျင်အောင် မတတ်နိုင်သော်လည်းပဲ နည်းနည်းလေး နှံ့နှံ့စပ်စပ်လေ့လာပြီး ပညာသတိကြီးစွာနဲ့ ခေါင်းဆောင်တွေပေါ်ထွက်လာဖို့ လိုအပ်နေပြီ။ အသင်းတော်မှာ ဒီခေတ်ရဲ့အမှုတော်ဆောင်ခြင်းမှာ အသင်းတော်ရဲ့ခေါင်းဆောင်မြင့်တင်ရေးက အလွန်အရေးပါပါတယ်။ အဲဒါမှမဟုတ်ရင်တော့ အသင်းတော်ဟာ ဒီခေတ်နဲ့ အံ့ဝင်ခွင်ကျမဖြစ်ဘဲနဲ့ လောကရဲ့ဆား၊ လောကရဲ့အလင်း မဖြစ်စေဘဲနဲ့ လောကကို မီးလောင်စေတဲ့လူတွေ၊ လောကကြီးကို ငန်တူးစေတဲ့လူတွေ၊ အသင်းတော်တွေဖြစ်သွားစေနိုင်တယ်လို့ သဘောပေါက်မိပါတယ်။

S. ဒီအသင်းတော်ခေါင်းဆောင်မြင့်တင်ရေးအပိုင်းမှာ ကျွန်တော်တို့အသင်းတော်အနေနဲ့ ဘယ်အတိုင်းအတာအထိ လုပ်ဆောင်နေပါသလဲ၊ Bishop ရဲ့ အမြင်ကို သိပါရစေ။

B. အသင်းတော်ရဲ့လုပ်ဆောင်မှုကတော့ ကျမ်းစာကျောင်းတွေမှာ သာသနာပိုင် (၆) နယ်စလုံးက လူငယ်လူရွယ်တွေကိုကျမ်းစာကျောင်းတက်ဖို့ အားပေးတာကို တွေ့ရတယ်။ ဒါဟာ အနာဂတ်အတွက် ခေါင်းဆောင်မြင့်တင်ရေးအပိုင်းလို့ပဲ ယူဆမိပါတယ်။ ဒါပေမယ့် အဲတာနဲ့ပဲ မလုံလောက်တဲ့အတွက် အသင်းသူ၊ အသင်းသားထု (Layman) အပိုင်းကလည်း ခေါင်းဆောင်များပေါ်ထွက်လာအောင် လုပ်ဖို့လိုအပ်နေပါသေးတယ်။ အဲဒီအပိုင်းမှာတော့ ကျွန်တော်တို့အသင်းတော်က အရမ်းအားနည်းနေတာကို တွေ့ရပါတယ်။ ကျမ်းစာကျောင်းတက်နေတဲ့ လူငယ်၊ လူရွယ်တွေကို ဘုန်းကြီးတွေဖြစ်လာဖို့၊ ဓမ္မအမှုတော်ဆောင်တွေဖြစ်လာဖို့ ဆိုတဲ့အပိုင်းမှာလည်း ငွေရေးကြေးရေးကအစ အတော်လေးတော့ အားပေးမှုရှိလာသော်လည်း အရှိန်မရသေးဘူးလို့ ယူဆမိပါတယ်။ ဒါကြောင့်မို့လို့ အခြေခံအသင်းတော်မှာလည်း ကိုယ့်အသင်းတော်နဲ့ကိုယ် ဦးဆောင်နိုင်တဲ့လူတွေပေါ်ထွက်လာဖို့ နည်းမျိုးစုံနဲ့ ပြုစုပျိုးထောင်ဖို့ လိုအပ်နေတယ်လို့ မြင်ပါတယ်။

---
အသင်းတော်ဟာ
ဒီခေတ်နဲ့
အံ့ဝင်ခွင်ကျမဖြစ်ဘဲနဲ့
လောကရဲ့ဆား၊
လောကရဲ့အလင်း
မဖြစ်စေဘဲနဲ့
လောကကို
မီးလောင်စေတဲ့လူတွေ၊
လောကကြီးကို
ငန်တူးစေတဲ့လူတွေ၊
အသင်းတော်တွေ
ဖြစ်သွားစေနိုင်တယ်လို့
သဘောပေါက်မိပါတယ်။
---



S. မြို့မှာရှိတဲ့ဘုန်းကြီးတွေနဲ့ နယ်တွေ၊ ရွာတွေမှာရှိတဲ့ ဘုန်းကြီးတွေ ကွာဟချက်ရှိတယ်လို့ များသောအားဖြင့် ရှုမြင်ကြတယ်။ Bishop အနေနဲ့ ဘယ်လိုမျိုး ကွာဟချက်တွေရှိသလဲလို့ ထင်မြင်မိပါသလဲ ?





B. ကွာဟချက်ကတော့ မြို့မှာက တိုက်တွေ၊ ကားတွေရှိတယ်။ မြို့နေ လူနေမှုစနစ်ပေါ့။ တောမှာက သစ်ပင်၊ တောတောင်တွေပဲရှိတယ်။တောနေ လူနေမှုစနစ်နဲ့ပေါ့။ ဆိုတော့ . . တောမှာရှိတဲ့ဘုန်းတော်ကြီးတွေက တောဓလေ့အလိုက် အံ့ဝင်ခွင်ကျဖြစ်အောင် သူတို့ညှိပြီး (adjust) လုပ်ပြီး နေထိုင်သလို မြို့မှာရှိတဲ့ဘုန်းကြီးတွေကလည်း မြို့နဲ့လိုက်လျောညီထွေဖြစ်အောင် နေထိုင်ကြတယ်။ ဒါပေမယ့် မြို့မှာရှိတဲ့ဘုန်းကြီး တောကိုရောက်သွားရင်လည်း ကျွန်တော်တို့ဘုန်းကြီးတွေက ဘုရားရှင်ကိုနာခံမှု၊ ကြိုးစားအားထုတ်မှုရှိတဲ့အခါ အခက်အခဲရှိပေမယ့် အဆင်ပြေသွားနိုင်သလို တောမှာရှိတဲ့ဘုန်းကြီးတွေလည်း မြို့ကိုရောက်သွားရင် အဆင်ပြေသွားနိုင်မယ့် အနေအထားရှိမယ်လို့ ကျွန်တော်ယုံပါတယ်။

S. မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (Anglican) တစ်ခုလုံးအပေါ် Bishop ရဲ့သုံးသပ်ချက်အမြင်ကို သိပါရစေ။

B အသင်းတော်တစ်ခုလုံးအပေါ် သုံးသပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ဟာ အခုမှ ဘွားကနဲပေါ်လာတာမဟုတ်ဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၀၀)ကျော်ကတည်းက ရှေးဦးအင်္ဂလီကန်အသင်းတော်ရဲ့ဘိုးဘွားတွေကနေ တစ်ဆင့်ပြီးတစ်ဆင့် ရှိန်းကန်မှု၊ ဆက်ကပ်မှုများနဲ့တည်ဆောက်လာခဲ့ကြပါတယ်။ အဲဒီလိုတည်ဆောက်လာတဲ့အခါမှာ အတိုင်းအတာတစ်ခုအထိတော့ အောင်မြင်တိုးတက်ခြင်းရှိလာခဲ့သော်လည်း အင်္ဂလီကန်သွားတဲ့လမ်းကြောင်း၊ အသင်းတော်ရဲ့သဘောတရားတွေက ခပ်မြန်မြန်နဲ့စည်းလွတ်ဘောင်လွတ်ပြေးနေတဲ့သဘောတရားမရှိပါဘူး။ အဓိကကတော့ အင်္ဂလီကန်အသင်းတော်သည် စည်းလုံးညီညွတ်ခြင်းကိုဦးစားပေးတယ်။ နောက် . . တမန်တော်အဆက်ဆက်ကဆင်းသက်လာတဲ့သွန်သင်မှုများကိုလည်း ထိန်းသိမ်းခဲ့တယ်။ တစ်ခါတစ်ရံ အခြားဂိုဏ်းဂဏအသင်းတော်များနဲ့နှိုင်းယှဉ်ရင် အသင်းသားဦးရေတိုးပွားမှု၊ တိုးတက်ကြီးမားကျယ်ပြန့်မှုများမှာ နှေးတယ်လို့ထင်ရပေမယ့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) ကြီးကတော့ တဖြည်းဖြည်းနဲ့ သတိကြီးစွာ လျှောက်လှမ်းခဲ့တဲ့အတွက် သူ့ရဲ့အခြေခံအုတ်မြစ် (Foundation)၊ သူ့ရဲ့အနှစ်ကတော့ ခိုင်မြဲတယ်လို့ ယူဆပါတယ်။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်ရဲ့ လိုအပ်နေတဲ့အရာတစ်ခုကတော့ (ကျွန်တော့်တစ်ယောက်ရဲ့ခံယူချက်ကတော့) Wisdom ဆိုတဲ့ ဉာဏ်ပညာ ပါပဲ။ ကျန်တဲ့ ယုံကြည်မှုအပိုင်းနဲ့ အခြား ဝိညာဉ်ရေးပိုင်းဆိုင်ရာတို့မှာ လိုအပ်ချက်မရှိဘူးလို့တော့ ပြောလို့မရပါဘူး။ ကျွန်တော်တို့ ကျမ်းစာတွေကို အလွတ်မရွတ်နိုင်၊ တရားဒေဟာတာတွေကိုမကောင်းနိုင်ပေမယ့် ဧဝံဂေလိလုပ်ငန်းတွေကို အဆတစ်ရာ၊ အဆတစ်ထောင် ပွားအောင်မလုပ်နိုင်ပေမယ့်လို့ ကျွန်တော်တို့ရဲ့ယုံကြည်ခြင်းကို "Faith of Silence" လို့ခေါ်မလား၊ ငြိမ်ငြိမ်သက်သက်နဲ့ ပါးစပ်ကထုတ်မပြောပေမယ့် ကျွန်တော်တို့ရဲ့ယုံကြည်ခြင်းထုထည်က ခိုင်မြဲတယ်၊ ကြီးမားတယ်ဆိုတာကိုတော့ သတိထားမိပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့အားသာမှုအပိုင်းပေါ့။ အားနည်းမှုအပိုင်းကတော့ ဧဝံဂေလိလုပ်ဆောင်မှုအပိုင်းမှာ တစ်ခါတည်းကျယ်ပြန့်စွာထိုးဖောက်နိုင်အောင် အခုနကပြောတဲ့ Wisdom အများကြီး လိုအပ်နေသေးတယ်လို့ ယူဆမိပါတယ်။

S. ရှာလုမ်ပရိသတ်တွေ၊ အသင်းသူအသင်းသားတွေကို Bishop ပြောပြချင်တဲ့ ရင်တွင်းစကားလေးကို မြွက်ကြားပေးစေချင်ပါတယ်။

B. ရင်တွင်းစကားကတော့ ယုံကြည်မှုရဲရင့်မယ်၊ မျှော်လင့်မှု အားရှိမယ်၊ မေတ္တာရှိမှ ပြီးပြည့်စုံမယ်။ ဒါပါပဲ။

S. မအားမလပ်တဲ့ကြားက ရှာလုမ်ဝိုင်းတော်သားတွေကို အချိန်ပေးပြီး ဖြေကြားပေးသွားတဲ့အတွက် Bishop ကို အထူးကျေးဇူးတင်ပါတယ်။

B ကျွန်တော်လည်း အထူးပဲကျေးဇူးတင်ပါတယ်။❑

# H.C.T.C IN 2005-2006

## ACADEMIC YEAR

I. In this academic year, the college enrolls with (7) Faculty and (5) adjunct lectruers.

A. Faculty

1. Revd. Mark Saw Maung Doe - Principal
2. Revd. Dr. Simon Be Bin Htu - Vice Principal
3. Revd. Andrew Zaw Lwin - Lecturer
4. Revd. Reginald Bennett - Dean of Students
5. Revd. Dr. S' San Myat Shwe - Dean of Studies
6. Sayama Saga Hkawng Tawng - Lecturer
7. Sayama Daw Khin Swe Oo - Lecturer

B. Adjunct Lecturers

1. Sayagyi U Saw Aung Hla Htun
2. Sayama Grace Mee
3. Sayama May Mya Tun
4. Sayama Kareng Tawng
5. Sayama Daw Sheila Mya Mya Nyein

II. There are (48) Students. (23) femals and (25) males

A. Enrollment by Calss

| Year | Female | Male | Total |
|---|---|---|---|
| First Year | 4 | 7 | 11 |
| Second Year1 | 10 | 7 | 17 |
| Third Year | 9 | 9 | 18 |
| Final | - | 2 | 2 |

B. Enrollment by Diocese

Myitkyina - 5
Mandalay - 8
Taungoo - 11
Sittway - 3
Yangon - 15
Hpa-an - 6

C. 2004-2005 Graduates
B.Th - 19

III. Staff

A. Office

1. Tharamu Naw Mar Tha
2. Nant Thandar Win





B. Library

1. Thra Saw John Thet Lwin (Librarian)
2. Sayama Daw Wai Wai Myint (Assistant Librarian)
3. Naw Mercy
4. N Pre Nu

C. Others

1. U Saw Mya Thinn (Driver)
2. S' Aung Thein (Gardener / Driver)
3. Nant Yee Yee Win (Cook)

# ၂၀၀၅ – ၂၀၀၆ ပညာသင်နှစ်
# သင်တန်းသူ / သင်တန်းသားများ

| ပထမနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ ကျင်ဇဆွန် | မန္တလေး |
| ၂။ စောမာနယ်ထူး | မန္တလေး |
| ၃။ ထန်ခိုလွန်း | မန္တလေး |
| ၄။ အက်စတာလိန်ပီးနိမ် | မန္တလေး |
| ၅။ မော်နီကာလျင်နေကြောင် | မန္တလေး |
| ၆။ စောထိစိုး | တောင်ငူ |
| ၇။ နော်ကညောဖော | တောင်ငူ |
| ၈။ စောယာကုပ် | ဘားအံ |
| ၉။ စောသာဒူး | ဘားအံ |
| ၁၀။ စုကြည်မင်းစိုး | ရန်ကုန် |
| ၁၁။ ရှိစလင်းရိရိမော် | ရန်ကုန် |

| ဒုတိယနှစ် | သာသနာပိုင်နယ် |
|---|---|
| ၁။ ဆိုင်းနူးပန် | မြစ်ကြီးနား |
| ၂။ နော်ဂျူးနာ | မန္တလေး |
| ၃။ ဆလိုင်းဗယ်ဘမိန် | စစ်တွေ |
| ၄။ ဆလိုင်းဘူထန်ပိုင် | စစ်တွေ |
| ၅။ အွေ့လုဒိယာ | စစ်တွေ |
| ၆။ စောဘွယ်ဟီထူး | တောင်ငူ |
| ၇။ နော်လဲ့လဲ့ရွှေ | တောင်ငူ |


| | |
|---|---|
| ၈။ နော်ဆဲဂေဝါးဖော | တောင်ငူ |
| ၉။ စိုင်းနေအောင် | ရန်ကုန် |
| ၁၀။ စိုင်းသူအောင် | ရန်ကုန် |
| ၁၁။ ဖရန့်စစ်လောရင့် (စ်) | ရန်ကုန် |
| ၁၂။ စောမြတိုး | ရန်ကုန် |
| ၁၃။ မေရီစုစုမြိုင် | ရန်ကုန် |
| ၁၄။ စာရာဝင်းဝင်းမော် | ရန်ကုန် |
| ၁၅။ မိုင်အေးအေးသင်း | ရန်ကုန် |
| ၁၆။ နော်ရှိုင်းနင်းမွန်း | ရန်ကုန် |
| ၁၇။ ကက်သရင်းနှင်းနုထွေး | ရန်ကုန် |
| | ရန်ကုန် |

| တတိယနှစ် | |
|---|---|
| ၁။ ယောနနော်ဂျာ | သာသနာပိုင်နယ် |
| ၂။ ဒေးဗစ်လော့ဒ်အောင် | မြစ်ကြီးနား |
| ၃။ မာဂရက်မိုင်းရာ | မြစ်ကြီးနား |
| ၄။ အက်စတာလွမ်ရာ | မြစ်ကြီးနား |
| ၅။ ဂျိမ်းစ်ဟိန်းလတ်ရာဇာ | မြစ်ကြီးနား |
| ၆။ ရေချယ်တင်နီလှိုင် | မန္တလေး |
| ၇။ စောဘာမူး | မန္တလေး |
| ၈။ စောမိုးဇက်ကစိုထော | တောင်ငူ |
| ၉။ စောပန်းရွှေ | တောင်ငူ |
| ၁၀။ နော်လွင်သီတာမြင့် | တောင်ငူ |
| ၁၁။ နော်ခရစ္စတီးတကူဖော | တောင်ငူ |
| ၁၂။ စောခရစ္စတိုဖာကျော်ဒိုမူး | တောင်ငူ |
| ၁၃။ စောဒေါနေထူး | တောင်ငူ |
| ၁၄။ နော်ယွာဟေ | ဘားအံ |
| ၁၅။ စရဲထွဋ်အောင် | ဘားအံ |
| ၁၆။ မိုင်မေရီညွန့် | ဘားအံ |
| ၁၇။ မိုင်တင်မိုးလွင် | ရန်ကုန် |
| ၁၈။ နန့်ခက်ခိုင်ဦး | ရန်ကုန် |
| | ရန်ကုန် |
| | ရန်ကုန် |

| စတုတ္ထနှစ် | |
|---|---|
| ၁။ စောစိုးပိုင်အေး | သာသနာပိုင်နယ် |
| ၂။ စောဆိုဂေမူး | တောင်ငူ |
| | ဘားအံ |








# ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူး ကိုဖီအာနန် စိန်ပေါကသီဒြယ်၌

## ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြား

လန်ဒန်မြို့၊ စိန်ပေါကသီဒြယ်၌ ကုလသမဂ္ဂအတွင်းရေးမှူး ကိုဖီအာနန် သည် ဂျီ ၈ (G8) အစည်းအဝေးပြုလုပ်သည့်ညနေခင်းတွင် လူ ၂၅၀၀ ရှေ့၌ မိန့်ခွန်းပြောကြားခဲ့သည်။ ဤအစီအစဉ်၌ လန်ဒန်မြို့ သာသနာပိုင်ရစ်ချက်ချာတာ (Richard Chartres) Exchequer ၏သဘာပတိ ဂေါ်တွင်ဘရောင်းတို့က ဂျီ ၈ (G8) အဖွဲ့အား တွန်းအားပေးသည့်အနေဖြင့် ဆင်းရဲမွဲတေမှုနှင့်ပတ်သက်၍ တင်ဆက်ခြင်းတစ်ခုကို ပြုလုပ်ခဲ့သည်။ ကသီဒြယ်တွင် လာရောက်ကြသော ပြည်သူများ ဆင်းရဲမှုအတွက် စာနာမှု၊ ကရုဏာသက်မှုများအပြည့်ဖြင့် နားထောင်ကြသည်။ အာနန် က ယခုကဲ့သို့ ကသီဒြယ်ရှိအခြေအနေမျိုးသည် ကောင်းကင်နိုင်ငံတမျှပင်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ခရစ်တော်၏စိတ်သဘောထားများဖြစ်သည့် စာနာခြင်း၊ ကရုဏာသက်ခြင်း စသည့် စိတ်နေသဘောထားများကို လူထုအတွင်း၌တွေ့ရှိရခြင်းကြောင့် ဖြစ်ကြောင်း အစပြု မိန့်ခွန်းပြောကြားခဲ့သည်။ ထို့ပြင် မစ္စတာအာနန်က ရာစုနှစ်သစ် ကမ္ဘာ့တိုးတက်ဖွံ့ဖြိုးရေး စီမံချက်၏ဦးတည်ချက်၊ ပန်းတိုင်များကို ရှင်းလင်းတင်ပြခဲ့သည်။ ကုလသမဂ္ဂခေါင်းဆောင်က လွန်ခဲ့သောနှစ်ပေါင်း ၁၅နှစ်ခန့်က ကမ္ဘာ့ဆင်းရဲမှုအခြေအနေသည် အဆိုးဆုံးသို့ရောက်ခဲ့ကြောင်း၊ အထူးသဖြင့် အာရှတိုက်၌ဖြစ်ကြောင်း၊ ဆင်းရဲသည့်နိုင်ငံများသည် ပို၍ဆင်းရဲလာကြောင်း၊ ကမ္ဘာ့လူဦးရေသန်းတစ်ထောင်ခန့်သည် အလွန်ဆိုးရွားသောဆင်းရဲမွဲတေမှုကိုခံစားနေရကြောင်း သတိပေးပြောကြားခဲ့သည်။

သာသနာပိုင် ချာတာက Make Poverty History Campaign ၏အရေးပါမှုအကြောင်းကို အသားပေး၍ပြောကြားခဲ့သည်။ သာသနာပိုင်က ဤ Campaign သည် ဝိညာဉ်ရေးခရီးစဉ်တစ်ခုဖြစ်ပြီး၊ လက်ရှိသက်တောင့်သက်သာနေရသည့်အနေအထားမှ ထွက်ခွာ၍ ဆင်းရဲဒုက္ခခံစားနေရသည့် ညီအစ်ကိုမောင်နှမများနှင့်အတူတကွ မျှဝေခံစားခြင်းဖြစ်သည်ဟု ရှင်းပြခဲ့သည်။ ထိုသူများသည် ဆင်းရဲသူများဖြစ်ကောင်းဖြစ်မည်ဖြစ်သော်လည်း အမှန်တကယ်မှာ ကျွန်ုပ်တို့အား သင်ကြားပေးနေသူများဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဤအစီအစဉ်သည် အောင်မြင်မှုရရှိခဲ့ပြီး ရှင်ပေါလုကသီဒြယ်မှ ကမကထပြုလုပ်ခဲ့ခြင်းဖြစ်သည်။




# ဆင်းရဲမွဲတေမှုအတွက် အသင်းတော်ခေါင်းဆောင်များ တက်ကြွစွာလုပ်ဆောင်ကြရန် လင်းဘတ်နန်းတော်မှနှိုးဆော်

လင်းဘတ်နန်းတော်၌ သာသနာပိုင်ချုပ်ကြီး ရိုဝမ်ဝီလီယမ်က လက်ခံပြုလုပ်ကျင်းပသော အစည်းအဝေး၌ သာသနာပိုင်ကြီးက အပိတ်မိန့်ခွန်းပြောကြားရာတွင် ယနေ့အချိန်အခါသည် နေ့စဉ်ကမ္ဘာကြီးတွင် ကလေးငယ်ပေါင်း ၃၀၀၀၀၀ ခန့် ဆင်းရဲမွဲတေမှုကြောင့် သေဆုံးရခြင်းကိုလျစ်လျူရှုနေသည့် အကျင့်စရိုက်များအတွက် နေရာမရှိတော့ကြောင်း ပြောကြားခဲ့သည်။ အငယ်ဆုံးသောသူကိုပြုခြင်းသည် ခရစ်တော်အား ကူညီမစခြင်းဖြစ်သည်ဟု သမ္မာကျမ်းကသွန်သင်ကြောင်း၊ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံကို ခရစ်တော်တရားစီရင်ရာတွင် အငယ်ဆုံးသောသူ၊ အဆင်းရဲဆုံးသောသူကိုပြုခဲ့သည့်၊ ကူညီမစခဲ့သည့်အရာများအရ တရားစီရင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မိန့်ခွန်း၏ အဓိကအချက်မှာ ဂျီ ၈ အဖွဲ့ဝင်များက ဆင်းရဲမွဲတေမှုကိုတိုက်ဖျက်ရန်အတွက် အခြေအနေများအား ပြောင်းလဲရန်အတွက် အားထုတ်လုပ်ဆောင်မည့်ခေါင်းဆောင်များမွေးထုတ်ပေးရန်တိုက်တွန်းခဲ့သည်။ ဤသို့ မွေးထုတ်ပေးနိုင်ရန်အတွက် အရင်းအမြစ်အား ထောက်ပံ့ပေးရမည်ဖြစ်ကြောင်းတိုက်တွန်းခြင်း၊ စိန်ခေါ်ခြင်းဝင်ဖြစ်သည်။ ထို့ပြင် သာသနာပိုင်ချုပ်ကြီးက ဆင်းရဲမွဲတေမှုများအားတိုက်ဖျက်ခြင်းသည် သားစဉ်မြေးဆက်လုပ်ဆောင်ရမည့်အလုပ်ပင်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ သို့ဖြစ်ရာ ယခုအချိန်မှစ၍ လူငယ်များအား စိတ်ဓါတ်ရေးရာအရ သွန်သင်ထားရန်၊ မြှင့်တင်ပေးရန်လိုကြောင်းလည်း ပြောကြားခဲ့သည်။

သာသနာပိုင်ကြီးက နေ့စဉ်ကလေးငယ်ပေါင်း ၃၀၀၀၀၀ သေဆုံးမှု၏အကြောင်းအရင်းအား "အသံတိတ် ဆူနာမီ" ဟုတင်စားခေါ်ဝေါ်ခဲ့သည်။ ထို့ပြင် သာသနာပိုင်ကြီးက အင်္ဂလိပ်နွားတစ်ကောင်အား တစ်နှစ်တာမွေးမြူစရိတ်သည် အာဖရိကန်တစ်ယောက်၏ နှစ်စဉ်ဝင်ငွေထက်ပင် ပို၍များသည့်အချက်ကို ထောက်ပြခဲ့သည်။ ဆင်းရဲမွဲတေမှုသည် ကျွန်စနစ်အသစ်ပင်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ သို့ဖြစ်၍ ယခုရှိနေကြသောလူများသည် ဤဆင်းရဲမွဲနေမှုကို တိုက်ဖျက်ရန်အတွက် ကိရိယာတန်ဆာပလာများဖြစ်သည်ကို သတိရရန်လိုအပ်ကြောင်းနှင့် ကျွန်ုပ်တို့သည် ဆင်းရဲမွဲတေမှုကိုတိုက်ဖျက်ရန်အတွက် စောင့်စားနေကြသူများပင်ဖြစ်သည်ဟု အပိတ်မိန့်ခွန်းပြောကြားခဲ့သည်။





# ပုပ်ရဟန်းမင်းကြီးဂျွန်ပေါအား

## ကမ္ဘာတစ်ဝှမ်းရှိ အင်္ဂလီကန်အသင်းတော်မှဂုဏ်တင်၊ ဂုဏ်မြှောက်သဝဏ်လွှာများပေးပို့

ကမ္ဘာတစ်ဝှမ်းရှိ အင်္ဂလီကန်အသင်းတော်မှ သာသနာပိုင်များ၊ သာသနာပိုင်နယ်၏တာဝန်ရှိသူများမှ ပျံလွန်သွားပြီဖြစ်သော ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါ-၂ အား ဂုဏ်ပြုသဝဏ်လွှာများပေးပို့ခဲ့ကြသည်။ ပုပ်ရဟန်းမင်းကြီးသည် ရောမကာသိုလိတ်၊ အင်္ဂလီကန်တို့၏ ချစ်ကြည်ညီညွတ်ရေးအတွက် အဓိကတွန်းအားဖြစ်ခဲ့ပြီး၊ သာသနာပိုင်ချုပ်ကြီး ရိုဝမ်ဝီလီယမ်နှင့်လည်း အလွန်သင့်မြတ်ချစ်ခင်ခဲ့ကြသည်။ သာသနာပိုင်ချုပ်ကြီးရိုဝမ်သည် ပုပ်ရဟန်းမင်းကြီး၏ ဈာပနသို့ တက်ရောက်ခဲ့သည်။ ပုပ်ရဟန်းမင်းကြီး၏ဈာပနသို့ ပထမဆုံး တက်ရောက်ခဲ့သော သာသနာပိုင်ချုပ်ကြီးအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ထို့ပြင် အင်္ဂလီကန်သဟာယနယ်၏ကိုယ်စားအဖြစ် အတွင်းရေးမှူးကင်နွန် ကက်နက်ကီယွန်၊ တစ်လုံးတစ်ဝတည်းကောင်စီ၏ ညွှန်ကြားရေးမှူးချုပ်သာသနာပိုင်ဂျွန်ဖလက်တို့တက်ရောက်ခဲ့သည်။

# အင်္ဂလီကန်သဟာယနယ်အတွက် အထွေထွေအတွင်းရေးမှူးအသစ်ရွေးချယ်

လန်ဒန်မြို့၊ စိန့်အန်ဒြူးဘုရားဝတ်ပြုဆောင်၌ ဇန်နဝါရီလ ၁၈၊ ၂၀၀၅ တွင် ကင်နွန်ကက်နက်ကီယွန်အား အင်္ဂလီကန်သဟာယနယ်၏ အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်လိုက်ခြင်းသည် အင်္ဂလီကန်သဟာယနယ်အတွက် သမိုင်းသစ်ဖွင့်လှစ်လိုက်ခြင်းပင် ဖြစ်သည်။ သာသနာပိုင်ချုပ်ကြီး ရိုဝမ်က ဤအခမ်းအနား၌ တရားဒေသနာ တိုက်ကျွေးခဲ့ပြီး သဟာယနယ်၏အတွင်းရေးမှူးသစ်အဖြစ် ကင်နွန်ကက်က်ကီယွန်အား ခန့်အပ်ခဲ့သည်။ သာသနာပိုင်ချုပ်ကြီးက တရားဒေသနာ၌ အထွေထွေအတွင်းရေးမှူးအသစ်ဖြစ်သူ ကင်နွန်ကက်နက်ကီယွန်အတွက် စိန်ခေါ်မှုသစ်များစောင့်ကြိုနေကြောင်း၊ သဟာယနယ်၏ ဝိသေသအား ဆက်လက်ထိန်းသိမ်းသွားနိုင်ရန်မှာ ကင်နွန်ကက်နက်ကီယွန်အပေါ်တွင် များစွာမူတည်ကြောင်း ထည့်သွင်း ဟောပြောခဲ့သည်။ ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝတည်း စုစည်းထားကြောင်း၊ အကြောင်းမှာကျွန်ုပ်တို့သည် ခရစ်တော်၌ တစ်လုံးတစ်ဝတည်းဖြစ်နေ၍ဖြစ်ကြောင်း၊ ယုံကြည်ခြင်းတစ်မျိုး၊ ခေါ်တော်မူခြင်းတစ်မျိုးတည်း အောက်၌ စုစည်းနေကြကြောင်း ဟောပြောခဲ့သည်။ သဟာယနယ်အနေဖြင့် ကျွန်ုပ်တို့မည်သို့တစ်လုံးတစ်ဝတည်းစုစည်းနေကြောင်းကိုသိရှိရန်ထက် ပို၍အရေးကြီးသောအကြောင်းအရာ မရှိကြောင်းကိုလည်း ထည့်သွင်းဟောပြောခဲ့သည်။❑

(Anglican Communion News Service)
www. anglican communion.org

# အသင်းတော်ရှင်သန်တိုးတက်ရေးတွင် အခြေခံဘုန်းကြီးပိုင်နယ်များ၏ကဏ္ဍ

ဦးအောင်လှထွန်း
(အကျိုးဆောင်)
မဓမ္မကထိက
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
ရန်ကုန်မြို့

အသင်းတော်၏အခြေခံအုတ်မြစ်

အသင်းတော်သည် ခရစ်တော်ကိုယုံကြည်သူများ စုပေါင်း၍ ဖွဲ့စည်းထားသောအဖွဲ့အစည်းတစ်ခုဖြစ်၏။ ခရစ်တော်၏ ကိုယ်ခန္ဓာလည်းဖြစ်၍ ယုံကြည်သူများသည် ဤကိုယ်ခန္ဓာ၏အစိတ်အပိုင်းများ ဖြစ်ကြ၏။ ယနေ့ ယုံကြည်သူများထဲတွင် အချိန်ပြည့်အမှုတော်ဆောင်သည့် သံယာဆရာများ၊ ဓမ္မအမှုတော်ဆောင်များ၊ အချိန်ပိုင်းနှင့် စေတနာ့ဝန်ထမ်းအမှုတော်ဆောင်များ၊ ဘုရားကျောင်းမှန်မှန်တက်ပြီး အသင်းတော်ကိုစွာအဝဝ ကူညီဆောင်ရွက်သူများနှင့်မကူညီသူများ၊ ဘုရားကျောင်းမှန်မှန်မတက်သူများ၊ အသင်းတော်နှင့်ကင်းကွာနေသူများတို့လည်း ပါဝင်ပေသည်။

သာသနာပိုင်နယ်တစ်ခုကိုဖွဲ့စည်းရာတွင် အခြေခံယူနစ်သည် ဘုန်းတော်ကြီးပိုင်နယ်များပင်ဖြစ်၏။ ထို့ကြောင့် အခြေခံဘုန်းတော်ကြီးပိုင်နယ်များ ရှင်သန်တိုးတက်လာမှသာ သာသနာပိုင်နယ်တစ်ခုလုံး ရှင်သန်တိုးတက်လာမည်ဖြစ်၏။ ထို့နည်းတူ အခြေခံဘုန်းကြီးပိုင်နယ်တစ်ခု တိုးတက်ရှင်သန်လာရန်အတွက် အသင်းသူ၊ အသင်းသားတိုင်း မိမိတို့ကျရာနေရာမှ ဘုရားသခင်ကချပေးထားသောဆုကျေးဇူးနှင့်အညီ အသင်းတော်လုပ်ငန်းတွင် စိတ်အားထက်သန်စွာ ပါဝင်အမှုတော်ဆောင်ကြရမည်ဖြစ်၏။ ထို့ကြောင့်လည်း သမ္မာကျမ်းစာထဲတွင် "ယုံကြည်သူတိုင်းသည် ဘုရားသခင်၏အမှုတော်ဆောင်များဖြစ်ကြသည်။" (၁ပေ ၂း၉) ဟု ဖော်ပြထားခြင်းဖြစ်၏။ အသင်းသူ၊ အသင်းသားတိုင်း ဘုရားသခင်၏အမှုတော်ကို ဆောင်ခြင်း ပြုလာကြရန် အမှုတော်ဆောင်နိုင်ကြရန်၊ ဆောင်လိုသောစိတ်ဆန္ဒများ နိုးကြားလာရန်၊ ဘုန်းကြီးပိုင်နယ်ရှိ သံယာဆရာနှင့်ခေါင်းဆောင်များက လိုအပ်သောနှိုးဆော်မှု၊ ပြင်ဆင်မှု၊ တပ်ဆင်မှုတို့ကိုပြုလုပ်ပြီး ယုံကြည်စွာ တာဝန်ပေးအပ်၍ အသင်းတော်တွင် တာဝန်ရှိသူများနှင့်လက်တွဲကာ အမှုတော်ဆောင်ရန်အတွက် အခွင့်အလမ်းများ ဖန်တီးပေးရမည်ဖြစ်၏။





လုပ်ကွင်းမှအင်အားစုအဖြစ်သို့

ဘုန်းကြီးပိုင်နယ်များသည် ယုံကြည်သူအသင်းသူ၊ အသင်းသားများစုရုံးလာရောက်၍ လုပ်ငန်းများကိုလုပ်ကိုင်သည့် လုပ်ကွက်၊ လုပ်ကွင်းတစ်ခုနှင့်တူ၏။ စိုက်ပျိုးသူများသည် မိမိတို့၏လုပ်ကွက်၊ လုပ်ကွင်း ကောင်းမွန်ပြီး တိုးတက်ရှင်သန်လာရန်အတွက် မှန်မှန်သွားရောက်၍ ပြုစုပျိုးထောင်ခြင်းကို ပြုလုပ်ကြရ၏။ ဤအလုပ်သည် တစ်ပတ်တစ်ခါသွားလုပ်ရုံနှင့်မပြီး၊ နေ့စဉ်ရက်ဆက် မှန်မှန်သွားရောက်၍ ထွန်ယက်ခြင်း၊ ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်း၊ ပေါင်းရှင်းခြင်း၊ မြေဩဇာကျွေးခြင်း၊ လိုအပ်ပါက ပိုးသတ်ဆေးကိုဖြန်းခြင်းပြုမှသာ လုပ်ကွင်းမှသီးနှံအထွက်ကောင်းသကဲ့သို့ လုပ်ကွင်းနှင့်တူသော အသင်းတော်တွင်လည်း ယုံကြည်သူများသည် ဘုရားကျောင်းသို့ တစ်ခါတစ်ရံသွားရောက်ခြင်း၊ တနင်္ဂနွေနေ့၌ဝတ်ပြုရန်သက်သက်သာ တစ်ပတ်တစ်ခါသွားရောက်ခြင်းမျှဖြင့် အသင်းတော်သည် ရှင်သန်တိုးတက်မည်မဟုတ်ပေ။ ယုံကြည်သူများသည် မိမိတို့သက်ဆိုင်ရာ ဘုန်းကြီးပိုင်နယ်အနေနှင့် လုပ်ကိုင်ရန် အမှန်တကယ်လုပ်ရန်လိုအပ်သော စုပေါင်းဝတ်ပြုကိုးကွယ်ခြင်း၊ သင်ကြားလေ့လာခြင်း၊ အချင်းချင်းမိတ်သဟာယပြုခြင်း၊ အပြန်အလှန်ကူညီမစခြင်းနှင့် မိမိပတ်ဝန်းကျင်၌သော်လည်းကောင်း၊ စေလွှတ်ရာနေရာသို့သွားရောက်၍သော်လည်းကောင်း၊ ခရစ်တော်၏ ဝမ်းမြောက်ဖွယ်သတင်းကောင်းကို ဝေမျှသက်သေခံခြင်း၊ လက်တွေ့အသက်ရှင်နေထိုင်ပြသခြင်းဖြင့် ဘုန်းတော်ကြီး၊ အသင်းတော်ခေါင်းဆောင်များနှင့် လက်တွဲလုပ်ဆောင်မှသာ အသင်းတော် ရှင်သန်တိုးတက်လာမည်ဖြစ်၏။

ထို့ကြောင့် မိမိတို့၏လုပ်ကွင်းထဲ၌သာ တာဝန်ကျေလုပ်ဆောင်ပြီး ကျေနပ်၍မနေသင့်ပေ။ ဘုန်းကြီးပိုင်နယ်အသင်းတော်တိုင်းသည် မိမိတို့လုပ်ကွင်းမှ တစ်နေ့ထက်တစ်နေ့ အသီးအပွင့်များ အထွက်တိုး၍ ပိုလျှံလာအောင် အစဉ်တစိုက် ကြိုးစားလုပ်ဆောင်ပြီး မိမိတို့၏အားထုတ်မှုကြောင့် ပိုလျှံလာသောဆုကျေးဇူးများကို ရင်ဝယ်ပိုက်ပြီး လုပ်ကွင်း၏အပြင်သို့ထွက်ကာ ခရစ်တော်၏ကိုယ်စားလှယ်များအဖြစ် ကမ္ဘာလောကကြီးအတွင်းသို့သွားရောက်ကာ ဝမ်းမြောက်ဖွယ်ရာ

**တနင်္ဂနွေနေ့၌**
**ဝတ်ပြုရန်သက်သက်သာ**
**တစ်ပတ်တစ်ခါသွားရောက်ခြင်းမျှဖြင့်**
**အသင်းတော်သည်**
**ရှင်သန်တိုးတက်မည်မဟုတ်ပေ။**



သတင်းကောင်းကိုသယ်ဆောင်သွားသည့် အင်အားစုများလည်း ဖြစ်ရန်လိုအပ်ပေသည်။ လောကကိုအလှဆင်သူများလည်း ဖြစ် အပ်ပေသည်။

ထို့ကြောင့် ဘုန်းကြီးပိုင်နယ်တိုင်းတွင် အသင်းဝင်များတို့အား မိမိတို့၏လုပ်ကွင်းထဲတွင် ထိရောက်စွာ ပါဝင်လုပ်ကိုင်နိုင်ရန်အတွက် အသင်းသူ/အသင်းသားများအား အစဉ်တစိုက် သင်ကြားလေ့ကျင့်ပေးခြင်း၊ အမှုတော်ဆောင်ရန်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ တတ်သိနားလည်သူများနှင့် လက်တွဲအမှုတော်ဆောင်စေခြင်းအားဖြင့် လုပ်ကွင်းပြင်ပသို့ထွက်ကာ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို လက်တွေ့ပြသသောအင်အားစုအဖြစ်သို့ရောက်အောင် လုပ်ဆောင်ပေးရန် လိုအပ်ပေသည်။ သို့မှသာ အသင်းတော်သည် ရှင်သန်တိုးတက်၍ အရွယ်ရောက်သော အသင်းတော်အဖြစ်သို့ ရောက်ရှိလာမည်ဖြစ်ပေသည်။

ဘုန်းကြီးပိုင်နယ်များနှင့် အသင်းတော်ရှင်သန်တိုးတက်ရေးစီမံချက်

ယနေ့ ရန်ကုန်သာသနာပိုင်နယ်၏ ရည်မှန်းချက် ပန်းတိုင်သည် လာမည့် (ခသ ၂၀၂၀) ခုနှစ် ရောက်သောအချိန်သည် အရွယ်ရောက်သောအသင်းတော်၊ တစ်နည်းဆိုသော် အဘက်ဘက်မှ ကိုယ်တိုင်ရပ်တည်နိုင်၍အခြားသူများကိုလည်း ဝေငှပေးကမ်း၊ ကူညီနိုင်သောအသင်းတော်အဖြစ်သို့ရောက်ရန် ဖြစ်ပေသည်။

ထို့ကြောင့် ရန်ကုန်သာသနာပိုင်နယ်သည် သာသနာ့လွှတ်တော်၏ဆုံးဖြတ်ချက်ဖြင့် ၂၀၀၃ ခုနှစ်မှစ၍ အသင်းတော်ရှင်သန်တိုးတက်ရေး (၁၈)နှစ် စီမံကိန်းကို ချမှတ်၍ အကောင်အထည်ဖော်ခဲ့၏။ ဤစီမံကိန်းတွင် ကာလ (၃) ပိုင်းကိုခွဲထားရာ ပထမ (၃) နှစ်ကာလသည် ယခု (၂၀၀၅) ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီအနေနှင့် လုပ်ငန်းညှိနှိုင်းရေးမှူးတစ်ဦးအား တာဝန်ပေး၍ လက်တွဲလုပ်ဆောင်နေမှုကြောင့် အရှိန်ရစပြုနေပြီဖြစ်၏။ လာမည့် (၅) နှစ် (၂၀၀၆-၂၀၁၀) တွင် အသင်းတော်အတွင်း သာသနာပြုစုပျိုးထောင်ခြင်းကို ဇောက်ချ၍ လုပ်ဆောင်ရန် ရည်မှန်းထား၏။ ဤရည်မှန်းချက်အောင်မြင်ရန် သာသနာပြုစုပျိုးထောင်ခြင်းပြုရာ၌ အချင်းချင်း အပြန်အလှန်ရိုင်းပင်းကူညီရန်လိုအပ်၏။ သို့မှသာ တတိယကာလ (၁၀) နှစ် (၂၀၁၁-၂၀၂၀) တွင် ရည်မှန်းထားသည့်အတိုင်း အရွယ်ရောက်သောအသင်းတော်အဖြစ်သို့ ရောက်ရှိလာမည်ဖြစ်၏။


စီမံကိန်းကို အကောင်အထည်ဖော်ရာတွင်လည်း (၁) ဘုန်းတော်ကြီးကဏ္ဍ၊ (၂) တပည့်တော်ကဏ္ဍ၊ (၃) ဝိညာဉ်ရေးကိုယ်ကျင့်တရားကဏ္ဍ၊ (၄) သာသနာပြုစုပျိုးထောင်ရေးနှင့် ဝမ်းမြောက်ဖွယ်သတင်းကောင်းကဏ္ဍ၊ (၅) ဓမ္မပညာကဏ္ဍ၊ (၆) အုပ်ချုပ်ရေးကဏ္ဍ၊ (၇) ဘဏ္ဍာရေးကဏ္ဍ ဟူ၍သတ်မှတ်ပြီး အကောင်အထည်ဖော်လျက်ရှိ၏။

အပြန်အလှန်ရိုင်းပင်းကူညီကြ

ထို့ကြောင့် စီမံချက်အရ ယခုလာမည့် (၂၀၀၆) ခုနှစ်မှစ၍ (၅) နှစ်တိုင်အသင်းတော်အတွင်း သာသနာပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို အဓိက ရည်မှန်းချက်ထား၍ စတင်လုပ်ဆောင်တော့မည်ဖြစ်ရာ ရန်ကုန်သာသနာပိုင်နယ်တစ်ခုလုံး တပြေးညီ ရှင်သန်တိုးတက်မှုရှိရန်အတွက် အခြေခံဘုန်းကြီးပိုင်နယ်တိုင်းတွင် မိမိတို့ခွန်အားရှိသမျှ သာသနာပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ကြပြီး ခွန်အားရှိသောဘုန်းကြီးပိုင်နယ်များက ခွန်အားနည်းသောဘုန်းကြီးပိုင်နယ်များကို အားပေးခြင်း၊ လက်တွဲခေါ်ဆောင်ခြင်း၊ လိုအပ်သောအကူအညီများကို ဝေငှပေးကမ်းခြင်း၊ အပြန်အလှန်ဝိုင်းဝန်းလုပ်ဆောင်ခြင်း (Mission in the Church by Co-Operation) တို့ကို ပြုလုပ်ကြမည်ဆိုပါက ရန်ကုန်သာသနာပိုင်နယ်သည် မျှော်မှန်းထားသည့်ကာလအတွင်း တိုးတက်ရှင်သန်လာပြီး အရွယ်ရောက်သောအသင်းတော်အဖြစ်သို့ ဧကန်အမှန်ပင် ရောက်ရှိလာပေလိမ့်မည်။ ❑







# ဘုရားဆန္ဒ


ပ ရ တ် လုံ း

မြင်ရမမြင်ရ အရာခပ်သိမ်း
ဖန်ဆင်းကြည့်ရှု ထိန်းချုပ်ထားတဲ့
ခမည်းတော်ဘုရား။

ရင်ခွင်ကျယ်ဟ အချစ်တွေပြ
ပြစ်သားများအား သက်စွန့်ကယ်တဲ့
ခရစ်တော် သားတော်ဘုရား။

တွင်းမှာကိန်းအောင်း သွန်သင်လမ်းပြ
ကောင်းမကောင်းကို ညွှန်ကာပြတဲ့
ဝိညာဉ်တော်ဘုရား။

သုံးပါးတစ်ဆူ ဘုရားဆန္ဒ
သူ့ကိုသိရန် ချစ်ရန်မက
အစေခံအသက်ရှင်ရန်တည်း။



# အမေပေးတဲ့ကောင်းကင်

ည

အရှင်းသန့်ဆုံးသွေးတစ်စက်နဲ့
တည်ငြိမ်စွာငုံ့နမ်း
ဖြူသောနေ့တွေဖန်ဆင်းပြီး
ပင်လယ်ကိုတောင်
အမိန့်ပေးနိုင်တယ် . . . ။

လေပွေရိုင်းတွေကဦးညွတ်
ပူရှသွေ့ခြောက်တဲ့
ကျွန်တော်ရဲ့ကန္တာရမှာ
တိမ်တစ်တိုက်ပင်မက
ငြိမ်းချမ်းရေးမိုးစက်တွေ
အဖြိုင်ဖြိုင်သွန်ချပေါ့ . . . ။

ရင်ကော့လို့ခေါင်းမော့မယ် အမေ . . .
ကျယ်ပြောတဲ့မေတ္တာတွေဖက်ရင်းနဲ့ . . .

သက္ကရာဇ်တွေပြိုပျက်ချိန်
တောင်တန်းတွေငိုကြွေးကြလည်း
နှလုံးသွေးတွေ ရှင်သန်စီးဆင်းရင်း
ကြည်ပြာရောင် အဲဒီကောင်းကင်အောက်မှာ
ကျွန်တော် . . . လုံခြုံပါတယ် အမေ . . . ။





# ကျောင်းသူကျောင်းသားများတို့

မောင်ပေါက်စည် (မန်းတက္ကသိုလ်)
ရန်ကုန်

■ ဟိုးရှေးကဆူဆူညံ
ကွာယာသံတွဲ့တွဲ့လေး
စုပေါင်းသံစဉ်ရွတ်
ဝတ်တက်သံတေး ။ ။

■ နံနက်တုံးခေါက်
အလင်းရောက်သော်
သံပျောက်ဆိတ်ငြိမ်
အိခြေ့စီတန်း
ကမ္ဘဌာန်းကျင့်စဉ် ကျင့်ရသတည်း ။ ။

■ ဝတ်လုံဖြူ ဝတ်ဆင်လှ
ဆင်ယဉ်မ လျှောက်သလို
မျက်နှာကမပိုမလို
ပိုမိုမယ့်စကား ။ ။


■ ကျောင်းတော်က ပြန်ကာထွက်
စွမ်းထက်တအား ။ ။

■ က ကာ ကိ ကီ
စာမစီ
အ အာ အိ အီ
မတူညီတဲ့စာသင်ခန်း ။ ။

■ ဓမ္မသစ်စာအံ
ဓမ္မဟောင်းပြန်လှန်၍
ကြံစည်တွေးတော
မမောနိုင်မပန်းနိုင်
တစ်တိုင်သွား နှစ်တိုင်လာ
မေတ္တာရှာ သစ္စာဖွင့်
ထပ်ဆင့်လို့လှမ်း ။ ။

■ ဩ . . .
ညရောင်မီးမှိန်
နေဝင်ချိန်၌
အိမ်ကိုလွမ်းရ
ဆွတ်မောလှလည်း
ငါ့ဝမ်းမပူ
လူသူတိတ်ဆိတ်
မီးတမှိတ်တွင်
တိတ်တိတ်ကလေးဆုတောင်းမည် ။

■ ရောင်နီတစ်မျှင်
ပေါ်ထွက်လျှင်
"အာမင်" သုံးကြိမ်ဆိုကြစို့ ။ ။



## နေမဝင်ည

စောမုတ်ဆိတ် (ကေတု)

အမျက်ဒေါသတွေဟာ
အသွေးအသားထဲမှာ
ငြိမ်းသတ်လို့မရအောင်ကို
ပိုးစိုးပက်စက်တောက်လောင်နေလို့
အဲဒီနေ့ညက
ကျွပ် . . . ဘယ်လိုမှ
အိပ်လို့မရခဲ့ဘူး . . .။
(အခြေပြုကျမ်းချက်။ ။ ဧဖက် ၄း၂၇)







## ကိုယ်တော့်အတွက်

K.B.May

ကိုယ်တော့်နောက်လိုက်ဖို့
ဆုံးဖြတ်ချက်ချ အစေတော်ခံဘဝကို
ပေးဆပ်ခြင်းနဲ့စခဲ့တယ်။

ကျွန်တော့်၏အသည်းဘဝင်
စူးစူးနစ်နစ် ချစ်နေရသူလည်း
စွန့်ပစ်ကာပြေး မုန်းမေ့ပါစေ။

အတိတ်ကဖြစ်ချင်တာ
လိုအပ်ဆန္ဒ မှန်သမျှလည်း
မပိုင်ဆိုင်ရလည်းနေပါစေလေ။

ရှုပ်ထွေးလွန်းတဲ့ ဒီလောကမှာ
အသက်တစ်မျှင် ရှိနေချိန်တွင်းမှာ
အရှုံးများထဲမှ အရှုံးတွေနဲ့ထပ်

လူတွေရဲ့ရှေ့မှာ
အရှုံးသမားကြီးဖြစ်နေပါစေ
ခန္ဓာတည်သရွေ့ အချိန်တိုင်းမှာ
ကိုယ်တော့်အတွက်ပေးဆပ်ရင်းနဲ့
ဆက်လက်အစေခံပါရစေ။



# ကာရန်

၂ နငယ်တူ

ကျောင်းသူကျောင်းသားအပေါင်းတို့လေး
"ဝေလေလေ . . ."
နောင်တစ်ခေတ်မှာ
သာသနာရောင် ထွန်းလင်းပြောင်ဖို့
နာခံ၊ ငြိုးခြံ၊ စင်ကြယ်
စည်းသုံးခုကိုလိုက်နာ
ကြိုးစားနိုးကြားစွမ်းပကားထုတ်လို့ရယ်
ပညာရည်နို့သောက်စို့လေး
"ဝေလေလေ . . ."

ခေတ်အပြောင်းလူအလှည့်
ပုခုံးပြောင်းချိန်ဝယ် . . .။
အမှုတော်ဆောင်ကောင်းအပေါင်းတို့လေ
"ဝေလေလေ . . ."
လက်ရှိသာသနာတိုးတက်နိုင်ဖို့
ဗွဲ၊ လုံ့လ၊ ဝီရိယ
အပြည့်ထုတ်လို့
ကိုယ်ကျိုးမဖက်သာသနာအတွက်
လုပ်ဆောင်ကြစို့လေး
"ဝေလေလေ . . ."





# ဝိညာဉ်တစ်စုရဲ့စာချွန်လွှာ

စာပန်းချီ




ချူတံလွဲတဲ့ စကားလုံးတွေ
အစဉ်အလာလွယ်အိတ်ထဲ ထုပ်ပိုးလျက်
ကျောခင်းထားတဲ့ အရုဏ်ဦးမှာ
တရားပေါက်ဖို့ ခရီးထွက်ခဲ့တယ်

ပျောက်ဆုံးတဲ့ဝိညာဉ်တွေကို ဝါးမြိုဖို့
အရောင်စုံတဲ့ခေတ်အတောင်ပံမှာ
လေးလံတဲပုံစံခွက်တွေ တိုးလို့တွဲလောင်း
အမောဖောက် သံစဉ်အိုဝိညာဉ်သီချင်းနဲ့
လျှော့လျှော့ရဲရဲ
နာရီပျို့တွေကို ဘောင်ခတ်ကပြနေ

ခံစားဖို့ကောင်းတဲ့ခေတ်ကြီးမှာ
သူညတို့ရဲ့တရားဘုံကို
သုခဘာဝနဲ့ ခိုဝင်ဖို့တော့ဝေးလေစွ
ဈာန်လျှောမတတ်
ယှဉ်မနိုင်မာန်လျှော့လို့
ခရီးရောက်ဖို့ခက်ခဲတယ်။

လင်းလက်တဲ့မျက်လုံးတွေဝေဝါး
ထုဆစ်ဖို့ဦးခေါင်းတွေ ချောက်ချား
လေပြည်တို့ညနေခင်းမှာ
အမောပြေဖို့ မျက်နှာလွဲချိန်
ရှုံ့တွတဲ့ အဆိပ်ရည်တွေကိုသာ
အကြွေးတင်လျက်
ငိုကြွေးရမယ့် ဖြစ်ပျက်
ပြစ်ချက်။




# တရားမကြွယ်သူ

၂ ရှမ်းမေ

လျှာဖြောင့်ဖြောင့်
တကာတောင့်တောင့်
ကျောင်းလှုလှုမှာဖြင့်
နားနူးသည့်တရားထူးကိုဟော
ယဇ်ပုရောဟိတ်နှင့်လေဝိတို့အတွင်းမနော
ပေါ်လောကြီးပေါ်
ရှမာရိဥပမာကဖော်
မတော်တာတွေတွေ့ရ
သံဝေဂရလေစွ။
(လုကာ ၁၀း၃၀-၃၇)







# မေတ္တာ


ဂျွန် အတူး

♦ ကမ္ဘာမြေရဲ့တံခါးတွေကိုဖွင့်ကြည့်လိုက်တော့
သာယာမှုတွေကိုပေးနေတာ
မေတ္တာတစ်မျိုးပဲတွေ့တယ်

♦ အမှောင်တို့ရဲ့ ကျည်းတန်ကမ္ဘာမှာ
သူတလူငှာ အံတုဖို့လည်း
မေတ္တာရောင်ပဲ

♦ လောကသစ်ရဲ့အရေပြားအောက်မှာ
ရွှံ့ရှာကင်းတဲ့နယ်နမိတ်ကမ္ဘာလည်း
မေတ္တာကမ္ဘာပါပဲ

♦ မေတ္တာအကြောင်းစုစည်းပြီးပြီ
နားရှိသူကားကြားပါရဲ့လား
ပြန်မလာနိုင်အခိုက်အတန့် ဒီဘဝမှာ
သင်လူသား
မေတ္တာကြိုးကိုယှက်သွယ်လျက်
နှုတ်ဆောင်စေသား။




# ခရစ်တော်၌တူညီမှု

ပိုင်ကြီး

ရေခြားမြေခြား
လူမျိုးခြား
ပြောသည့်စကား
ကွဲနေလား
ကိုးစားရာကား
ခရစ်တော်ဘုရား။
သို့ဖြစ်ရကား
ညီအစ်ကိုများ
တူညီစိတ်ထား
ခရစ်တော်၌ အမြဲထား
စိတ်ဝမ်းကွဲမှုဖယ်ရှားထား
ငြိမ်းချမ်းရမည်သား။





## ကာတွန်း



## ကာတွန်း

ဖြစ်တတ်ပါတယ်......









## ကာတွန်း












## ကာတွန်း







# ရှာလှမ်းအပြုံး

## "အဲလိုတော့ ဆုမတောင်းနဲ့"

စာမေးပွဲဖြေရမည်ကို ဆရာမက ကျောင်းသူကျောင်းသားများအား တစ်ပတ်ကြိုပြောထားသည်။ ကျောင်းသူ၊ ကျောင်းသားများမှာ စာမရဘဲ ဖြစ်နေသည်။ ထို့ကြောင့် ကျောင်းသူ၊ ကျောင်းသားများအားလုံး စုပေါင်း၍ "နောက်အပတ် စာမေးပွဲမဖြေဖြစ်စေရန်" တစ်ညီတစ်ညာတည်းဆုတောင်းကြသည်၊ ထိုအပတ်၌ ဆရာမ ငှက်ဖျားဖြစ်၍ စာမေးပွဲမစစ်နိုင်ပေ။ ဆရာမနေကောင်းလာသောအခါ ကျောင်းသူ၊ ကျောင်းသားများအား "စာမေးပွဲမဖြေချင်ရင် ပြောပါ။ အဲဒီလိုတော့ ဆုမတောင်းနဲ့။ ငှက်ဖျားဆေးမူးတဲ့ဒဏ်ကို ဆရာမမခံစားနိုင်ဘူး" ဟူ၍ ပြောလေသည်။

ရွှေသောက




## ချစ်ပုံချစ်နည်း

အသင်းတော်တစ်ပါးတွင် ဝတ်ပြု ကိုးကွယ်ခြင်းအပြီး၌ လူငယ်နှစ်ယောက် စကားလက်ဆုံကျနေသည်။ ပြောနေသောစကားများမှာလည်း မှတ်သားဖွယ်ရာကောင်းလှပေသည်။

ပီတာ ။ ။ သခင်ခရစ်တော်က သမ္မာကျမ်းစာထဲမှာ 'ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရမယ်' လို့ ပြောထားတယ်ကွ။

ဂျွန် ။ ။ ဟုတ်လား၊ ငါမသိဘူးကွ။ ဆက်ပြောပါဦး။

ပီတာ ။ ။ အေး . . . အဲဒါကြောင့်မို့ ငါက ခရစ်တော်ရဲ့စကားကို တကယ်နားထောင်တယ်။ ငါနဲ့တည့်တဲ့သူ၊ ငါကြည့်လို့ရတဲ့လူကို ငါ တကယ်ချစ်တယ်။ ငါကြည့်လို့မရတဲ့သူကိုတော့ . . . ဟား . . . ဟား . . . ။

ညီမလေး B.Th II

## ဖြူလာတယ်

လေးနှစ်တာခွဲခွာခဲ့ရသော သူငယ်ချင်းနှစ်ဦး ကျမ်းစာကျောင်းပြီးချိန်တွင် ပြန်ဆုံသည်။

မိုးဇက် ။ ။ မင်း ရန်ကုန်မှာ ကျောင်း လေးနှစ်သွားနေတော့ မင်း တော်တော်လေးဖြူလာတယ်ကွာ။

စမစ် ။ ။ ကျေးဇူးပဲ၊ အသားဖြူလာတာကိုပြောတာမဟုတ်လား?။

မိုးဇက် ။ ။ မဟုတ်ဘူး၊ ဆံပင်ဖြူတာကိုပြောတာ။

ပရှတ်လုံး

## ဒူးရင်းသီး

စာသင်ချိန်၌ ဆရာသည် ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းတစ်ခုမေးလိုက်သည်။

ဆရာ ။ ။ ကဲ . . . ကျောင်းပြီးသွားကြရင် အသင်းတော်အတွက် ဘာအသီးသီးပေးကြမလဲ။

ကျောင်းသား ။ ။ ဒူးရင်းသီး သီးပေးမယ်ဆရာ။

ဆရာ ။ ။ ဟ . . . ဒီလိုဆိုရင် အသင်းသူ၊ အသင်းသားတွေ မင်းနားကိုဘယ်လာကပ်ရဲတော့မလဲ။

ကျောင်းသား ။ ။ ဒူးရင်းသီးဆိုတာ အပြင်ပန်းကကြည့်ရင် ကြောက်စရာကောင်းတဲ့ ဆူးသီးတွေပါ။ ဒါပေမယ့် အတွင်းမှာ အနှိုင်းမဲ့တဲ့ အနံ့အရသာရှိတယ်နော်။

ပရှတ်လုံး

## တူလည်းမတူဘူး

တစ်ခါက အားလပ်ရက်တစ်နေ့တွင် (၇) နှစ်အရွယ်ရှိသော ဒေးဗစ်သည် သူ၏ဖခင်အား ရုပ်ရှင်ကြည့်ရန် ပူဆာသဖြင့် ရုပ်ရှင်ရုံသို့ ထွက်လာခဲ့ကြသည်။ ဇာတ်ကားမှာ ဟာသဇာတ်ကားတစ်ကားဖြစ်သည်။ ဇာတ်ကားထဲတွင် ဟာသမင်းသားသည် အရက်သောက်ပုံကို ကမောက်ကမလုပ်ပြသည်။ ဒေးဗစ်သည် မင်းသားကိုကြည့်ပြီး အားရပါးရ ပြောလိုက်သောစကားကြောင့် ဘေးနားရှိလူများမှာ ပွဲကျသွားရသည်။ ပြောလိုက်ပုံမှာ . . .

"ဟင် . . မင်းသား အရက်သောက်တဲ့ပုံကလည်း ဖေဖေအရက်သောက်တဲ့ပုံနဲ့ တူလည်းမတူဘူး" ဟု သတည်း။

ညီမလေး BTh.II

## နေရာမှားပြီ

ကျောင်းသားနှစ်ဦး စကားလက်ဆုံကျသည်။

ပထမကျောင်းသား ။ ။ စကားမစပ် . . သူငယ်ချင်း မင်း ဘာဖြစ်လို့ကျမ်းစာကျောင်းကိုလာတာလဲ ?

ဒုတိယကျောင်းသား ။ ။ ခရစ်တော်စေလွှတ်လို့ ရောက်လာတာပေါ့ကွာ။

ပထမကျောင်းသား ။ ။ မဟုတ်ဘူးထင်တယ်နော်။

ဒုတိယကျောင်းသား ။ ။ ဘာဖြစ်လို့လဲ။

ပထမကျောင်းသား ။ ။ ခရစ်တော်က သူ့တပည့်တွေကို တောခွေးစုထဲမှာပဲ စေလွှတ်တာကွ။

ပရှတ်လုံး





## ကလေးအတွေး

Sunday School တစ်ခုတွင် ဆရာမက ဗတ္တိဇံမင်္ဂလာနှင့် ပတ်သက်၍ သင်ကြားမည်ဖြစ်သောကြောင့် နိဒါန်းပျိုးသည့် မေးခွန်းကို မေးလိုက်သည်။ ထိုအခါ ကလေးငယ်တစ်ဦး၏ချက်ချင်းဖြေလိုက်သောအဖြေကြောင့် ဆရာမပြုံးမိလေသည်။

ဆရာမ။ ။ ကဲ . . သားတို့သမီးတို့ သခင်ယေရှုအမှုတော်စမဆောင်ခင်မှာ ဘာလုပ်တယ်ထင်လဲ။

ကလေး။ ။ ကျမ်းစာကျောင်းတက်ပါတယ် ဆရာမ . . ဟူ၏။

ဆောင်းဦး

## ဟင့်အင်း

တစ်ခါတုန်းက ဓမ္မတက္ကသိုလ်စာသင်ခန်း၌ ကျောင်းသူနှင့်ကျောင်းသားများ ဆွေးနွေးငြင်းခုံနေကြသည်။ ခေါင်းစဉ်မှာ ဘုန်းကြီး သိက္ခာတင်သင့်၊ မတင်သင့်ကိစ္စ ဖြစ်သည်။ စာသင်ခန်း၌ဆူညံနေသော်လည်း ကျောင်းသူ အမျိုးသမီးဘုန်းကြီး သိက္ခာတင်သင့်၊ မတင်သင့်ကိစ္စ ဖြစ်သည်။ ထို အိပ်ငိုက်နေသောကျောင်းသူကို ဆရာကတွေ့လိုက်သဖြင့် ရုတ်တရက် တစ်ယောက်က အိပ်ငိုက်နေသည်။ ထို အိပ်ငိုက်နေသောကျောင်းသူကို ဆရာကတွေ့လိုက်သဖြင့် ရုတ်တရက် ခေါ် မေးလိုက်သည်။

"ဆရာမမော်နီကာ ဘုန်းကြီးသိက္ခာပေးရင်ယူမလား . ."

ထိုကျောင်းသူသည် ရုတ်တရက် လန့်နိုးကာ ရှက်ကိုးရှက်ကန်းနှင့် . . .

"ဟင့်အင်း ကျွန်မမယူဘူး . . . မယူဘူး" ဟု အတင်းထငြင်းတော့ ဆရာက အံ့ဩစွာနဲ့ . . .

"ဘာဖြစ်လို့လဲ" ဟု ထပ်မေးလိုက်သည်။

သူမက ပြုံးစိစိလုပ်ရင်း . . .

"ကျွန်မက အပျိုကြီးလုပ်မှာ" တဲ့။

## ဆရာမကြီးပဲ ပြောပြီးတော့

တစ်ခါက အလွန်ကန့်လန့်တိုက်သော ဆန်းဒေးစကူးလ်ကလေးတစ်ယောက်ရှိသည်။ တစ်နေ့တော့ ဆရာမ က ဒါဝိဒ်အကြောင်းပြောပြပြီး နောက်ဆုံး၌ မေးခွန်းများမေးသည်။

"ကလေးတို့ရေ ဒါဝိဒ်က ဘာလုပ်တာလဲကွယ်။ နွားကျောင်းတာလား၊ ဆိတ်ကျောင်းတာလားကွယ်"

လို့မေး တော့ ထိုကလေးက ရုတ်တရက်ထကာ . . .

"ဟွန်း ဆရာမပဲ သိုးကျောင်းတာဆို၊ အခုတော့ ဆိတ်တွေ၊ နွားတွေကျောင်းတာ ဖြစ်သွားပြီလား။ ဆရာမပဲ အမျိုးမျိုးပြောနေတာ" ဟု ပြောလိုက်သည်။

ချစ်သူ

# ချစ်သားကို ဆုံးမတတ်သောဘုရား

ကိုလော(ကသိမြယ်)



ထာဝရဘုရား ဆုံးမတော်မူခြင်းကို မမှတ်ဘဲမနေနှင့်၊ သင်၏အပြစ်ကို စစ်ကြောတော်မူသောအခါ စိတ်မပျက်နှင့်၊ ထာဝရဘုရားသည် ချစ်တော်မူသောသူကို ဆုံးမတော်မူ၏။ (ဟေဗြဲသြဝါဒစာ ၁၂း၅-၆)

ရှေးဦးစွာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်တော့်နာမည်ကတော့ ဖရန့်စစ်လောရင့်စ် ဖြစ်ပါတယ်။ ကျွန်တော်ဟာ ငယ်စဉ်တောင်ကျေး ကလေးဘဝမှစပြီး သန့်ရှင်းသောတြိနတီ ကသိမြယ် အသင်းတော်ကြီးမှာ ဓမ္မပညာ (SUNDAY SCHOOL) သင်တန်းတက်၊ ပညာဆည်းပူးလေ့လာကြီးထွားရင်း အရွယ်ရောက်လာသောအခါ ဘုရားသခင်ရဲ့ရွေးချယ်ခေါ်ယူတော်မူခြင်းကြောင့် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှာ ပညာဆည်းပူးခွင့်ရရှိခဲ့ပါပြီ။ ယခုအချိန်မှာတော့ ဓမ္မတက္ကသိုလ် ဒုတိယနှစ်ကို ရောက်ရှိခဲ့ပါပြီ။ အခုလို ကျေးဇူးတော်ချီးမွမ်းရခြင်းမှာ ဘုရားသခင်ရဲ့ပြုပြင်မှုအရိပ်အောက်၌ ငယ်ရွယ်စဉ်ကလေးဘဝမှ ယခုအချိန်အထိ အသက်ရှင်နေထိုင်ခွင့်ရသောကြောင့်ဖြစ်ပါတယ်။ ကျွန်တော့်ဘဝမှာ ဘုရားသခင်ရဲ့ပြုပြင်ပေးမှု မှတ်တိုင်ကို ပြန်လည်သုံးသပ်ကြည့်တဲ့အခါမှာ ကျွန်ုပ်ဘဝအတွက် ကျေနပ်ပီတိအဖြာဖြာကိုလည်း အတိုင်းအတာတစ်ခုအထိ ခံစားရရှိခဲ့ပါတယ်။

ကျွန်တော့်ရဲ့မိဘများက ယုံကြည်သူ ခရစ်ယာန် (အင်္ဂလိကန်) များဖြစ်ကြပါတယ်။ မိသားစုမှာ မွေးချင်း (၃)ဦးရှိတဲ့အထဲမှာ ကျွန်တော်ဟာ အငယ်ဆုံးသားဖြစ်ပါတယ်။ မိသားစုဝင်အားလုံးက ဘာသာတရားကို စံပြဖြစ်လောက်အောင်မဟုတ်ပေမယ့် ရိုးသေကိုင်းရှိုင်းကြသူများဖြစ်ကြပါတယ်။ မိဘများက ဘုရားသခင်ရဲ့အမှုတော်အတွက် သားဦး၊ သမီးဦးကို ပို၍ အစ်ကိုတို့က ဘုရားရှင်ရဲ့အမှုတော်ကို အချိန်ပြည့်ဆက်ကပ်စေလိုကြတယ်။ ဒါပေမယ့်လည်း အစ်မနဲ့ မဆက်ကပ်နိုင်ဘဲ သူတို့ တတ်အားသရွေ့ ပါဝင်ဆက်ကပ်ကြတယ်။ ကျွန်တော် ဓမ္မတက္ကသိုလ်တက်ရခြင်းမှာ တစ်စုံတစ်ယောက်သော သူ၏တိုက်တွန်းခြင်းကြောင့်မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်သိတတ်စ





အရွယ်ကစပြီး မိဘတို့ရဲ့သဘောဆန္ဒနဲ့မတိုက်ဆိုင်တဲ့ ရင်တွင်းရည်မှန်းချက်ကိုထားခဲ့မိတယ်။ ၎င်းရည်မှန်းချက်သည် ယနေ့ ကျွန်တော် လျှောက်လှမ်းနေသည့် အမှုတော်ဆောင်ခြင်းလမ်းခရီး ဖြစ်ပါတယ်။ ထို့ကြောင့် ငယ်ရွယ်စဉ်အချိန်မှစပြီး ဘုရားရှင်ရဲ့အမှုတော်ကို ထမ်းဆောင်ဖို့ သန္နိဋ္ဌာန်ချမှတ် ပြီး လောကီပညာရပ်များကို အပတ်တကုတ်သင်ယူ ကြိုးစားလေ့လာခဲ့တယ်။ ဒီလိုနဲ့ (၁၀)တန်းစာမေးပွဲကြီးဖြေဆိုတဲ့အချိန် ကျွန်တော် ဆုတောင်းသည်မှာ "အိုအဖ . . . အရှင်ဘုရားရဲ့အမှုတော်ကိုထမ်းရွက်စေလိုလျှင် ကျွန်တော့်အား (၁၀)တန်းစာမေးပွဲကို အောင်မြင်စွာဖြေဆိုနိုင်ရန် မစသနားတော်မူပါ" လို့ ဘုရားရှင်နဲ့ ကျွန်တော်အပေးအယူလုပ်ခဲ့တဲ့အတိုင်းပဲ လုပ်ခဲ့တယ်။ အဲသလို အပေးအယူလုပ်ခဲ့တဲ့အတိုင်းပဲ (၁၀)တန်းစာမေးပွဲကို နှစ်ချင်းပေါက် အောင်မြင်နိုင်ခဲ့တယ်။

(၁၀)တန်းစာမေးပွဲ အောင်မြင်တဲ့အခါ ဓမ္မတက္ကသိုလ်သို့တက်ဖို့ မိသားစုနှင့် တိုင်ပင်ဆွေးနွေးခဲ့တယ်။ မိသားစုများသည် ကျွန်တော့်အား နိုင်ငံခြားမှာ စီးပွားရေးလုပ်ငန်းကိုလုပ်ကိုင်စေချင်ကြတယ်။ မိသားစုများက ကျွန်တော့်ကိုမေးခွန်းအမျိုးမျိုးမေးပြီး စိတ်ဓာတ်ကို စမ်းသပ်ကြတယ်။ အဲဒီမေးခွန်းကတော့ "မင်း . . . ဘုန်းကြီးဖြစ်ရင် လောကကြီးမှာ လူအများကြားမှာ ပင်ပန်းဆင်းရဲစွာနဲ့ အသက်ရှင်ရှန်းကန်ရမယ်" တဲ့။ အဲဒီအချိန်မှာ ကျွန်တော်က "ဘုရားသခင်ကြည့်ရှုစောင့်ရှောက်လိမ့်မယ်" လို့ပဲပြောပြီး ဓမ္မတက္ကသိုလ်သို့တက်ရောက်ပြီး ပညာသင်ကြားနေတဲ့အချိန်မှာ ကျွန်တော်ရဲ့ပေါ့ပျက်မှုကြောင့် ဓမ္မတက္ကသိုလ်မှ ကျွန်တော်အား ကျောင်း (၁)နှစ် မိမိကိုယ်ကိုပြန်လည်ဆန်းစစ်ရန် အနားပေးလိုက်ပါတယ်။ အဲဒီလိုအချိန်မှာ ကျွန်တော်ဟာ လူသားတစ်ယောက်အနေဖြင့် ရှက်တရက်စိတ်ဆိုးမိပေမယ့်လည်း သေချာပြန်စဉ်းစားတော့ ဒါဟာ ဘုရားသခင်ဆုံးမတာပဲလို့ ဟေဗြဲသြဝါဒစာ ၁၂း၅-၆ ဖတ်ပြီး ခွန်အားယူခဲ့တယ်။ အကယ်၍သာ ဘုရားသခင်အချိန်မီ မဆုံးမခဲ့ရင် ကျွန်တော် ယခုနှစ် နောက်ဆုံးနှစ်ဖြစ်မယ်။ ဒါပေမယ့်လည်း စည်းကမ်းပျက်တဲ့ကျောင်းသားဘဝနဲ့ကျောင်းဆင်းသွားမှာဖြစ်ပြီး သာသနာတော်၊ အသင်းတော်ကြီးအတွက် "ဆန်ကုန်မြေလေး" ဖြစ်သွားမှာပဲ။ ဘုရားသခင်ရဲ့အချိန်မီဆုံးမခြင်းကြောင့် ကျွန်တော်ဟာ ယခုအချိန်တွင် ဓမ္မတက္ကသိုလ်မှာ ယခင်က အသက်တာဟောင်းကိုစွန့်လွှတ်ပြီး ဘဝသစ်နဲ့ဓမ္မပညာရပ်တွေကို သင်ယူလေ့လာနေပါတယ်။

ကျောင်းမှ (၁)နှစ် နားသောအချိန်၌ အပြင်လောကမှာနေပြီး ကျွန်တော့်ရဲ့မိုက်ပြစ်များအတွက် နောင်တရကာ မိမိအသင်းတော်မှာ ဘုရားရှင်ရဲ့အမှုတော်ကိုဆက်ကပ်ခဲ့ပါတယ်။ အဲသလိုဆက်ကပ်ရင်းနဲ့ပဲ ကျွန်တော့်ဘဝမှာ ကိုယ်ကျင့်တရားနဲ့ဆိုင်တဲ့ အကြီးမားဆုံးသောစုံစမ်းမှုကို ခံခဲ့ရပါတယ်။ ကျွန်တော့်ဘက်မှာ သက်သေအဖြစ် ဘယ်သူမှမရှိပါ။ သို့ပေမယ့် ဘုရားသခင် ကျွန်တော့်ကို ပစ်၍မထားဘူး။ ကျွန်တော့် ဆုတောင်းသံကိုနားညောင်းပြီး ထိုစုံစမ်းစွပ်စွဲမှုများမှ ကင်းလွတ်စေခဲ့တယ်။ ဘုရားရှင်သာလျှင် ကျွန်ုပ်တို့ရဲ့အသက်တာတွင် အားကိုးအားထားရာအရှင်ဖြစ်ပါတယ်။ ထို့ကြောင့် စာဖတ်သူချစ်မိတ်ဆွေ! သင်လည်း ဘယ်လို အခက်အခဲနှောင်ကြိုးများနှင့် ရှုပ်ထွေးနေပါစေ၊ အဲဒီနှောင်ကြိုးတွေကို ကူညီဖြေရှင်းပေးဖို့ ဘုရားရှင်ဆီမှာ အားကိုးဆုတောင်းပါ၊ အာရုံပြုပါ၊ ဆက်ကပ်ပါ၊ ဆုတောင်းခြင်းသည် အရာရာကိုပြောင်းလဲစေနိုင်ပါတယ် (PRAYER Change Everything)။ ဘုရားသခင်ဟာ ကျွန်တော်တို့အနားမှာရှိပြီး ကျွန်တော်တို့ကို ကာကွယ်ပြီး ခွန်အားပေးနေတဲ့အတွက် စုံစမ်း နှောင့်ယှက်ခြင်းတွေကို ယောဘကဲ့သို့ ခံနိုင်ရည်ရှိလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ ဒါကြောင့် အသက်တာမှာ စုံစမ်းနှောင့်ယှက်ခြင်းတွေ တွေ့ကြုံနေရတိုင်း ဘုရားသခင်တစ်ပါးတည်းသာအားကိုးရာခွန်အား၊ ဗိုင်း၊ လွှား၊ အကာအကွယ်ဖြစ်တယ်ဆိုတာကို ခံယူထားပြီး အတူတကွ ဘုရားသခင်ရဲ့ အမှုတော်ကိုကြိုးစားထမ်းရွက်အစေခံလျှောက်လှမ်းကြပါစို့ . . . ။

♦ ဘုရားရှင်သည် သူချစ်တော်မူသော သူတို့ကို ဆုံးမတတ်၏။❑

ပြောပြချင်နေတယ်။ ကျွန်တော်တို့လို ခရစ်ယာန်လူငယ်တစ်ယောက်ရဲ့ ခံစားချက်တွေကို . . .။

ဒီနေ့ လောကကြီးရဲ့ အရှိန်အဟုန်နဲ့ လှည့်ပတ်မှုတွေကြားမှာ ကျွန်တော်တို့ ဘယ်လောက်မူးဝေနေ၊ လည်ပတ်နေရသလဲဆိုတာကို . . .။ ဒီ ရီဝေမှုတွေကို ပျောက်သွားအောင် ရုန်းကန်နေရတဲ့ ကျွန်တော်တို့ရဲ့ ဘဝကို . . .။

ဘုရားကျောင်းသွားရင်း ကြားဖူးပါတယ်။ ခရစ်ယာန်ဆိုတာ ခရစ်တော်ကိုစံနမူနာထား အသက်ရှင်နေကြသူတွေ၊ ခရစ်တော်အသက်ရှင်တုန်းက လုပ်ဆောင်ခဲ့တဲ့အတိုင်း ချစ်ခြင်းမေတ္တာ၊ နှိမ့်ချခြင်း၊ ပေးဆပ်ခြင်း၊ ဆက်ကပ်ခြင်းတွေနဲ့ အသက်ရှင်ရမယ်ဆိုတာကိုလေ။ အဲဒါတွေကြားရရင် ကျွန်တော် . . .

# ဖယ်ရယ်သူရဲ့ လေပြည်

ကိုနှရာ (ရန်ကုန်)



မေးချင်တယ်။ ချစ်ခြင်းမေတ္တာဆိုတာ ဘာလဲ။ ရည်းစားကိုချစ်တဲ့ချစ်ခြင်းမျိုးလား။ မိဘက သားသမီးကိုချစ်တဲ့ အချစ်မျိုးလား။ အဲဒါတွေဆိုရင်တော့ ကျွန်တော်က ချစ်တတ်ပါတယ်။ သုံးနှစ်တာပတ်လုံး အချစ်ကြီးချစ်ခဲ့ပြီး အခုထိတိုင် ချစ်နေရဆဲဖြစ်တဲ့ ကောင်မလေး (ကျွန်တော့်အခေါ်က 'ကျွန်တော့်ရဲ့ ကောင်းချီးမင်္ဂလာပေါ့') ရှိတယ်။ ကျွန်တော် သူ့ကိုချစ်တယ်၊ မြတ်နိုးတယ်၊ တန်ဖိုးထားတယ်။ သူ့အတွက်ဆိုရင် မြင်းမိုရ်တောင်ကို ဆီးစေ့လေးလို့ထင်တယ် လို့တော့ မပြောချင်ပါဘူး။ ကျွန်တော်မှမမြင်ဘူးတာ။ မိဘရဲ့ချစ်ခြင်းကတော့ ပြောပြနေစရာမလိုတော့ဘူးလို့ထင်ပါတယ်။ ကျွန်တော့်လို လူဆိုးလေးတွေတောင် မိဘမေတ္တာကို အပြည့်အဝခံစားသိရှိနေရသေးတာပဲ။ ဒါအကုန်ပဲ လား။ ခရစ်တော်ရှင်ရဲ့ချစ်ခြင်းမေတ္တာဆိုတာ။ ခရစ်ယာန်လို့ပြောနေတဲ့သူတွေ၊ ကုန်ကုန်ပြောရင် ဘုန်းတော်ကြီးတွေမှာတောင် လူသားတစ်ယောက်ရဲ့ သာမန်ချစ်ခြင်းမေတ္တာကိုပဲ မြင်နေရတယ်လို့ပြောရင် ကျွန်တော်လွန်မှာလား။ ပါးစပ်ကတော့ ပြောပြနေပါရဲ့၊ သူတို့ပြောလို့ ကျွန်တော်လည်း အလွတ်နီးပါးရနေပြီ။ ဒါပေမယ့် သူတို့ချစ်ပြတာကို ကျွန်တော်အရမ်းတွေ့ချင်နေခဲ့တာ ၂၂နှစ်တောင်ကြာခဲ့ပြီ။ ဒါတွေပဲ မြင်ရတော့





ကျွန်တော်တို့ ဒီလောက်ပဲ ချစ်တတ်တာ အပြစ်လား။ ခရစ်တော်ကို မမြင်ဖူးဘူးလေ။ သူချစ်ပြတာကိုလည်း မမြင်ဖူးဘူး။ ဆိုတော့ ရှင်းရှင်းပဲပြောရရင် ကျွန်တော် ငယ်ငယ်ကတည်းက ထိတွေ့ခံစားရတဲ့အချစ်နဲ့ပဲ ချစ်တတ်တယ်။

ပေးဆပ်မြှုပ်နှံခြင်းဆိုတာကတော့ ကျွန်တော့်ရဲ့အဘိဓာန်ထဲမှာ ရှာတာမတွေ့ဘူးဗျာ။ စာရွက်ပြသွားတာ ထင်တယ်။ အကျိုးလိုလို့ ရေလောင်းတာမျိုး ကိုဆက်ကပ်ခြင်း လို့ခေါ်မှာလား။ ပျော်ရွှင်မှု၊ စိတ်ချမ်းသာမှု၊ စိတ်သက်သာမှုကိုပေးလို့ ဘုရားကျောင်းသွားတာကိုဆက်ကပ်ခြင်းလို့အော်နေတဲ့လူတွေရဲ့ ဆက်ကပ်ခြင်းက အစစ်မှန်ပဲလား။

ကျွန်တော်တို့ ခရစ်ယာန်ပီသချင်ပါတယ်။ အများကောင်းကျိုးအတွက်လည်း လုပ်ချင်ပါတယ်။ ခရစ်ယာန်လို့ခေါ်ရလောက်အောင် ကောင်းတဲ့ပါရမီတွေနဲ့ ပြည့်ဝနေချင်ပါတယ်။ အဲဒါတွေကို သင်ပေးကြပါဗျာ။ ကိုယ်တိုင်လည်းကျင့်သုံးသလို ကျွန်တော်တို့ကိုလည်း ဝေမျှပေးကြပါဗျာ။ ကျွန်တော်တို့လူငယ်တွေက နားဝေးတယ်ထင်ပါတယ်။ မမြင်ရရင်တော့ ဘာမှမသိ၊ နားမလည်တော့ဘူး။ သိပ္ပံခေတ်မှာမွေးလာတဲ့သူမို့လားတော့ မသိဘူး။ လက်တွေ့မပြနိုင်ရင် သိပ်မယုံချင်ဘူး။

ကျွန်တော်ပြောပြမယ်နော်။ ဒီနေ့ကမ္ဘာလောကကြီးမှာ လူကောင်းတစ်ယောက်ဖြစ်အောင် အသက်ရှင်နေရတာ လွယ်ကူတယ်လို့ထင်နေကြလား။ တိုးတက်ပြောင်းလဲမှုတွေဟာ အံ့မခန်းဖြစ်တာနဲ့အမျှ ကျွန်တော်တို့လိုက်ဖို့ လမ်းမှားတွေကလည်း အရမ်းလှပ၊ ပေါများနေပါတယ်။ ဒီနေ့လူငယ်တစ်ယောက်အတွက် အရင်ကလူတွေ အိပ်မက်တောင်မမက်ဘူးတဲ့ သုခဘုံတွေကများမှများ။ တိုင်းတစ်ပါးယဉ်ကျေးမှုတွေကလည်း တရကြမ်းစီးဆင်းလာတာဆိုတော့ တစ်ညဖော်၊ တစ်လဖော်တွေကလည်း ပေါမှပေါ။ ကောင်မလေးတွေ၊ ကောင်လေးတွေအကုန်လုံး အတည်တကျမနေချင်၊ တန်ဖိုးမထားချင်တော့ဘူး။ ဆေးဝါးတွေ (အစုံနော်) ကလည်း လှိုင်လှိုင်။ ဟား . . . ဒီလိုဆွဲဆောင်မှုတွေကို လွန်ဆန်ပြီး လူကောင်းတစ်ယောက်ဖြစ်လာဖို့ လွယ်ကူတယ်လို့ထင်နေကြလားဗျာ။ မကောင်းရင်တောင် ဆိုးသွမ်းတဲ့လူငယ်တွေမဖြစ်အောင် သတိထားလှမ်းနေရတဲ့ ကျွန်တော်တို့အဖြစ်က သနားစရာကောင်းပါတယ်ဗျာ။ ခေတ်ကတောင်းဆိုနေတဲ့ ပညာရေး၊ အတတ်ပညာတွေကို အမိလိုက်၊ တစ်နေကုန်လှုပ်ရှားခဲ့တာကို အပန်းဖြေဖို့ ထွက်ပေါက်တွေရှာ၊ အိမ်ကလည်း လူငယ်တစ်ယောက်ရဲ့ခံစားချက်ကိုနားလည်မပေး၊ အသိုင်းအဝိုင်းကလည်း လူငယ်ဟေ့ ဆိုတာနဲ့ အပျော်ရှာချင်တဲ့လူတွေလို့သတ်မှတ်ပြီး နှိပ်ကွပ်ဖို့ပဲ စဉ်းစားနေကြတော့ ကျွန်တော်တို့ရဲ့ တစ်ချို့သူငယ်ချင်းတွေ သူတို့ကိုလက်ခံမယ့်၊ သူတို့ကိုပျော်ရွှင်စရာတွေပေးနိုင်တဲ့နေရာတွေကို သွားကြတာ ကျွန်တော်တော့ သူတို့ရဲ့အပြစ်လို့ လုံးလုံးမပြောချင်ဘူး။ သူတို့ရဲ့အားနည်းချက်တွေရှိနေသလို သူတို့ကို မေတ္တာနဲ့ပြုပြင်ပေးမယ့်လူတွေ အမှန်တကယ်လိုအပ်နေပါတယ်။

ခရစ်ယာန်ဖြစ်တဲ့ ကျွန်တော်တို့လူငယ်တွေ အနောက်နိုင်ငံမှာလောက် ဘုရားတရားမပျောက်သေးပါဘူး။ ဘုရားရှိတယ်ဆိုတာ လက်ခံတယ်။ ကျွန်တော်တို့ဘဝကို လမ်းညွှန်ချုပ်ကိုင်နေတယ်။ အကောင်းတွေဖြစ်စေတယ်ဆိုတာကို ကျွန်တော်တို့ ယုံတယ်။ အဲဒီအသိတရားလေးတွေ ပျောက်သွားအောင်တော့ မလုပ်ဘူး ဆိုတာကို ကျွန်တော်ယုံကြည်ပါတယ်။

ကျွန်တော် တစ်ခုပဲတောင်းဆိုပါရစေ။ ကျွန်တော်တို့ကို လက်ခံပေးကြပါ။ ကျွန်တော်တို့ရဲ့ လုပ်ဆောင်မှုတွေကို လက်မခံနိုင်ရင်တောင် ဝိုင်းပြီး ခေါင်းမဖော်နိုင်အောင် မနှိပ်ကွပ်ကြပါနဲ့။ ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်ကို လှပအောင်ဖန်တီးပေးကြပါ (ကျမ်းစာထဲကပြောတဲ့ မေတ္တာနဲ့ ခြုံလွှမ်းနေတဲ့ဝန်းကျင်လေး)။ ကတိပေးနိုင်တာတစ်ခုက လောကီ၊ လောကုတ္တရာမှာ အကောင်းဆုံးကြိုးစားနေမယ့်သူတွေဟာ ကျွန်တော်တို့လူငယ်တွေဖြစ်တယ် ဆိုတာကိုပါပဲ။

ကျွန်တော်စကားပြောတာ တော်တော်များသွားပြီ။ ဒီလောက်လည်း တစ်ခါမှမပြောဖူးပါဘူးဗျာ။ သိစေချင်လွန်းလို့သာ ပြောရတာပါ။ သိစေချင်လွန်းလို့ပါ . . .။ □

# နှလုံးသားရိုက်ခတ်သံ

(ဘက်နာခံ၃၊၈)

ငါးကလေး (ကွမ်းချောင်း)

ဘယ်လိုလဲ ဘုရားရှင်ရယ်? ကျွန်မရဲ့ဘဝမှာ ငြိမ်သက်ခြင်းတွေ ပျောက်ဆုံးခဲ့ရပြီ။ ကျွန်မရင်ထဲမှာ အပူမီးတွေနဲ့ တောက်လောင်နေပြီ။ ကျမ်းစာကျောင်း မတက်မီမှာ အဖေ စပြီးအချုပ်အနှောင်ခံနေရတယ်။ ဒါပေမယ့် ပိုင်ဆိုင်ရာ၊ နေထိုင်ရာအိမ်တွေ၊ အင်မတန်ရှိုးသားလှတဲ့အမေ၊ အားကိုးစရာညီအစ်ကိုမောင်နှမတွေ၊ ဆွေမျိုးသားချင်းတွေရှိသေးတယ်လေ။ ဒါပေမယ့် ဘုရားရှင်ရယ်၊ ကျမ်းစာကျောင်းတက်ပြီး တစ်နှစ်တောင်မပြည့်မီမှာပဲ ကျွန်မရဲ့အစ်ကိုအကြီးဆုံးရဲ့ဘဝဟာ ကြီးမားတဲ့ဒုက္ခကိုခံစားရပြီး ကျွန်မတို့နဲ့ဝေးရာကို ဝေးလွင့်သွားရပြန်တယ်။ ပြီးတော့ ကျွန်မတို့ကို ချစ်ခင်စောင့်ရှောက်တဲ့ဦးလေးကိုလည်း ကြီးမားတဲ့ဝေဒနာတစ်ခုကိုစွဲကပ်စေပြန်တယ်။ တစ်ခါအဘွားလည်းဆုံးပြန်၊ ကျွန်မတို့ရဲ့ပိုင်ဆိုင်ရာပစ္စည်းဉစ္စာဆိုလည်း ဗလာနတ္တိ ဖြစ်သွားပြီ၊ ကျွန်မတို့ရဲ့မိသားစုဘဝဟာ လူတွေပြောတဲ့ သုညမကလို့ အနုတ်ဘက်ကိုရောက်သွားပြီ။ ဒီလိုအနေအထားမှာ ကျွန်မက ဘယ်လိုလုပ်ပြီး ဒီကျမ်းစာကျောင်းမှာ အေးအေးချမ်းချမ်းနေရမလဲ။ ဘယ်လိုအင်အားမျိုးနဲ့ရပ်တည်မလဲ? မောင်နှမအားလုံးလည်း တစ်ယောက်တစ်ကွဲ မိဘနဲ့ဝေးပြီး ကိုယ့်ရဲ့ဘဝရပ်တည်ရေးအတွက် တစ်နေ့စာ အသက်မွေးဝမ်းကျောင်းအတွက် ရုန်းကန်နေရပြီ။ ဒါတွေကို ငွေကြေးတွေအကုန်ကျခံပြီး ပညာတွေသင်ယူနေတဲ့ကျွန်မ ဘယ်လိုနှလုံးသားမျိုးနဲ့ကြည့်နေရမလဲ?။ ဘုရားရှင်ရဲ့ Calling Time နဲ့ Calling way ကို ယုံကြည်စိတ်ချနေတဲ့ ကျွန်မအတွက် ငြိမ်သက်ခြင်းကို ဘယ်မှာရနိုင်တော့မှာလဲ။ လူတွေပေးတဲ့နှစ်သိမ့်မှုက ကျွန်မကို နိုင်မာတဲ့၊ လုံလောက်တဲ့ငြိမ်သက်ခြင်း မဖြစ်ခဲ့ဘူး။ ကျွန်မ လက်မြှောက်အရှုံးပေးပါပြီ။ ဘုရားရှင်မှ ငြိမ်သက်ခြင်းမပေးရင် ကျွန်မဘယ်လိုမှ ရပ်တည်နိုင်မှာ မဟုတ်လို့လည်း မဝင်တော့ဘူး။ မျက်နှာလည်း ဘယ်လိုမှ ပြုံးနိုင်စွမ်း မရှိတော့ပါဘူး။ ဘုရားရှင် ကူမပါ။ ကျွန်မ ရဲ့ရင်ထဲမှာ ငြိမ်သက်ခြင်းကို ပေးသနားပါ။ လုံခြုံစိတ်ချမှုကို ပေးသနားပါ။ ကျွန်မ တကယ့်ကို ဆာလောင်မွတ်သိပ်စွာ တောင့်တပါတယ်။ အဖဘုရားရှင် . . .

တစ်နေ့ ကမ္ဘာ့ဒါန်းရှုချိန် ရလိုက်တဲ့အဖြေကတော့ "ယေရှုခရစ်တော်ကျွန်ုပ်ကိုချစ်တယ်။ ထိုအတူပဲ သင့်ကို ချစ်ပါတယ်" ဆိုတဲ့ သီချင်းစာသားရဲ့ ထပ်ကာ ရိုက်ခတ်မှုနဲ့အတူ နှလုံးသားထဲစီးဝင်လာတဲ့ အသံတိုးတိုးလေးရယ်ပါ။ အဲဒီအသံလေးကတော့ "သမီး ငါဟာ အရာခပ်သိမ်း၊ အရာအားလုံးကိုဖန်ဆင်းပိုင်သတဲ့ဘုရားရှင်ဖြစ်တယ်။ မင်းကို ငါချစ်သလို ဖန်ဆင်းထားတဲ့ လူသားအားလုံးကိုလည်း ငါချစ်တယ်။ ငါကပိုပြီးတော့ ချစ်ပါသေးတယ်။ မင်းရဲ့မိသားစုဝင်တစ်ယောက်စီကို မင်းချစ်တာထက် သေးလေးနဲ့ လိုက်ပြီးစိတ်ပူမနေပါနဲ့။ သူတို့တစ်ယောက်စီတိုင်းအတွက် ငါပြင်ဆင်ပြီးသား၊ အကြံအစည်ရှိပြီးသားပါကွယ်။ သမီးရဲ့စိတ်နှလုံးငြိမ်သက်ခြင်းနဲ့အတူ လုပ်ဆောင်စရာရှိတာတွေကိုသာ အကောင်းဆုံး ကြိုးစားလုပ်ဆောင်ပါ"

ဒီအသံဟာ ကျွန်မရဲ့ဦးနှောက်ကလာတာ မဟုတ်ဘဲ ကျွန်မရဲ့နှလုံးသားကို၊ ကျွန်မရဲ့ရင်ကို ရိုက်ခတ်နေပါလား။

ဒီ ကြားရတဲ့စကားကို ထပ်ခါတလဲလဲ ကျွန်မ ရေရွတ်ခြင်းနဲ့အတူ ကျွန်မရဲ့အတွင်းစိတ်၊ ကျွန်မရဲ့ အသိဉာဏ်တွေဟာ လင်းလက်ရှင်းသန့်သွားပါပြီ။ ဘုရားရှင်ရဲ့ထံတော်ပါး၊ ဘုရားရှင်ရဲ့စကားတော်မှာ ကျွန်မ ယုံကြည်စိတ်ချမှုအပြည့်အဝရရှိပါပြီ။ ထို့အတူ ရင်ထဲမှာလည်း ငြိမ်သက်ခြင်းအခွင့်ကို ရရှိခံစားလိုက်ရပါပြီ။ ကျွန်မဒူးထောက်လျက် ရှိုးရှိုးလေးပြောလိုက်မိပါပြီ။

ကျေးဇူးတင်ပါတယ် ဘုရားရှင် . . .။❑





နိဒါန်း

ဓမ္မသစ်ခေတ်၏ အမျိုးသားများ ဗဟိုပြု၍ ကြီးစိုးသောယဉ်ကျေးမှု (သို့) ဖခင်များအုပ်စိုးသောစနစ်အောက်တွင် အမျိုးသမီးများကို ဒုတိယလူတန်းစားများအဖြစ်သတ်မှတ်လျက် အမျိုးသမီးများအပေါ် အထင်အမြင်သေးခြင်း၊ လူပုဂ္ဂိုလ်တစ်ယောက်ကဲ့သို့ သတ်မှတ်ခြင်းမရှိဘဲ ကုန်ပစ္စည်းတစ်ခုကဲ့သို့ သဘောထားကာ တန်ဖိုးမရှိသောအရာကဲ့သို့ ပြုမူဆက်ဆံခဲ့ကြသည်။ သို့သော် သခင်ယေရှုသည် အမျိုးသမီးများကို လူသားတစ်ဦးကဲ့သို့ပင် အလေးပေးဆက်ဆံခြင်း၊ တန်းတူအခွင့်အရေးပေးခြင်း၊ စဉ်းစားတွေးခေါ်နိုင်သောသူအဖြစ် အသိအမှတ်ပြုခြင်း၊ ဓမ္မကြောင်းရေးရာအတွေးအခေါ်များနှင့် အမြင်များကို ဖလှယ်နိုင်စွမ်းရှိသောသူအဖြစ် လက်ခံခဲ့ပါသည်။ အမျိုးသမီးများ၏ စစ်မှန်သောဂုဏ်သိက္ခာများနှင့် ကိုယ်ပိုင်တန်ဖိုးများကိုလည်း ပြန်လည်၍ပေးအပ်ခဲ့ပါသည်။ သခင်ယေရှုက အမျိုးသမီးများအပေါ် မတရားဖိနှိပ်ချုပ်ချယ်ထားသည့် ယဉ်ကျေးမှု၊ ဓလေ့ထုံးစဉ်လာများ၊ အတွေးအခေါ်များနှင့် ဘာသာရေး၊ လူမှုရေးပညတ်ချက်များစသည့် အဟန့်အတားများကိုဖြိုချ၍ တံတားသစ်များ တည်ဆောက်ပေးခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။



# တံတားသစ်များ

ခင်ဆွေဦး

၁။ သွေးဆင်းသောအမျိုးသမီးများ

တမန်တော်ပေတရု၏ ယောက္ခမနေမကောင်းဖြစ်ခြင်းသည် အမျိုးသမီးများ တစ်လတစ်ကြိမ်ဖြစ်လေ့ရှိသော ဓမ္မတာလာခြင်းဖြစ်သည်ဟု ဓမ္မပညာရှင်အချို့ဆိုပါသည်။ သခင်ယေရှုက သူမ၏တပည့်တော်များကို ပြုစုဝတ်ပြုခဲ့ကြောင်း မာကု ၁း၂၉-၃ တွင် မှတ်တမ်းတင်ထားပါသည်။ ၎င်းအပြင် မာကု ၅း၂၅-၃၄ တွင်လည်း ၁၂ နှစ်ကာလပတ်လုံး သွေးသွန်နေသော အမျိုးသမီးမှ သခင်ယေရှု၏ဝတ်လုံတော်ကို တို့ထိခြင်း အားဖြင့် ရောဂါအားလုံးပျောက်ကင်းသွားကြောင်း မှတ်တမ်းတင်ထားပါသည်။

ယုဒဘာသာရေးပညတ်ချက်အရ သွေးဆင်းနေသောအမျိုးသမီးများကို မသန့်ရှင်းသူများဟု သတ်မှတ်ကာ ထိုအမျိုးသမီးများနှင့် တို့ထိသောသူတိုင်းကိုလည်း မသန့်ရှင်းဟုသတ်မှတ်ပြီး ပြန်လည်၍ သန့်ရှင်းလာအောင်ပြုလုပ်ရမည့်ဝတ်များ (ဝတ်ပြုရာ ၁၅း၁၉-၃၀) ရှိပါသည်။ သို့သော် သခင်ယေရှုက ၎င်းဝတ်များကိုပြုလုပ်ခဲ့ကြောင်း မှတ်တမ်းတင်ထားခြင်းမရှိပါ။ အဘယ့်ကြောင့်ဆိုသော် သွေးဆင်းခြင်းကို မသန့်ရှင်းဟု သခင်ယေရှုက မသတ်မှတ်ခဲ့သောကြောင့် ဖြစ်သည်။ တစ်နည်းအားဖြင့် သခင်ယေရှုက သွေးဆင်းခြင်းသည် ဖန်ဆင်းခြင်းကတည်းက အမျိုးသမီးများအတွက် မျိုးဆက်သစ်များမွေးဖွားပေးဖို့ရန် မရှိမဖြစ်လိုအပ်သော အရာအဖြစ်ဖန်ဆင်းခဲ့ကြောင်းဖော်ပြခဲ့ကာ အမျိုးသားနှင့်အမျိုးသမီးများကို ဖြစ်ပေါ်စေသော အဟန့်အတားအုတ်တံတိုင်းကြီးကို ဖြိုချခဲ့ပါသည်။

၂။ ဓမ္မရေးရာတွေးခေါ်နိုင်စွမ်းရှိသောအမျိုးသမီး

အမျိုးသမီးများကို စဉ်းစားတွေးခေါ်နိုင်စွမ်းမရှိသောသူများအဖြစ် ထုံးတမ်းစဉ်လာယဉ်ကျေးမှုက သတ်မှတ်ခဲ့သော်လည်း သခင်ယေရှုကမူ အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ ဓမ္မရေးရာတွေးခေါ်နိုင်စွမ်းရှိသောသူအဖြစ် လက်ခံပြီး ရှမာရိအမျိုးသမီးနှင့် ရေတွင်းနားတွင် ကိုးကွယ်ဝတ်ပြုခြင်းဆိုင်ရာ ဓမ္မကြောင်းသီချင်းလော်ဂျီများကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း ယောဟန် ၄း၇-၄၂ တွင် မှတ်တမ်းတင်ထားပါသည်။ ၎င်းအပြင် သူမထံ၌ သူသည် မေရှိယအရှင်ဖြစ်ကြောင်း ဖွင့်ဟပြောဆိုခဲ့ခြင်းသည် အမျိုးသမီးများ၏အတွေးအခေါ်၊ အမြင်နှင့် သီချင်းလော်ဂျီတို့မှာလည်း မနိမ့်ကြောင်းဖော်ပြနေပါသည်။ နောက်ဆုံး ၎င်းအမျိုးသမီးသည် တပည့်တော်များကဲ့သို့ပင် ရွာထဲသို့ဝင်၍ ဧဝံဂေလိတရားတော်ကိုဟောပြောခြင်း၊ သက်သေခံခြင်းများ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

> **ဖန်ဆင်းခြင်းကတည်းက အမျိုးသမီးများအတွက် မျိုးဆက်သစ်များမွေးဖွားပေးဖို့ရန် မရှိမဖြစ်လိုအပ်သောအရာအဖြစ် ဖန်ဆင်းခဲ့ကြောင်း ဖော်ပြခဲ့ကာ အမျိုးသားနှင့်အမျိုးသမီးများကို ဖြစ်ပေါ်စေသောအဟန့်အတား အုတ်တံတိုင်းကြီးကို ဖြိုချခဲ့ပါသည်။**





၃။ အမျိုးသမီးများ၏ဂုဏ်သိက္ခာကို ပြန်လည်မြှင့်တင်ပေးခြင်း

နတ်ဆိုးစွဲ၍ (၁၈)နှစ်ကြာ ခါးကုန်းနေသော အမျိုးသမီးကို သခင်ယေရှုက ဥပုသ်နေ့တွင်ကုသပေးခဲ့ရာ ခါးဆန့်သွားခဲ့ပါသည်။ ထိုခေတ်အခါက ဂျူးတို့သည် သူတို့ကိုသူတို့တင်စား၍ခေါ်ဝေါ်လျှင် "အာဗြဟံ၏သား" ဟုသာသုံးစွဲခဲ့ကြသော်လည်း သခင်ယေရှုက ၎င်းအမျိုးသမီးကို အာဗြဟံ၏သားနှင့်တန်းတူ "အာဗြဟံ၏သမီး" ဟုခေါ်ကာ သူမ၏ပျောက်ဆုံးနေသော ဂုဏ်သိက္ခာကို ပြန်လည်၍မြှင့်တင်ပေးခဲ့ပါသည်။ လူမှုရေး၊ ဘာသာရေးအရ လူ့အသိုင်းအဝိုင်းတွင် အနှိမ်ခံနေရသောအမျိုးသမီး၏စိတ်ဓာတ်ပိုင်း၊ ဝိညာဉ်ပိုင်းဆိုင်ရာကျဆင်းနေမှုများကိုလည်း ပြန်လည်၍ကုသပေးကာ မြှင့်တင်ခဲ့ပါသည်။ ၎င်းအပြင် ဂျူးတို့၏အစဉ်အလာယုံကြည်ချက်အရ နာတာရှည်ရောဂါ (သို့) ကုသ၍မရသောရောဂါဖြစ်ခြင်းသည် အပြစ်များသောကြောင့်ဖြစ်သည် ဟူသောအယူအဆကို ပယ်ရှားခဲ့ခြင်းအားဖြင့် ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းသောလူသားများကို တစ်ဖက်သတ်စီရင်သည့် လူမှုရေး၊ ဘာသာရေး၊ ထုံးတမ်းစဉ်လာတံတိုင်းကြီးကို ဖယ်ရှားခဲ့ကြောင်း လုကာ ၁၃း၁၀-၁၇ တွင် မှတ်တမ်းတင်ထားပါသည်။

၄။ အမျိုးသမီးများကို တပည့်တော်အဖြစ်လက်ခံခြင်း။

သခင်ယေရှု၏ နောက်လိုက် (၁၂) ပါးတွင် အမျိုးသမီးများကိုမတွေ့ရသော်လည်း သခင်ယေရှုက အမျိုးသမီးများကို တပည့်တော်အဖြစ်လက်ခံခဲ့ကြောင်း လုကာ ၁၀း၃၈-၄၂ တွင်တွေ့ရှိနိုင်ပါသည်။ မာရိ ဟုခေါ်သောအမျိုးသမီးသည် သခင်ယေရှု၏ခြေတော်ရင်းတွင် တပည့်တော် (၁၂) ပါးနှင့်အတူ ဘာသာရေး၊ ဝိညာဉ်ရေးဆိုင်ရာ သွန်သင်ချက်များကို သင်ယူခဲ့ပါသည်။ ထိုခေတ်အခါက အမျိုးသမီးများမှာ အမျိုးသားများနှင့် လက်ရည်တပြင်တည်း သင်ယူပိုင်ခွင့်မရှိသော်လည်း သခင်ယေရှုက ထိုအမျိုးသမီးများကိုလည်း အမျိုးသားများနှင့်တန်းတူ တပည့်တော်အဖြစ် လက်ခံခဲ့ခြင်းပင်ဖြစ်ပါသည်။

၅။ အမျိုးသမီးများ၏ နေ့စဉ်အိမ်မှုကိစ္စကိုအလေးထားခြင်း

လုကာ ၁၅း၈-၁၀ နှင့် မဿဲ ၁၃း၃၃ တို့တွင် သခင်ယေရှုသည် အမျိုးသမီးများ၏ နေ့စဉ်အိမ်မှုကိစ္စရပ်များနှင့် ချက်ပြုတ်ခြင်းများကို အထူးအလေးပေး၍ ပျောက်သောဒင်္ဂါးအား တံမြက်စည်းနှင့် လှဲကျင်း၍ ရှာဖွေနေသောအမျိုးသမီးနှင့် မီးဖိုချောင်၌နေရာယူပြီး အမျိုးသမီးများ မုန့်ဖုတ်ရာတွင်အသုံးပြုသော တဆေးနှင့် ကောင်းကင်နိုင်ငံတော်ကိုပုံဖော်၍ ဥပမာပေးခဲ့ခြင်းမှာလည်း အမျိုးသမီးများ၏ အိမ်ထောင်မှုဘဝအသက်တာ၌လည်းကောင်း၊ လူမှုအသိုင်းအဝိုင်း၌လည်းကောင်း မနိမ့်ကျကြောင်း ဖော်ပြနေခြင်းပင်ဖြစ်ပါသည်။

နိဂုံး

အမျိုးသမီးများသည် ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းခြင်းခံရသူများ၊ ကိုယ်ပိုင်ဂုဏ်သိက္ခာရှိပြီးသူများ၊ လူတိုင်းနှင့် တန်းတူညီတူအခွင့်အရေးရှိသူများနှင့် ဘုရားသခင်ဖန်ဆင်းထားသော ကမ္ဘာလောကကြီးကို ထိန်းသိမ်းပြုစုရန် တာဝန်ပေးအပ်ခြင်းခံရသူများဖြစ်ကြပါသည်။ သို့သော် အမျိုးသားကြီးစိုးသောယဉ်ကျေးမှုထုံးတမ်းစဉ်လာများကြောင့် ဘုရားသခင်ဖန်ဆင်းကတည်းက ထားပေးသောအရာများ ပျောက်ဆုံးလျက်ရှိနေသဖြင့် သခင်ယေရှုက ကားတိုင်တော်အားဖြင့် တံတားသစ်များခင်းပေးကာ နဂိုမူလအနေအထားသို့ ပြန်လည်ရောက်ရှိစေခဲ့ပါသည်။❑

# ကြောက်ရွံ့ခြင်း၊ကြောက်ရွံ့သောသဘောနှင့် ပတ်သက်သော အဆိုအမိန့်များ

စုဆောင်းတင်ပြသူ
ဒေါ်ခင်ထွေးရီ (သန့်ရှင်းသောကားတိုင်အသင်းတော်)

I. The fear of the Lord is the beginning of knowledge, but fools despise wisdom and discipline. (Proverbs 1:7a)

"ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည် ပညာ၏အချုပ်အခြာဖြစ်၏"

သုတ္တံကျမ်း ၁း၇(က)

II. The thing I fear most is fear.

Michael Eyquem D Montaign 1580

ကျွန်ုပ်အကြောက်ဆုံးသောအရာသည် ကြောက်ရွံ့ခြင်းဖြစ်သည်။

မိုင်ကယ် အီကွင်(မ်) ဒီမော(န်) တိန်း ၁၅၈၀

III. Nothing is terults except fear itself.

Francis Bacon 1623

ကြောက်ရွံ့ခြင်းမှအပ မည်သည့်အရာမှ ဆိုးဝါးကြောက်ရွံ့စရာမကောင်းပါ။

ဖရန်စစ်(စ်) ဘေကွန် ၁၆၂၃

IV. The only thing I am afraid of is fear.

Duke of Wellington ("The Iron Duke") 1831

ကျွန်ုပ်ကြောက်ရွံ့သည်မှာ ကြောက်ရွံ့ခြင်းသာ ဖြစ်သည်။

ဝယ်လင်တန်နယ်စားကြီး ၁၈၃၁

V. Nothing is so much to be feared as fear.

Henry David Theoreau 1841

မည်သည့်အရာမှ ကြောက်ရွံ့ခြင်းကဲ့သို့ ကြောက်ရွံ့စရာအကောင်းဆုံးသောအရာမရှိနိုင်ပေ။

ဟင်နရီဒေးဗစ်သော်ရိုး ၁၈၄၁

VI. Fear is the fource of superstitionary and one of the main sources of curelty. To conquer fear is the beginning of wisdom.

Bertrand Russell

ကြောက်ရွံ့ခြင်းဆိုသည်မှာ စိတ်စွဲလမ်းခြင်း၏ မူလအရင်းအမြစ်ဖြစ်သည်" မက ရက်စက်ကြမ်းကြုတ်ခြင်း၏ မူလအရင်းအမြစ်တစ်ခုလည်းဖြစ်သည်။ ကြောက်ရွံ့ခြင်းကို အောင်မြင်ကျော်လွှားနိုင်ခြင်းသည် ပညာဉာဏ်၏အဦးအစပင်ဖြစ်သည်။

ဘတ်ထရမ်ရပ်ဆယ်(လ်)





HOLY CROSS THEOLOGICAL LIBRARY YANGON.

# ငါသည် မဂ်လမ်း သမ္မာတရား ဇီဝအသက်ဖြစ်၏

ယော ၁၄း၆

အလျားလိုက်

| | | |
|---|---|---|
| အကွက် I နံပါတ် 1 မှ 6 အထိ | ခမည်းတော်ဘုရား | F ဖြင့်စပါ |
| II နံပါတ် 8 မှ 12 အထိ | ယေရှုဘုရား | J ဖြင့်စပါ |
| III နံပါတ် 15 မှ 18 အထိ | အရှင်ဘုရား | L ဖြင့်စပါ |
| IV နံပါတ် 24 မှ 26 အထိ | သားတော်ဘုရား | S ဖြင့်စပါ |
| V နံပါတ် 33 မှ 35,36 အထိ | သီချင်းဖြင့်ဂုဏ်တော်ချီးမွမ်းပါ | S ဖြင့်စပါ |
| VI နံပါတ် 40 မှ 42, 43 အထိ | ဘုရားကျောင်းရှိထိုင်ခုံများ | P ဖြင့်စပါ |
| VII နံပါတ် 47 မှ 52 အထိ | ခရစ်တော်ဘုရား | C ဖြင့်စပါ |
| VIII နံပါတ် 54 မှ 57အထိ | မယ်တော်မာရိ | M ဖြင့်စပါ |
| VIII နံပါတ် 58 မှ 61အထိ | ချစ်ခြင်းမေတ္တာ | L ဖြင့်စပါ |

ဒေါင်လိုက်

| | | |
|---|---|---|
| အကွက် I နံပါတ် 15, 23, 31, 39 | ဇီဝအသက် | Lဖြင့်စပါ |
| II နံပါတ် 8, 16, 24, 32, 40, 48 | သခင်ခရစ်တော်၏သခင် | J ဖြင့်စပါ |
| III နံပါတ် 17, 25, 33 41 | ရှင်ပြန်ခဲ့သည် | R ဖြင့်စပါ |
| IV နံပါတ် 4, 10 | သန့်ရှင်းသောဝိညာဉ်တော်အလိုတော် | H ဖြင့်စပါ |
| IV နံပါတ် 42, 50, 57 | မဂ်လမ်း | W ဖြင့်စပါ |
| V နံပါတ် 19, 27, 35 43 | အပြစ်များ | S ဖြင့်စပါ |
| VI နံပါတ် 20, 28, 36, 44, 52 | အလင်း | L ဖြင့်စပါ |
| VII နံပါတ် 7, 13, 21, 29, 37, 45, 53 | ကယ်တင်ရှင် | S ဖြင့်စပါ |
| VIII နံပါတ် 14, 22,30, 38, 46 | သမ္မာတရား | T ဖြင့်စပါ |

ငါသည် မဂ်လမ်း၊ သမ္မာတရား၊ ဇီဝအသက်ဖြစ်၏
ယော ၁၄:၆

| | I | II | III | IV | V | VI | VII | VIII |
|---|---|---|---|---|---|---|---|---|
| I | 1 | 2 | 3 | 4 | 5 | 6 | 6 | |
| II | | 8 | 9 | 10 | 11 | 12 | 13 | 14 |
| III | 15 | 16 | 17 | 18 | 19 | 20 | 21 | 22 |
| IV | 23 | 24 | 25 | 26 | 27 | 28 | 29 | 30 |
| V | 31 | 32 | 33 | 34 | 35 | 36 | 37 | 38 |
| VI | 39 | 40 | 41 | 42 | 43 | 44 | 45 | 46 |
| VII | 47 | 48 | 49 | 50 / | 51 | 5 | 53 | |
| VIII | 54 | 55 | 56 | 57 | 58 | 59 | 60 | 61 |

မဂ်လမ်း WAY
သမ္မာတရား TRUTH
ဇီဝအသက် LIFE
တို့ကို ဖော်ပြထားသောအကွက်နေရာနံပါတ်များကို မှန်ကန်စွာဖော်ပြပါ။

| | I | II | III | IV | V | VI | VII | VIII |
|---|---|---|---|---|---|---|---|---|
| I | 1F | 2A | 3T | 4H | 5E | 6R | 7S | |
| II | | 8J | 9E | 10S | 11U | 12S | 13A | 14T |
| III | 15L | 16O | 17R | 18D | 19S | 20L | 21V | 22R |
| IV | 23I | 24S | 25O | 26N | 27I | 28I | 29I | 30U |
| V | 31F | 32E | 33S | 34O | 35N | 36G | 37O | 38T |
| VI | 39E | 40P | 41E | 42W | 43S | 44U | 45U | 46H |
| VII | 47C | 48H | 49R | 50I/A | 51S | 52T | 53R | |
| VIII | 54M | 55A | 56R | 57Y | 58L | 59O | 60V | 61E |





# နာခံခြင်း နာခံခြင်းနှင့် ဆက်နွယ်မှုများ

ဦးဦးဂျွန်

နာခံခြင်းသည် တစ်ဦးတစ်ယောက်၏နှုတ်မြွက်စကားသံကို တစ်ဦးက လက်တွေ့ကျကျ လက်ခံကျင့်သုံး အကောင်အထည်ဖော် သက်သေထူရပ်တည်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် အကြီးအကဲ၏စကားသံတော်ကို ရိုသေလေးစားလိုက်လျှောက်ခြင်းပင်ဖြစ်၏။ နာခံခြင်းသည် ပညတ်တရား၊ သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေမသတို့၏အတွင်း၌ လုပ်ဆောင်ရမည့်နည်းလမ်းတစ်ရပ်ဖြစ်သည်။

နာခံခြင်းဆိုရာ၌ ဘုရားသခင်၏ သမ္မာကျမ်းစာတော်မြတ်အားဖြင့် ဖွင့်ပြချက်များကို နားထောင်တုံ့ပြန်ခြင်းဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်ကျမ်းစာတော်မြတ်တို့ကို လူသားတို့က နာခံလိုက်လျှောက်ရန် ဘုရားသခင်သည် လူသားတို့၏အသက်တာတွင် နည်းလမ်းအမျိုးမျိုးတို့ဖြင့် ဖော်ပြတော်မူသည်။

တစ်နည်းအားဖြင့်ဆိုသော် ဖန်ဆင်းရှင်ထာဝရဘုရားသခင်နှင့် ဖန်ဆင်းခံလူသားတို့ အပြန်အလှန် အကျိုးပြုခြင်း ဖြစ်သည်။

ဘုရားသခင်၏ နှုတ်ကပတ်သမ္မာစကားတော်မြတ်အား ဖန်ဆင်းခံလူသားကနာခံရန်၊
က - ဖန်ဆင်းရှင်ထာဝရဘုရားသခင်၏ နှုတ်ကပတ်သမ္မာစကားတော်မြတ်အား ဖန်ဆင်းခံလူသားကနာခံရန်၊ ဖန်ဆင်းရှင်ထာဝရဘုရားသခင်၏စကားသံကို ပြည်သူပြည်သားတို့က နာခံသကဲ့သို့လည်းကောင်း၊
ခ - အုပ်ချုပ်သူအစိုးရမင်း၊ ဘုရင်တို့၏စကားသံကို ပြည်သူပြည်သားတို့က နာခံသကဲ့သို့လည်းကောင်း၊
ဂ - မိဘစကားကို သားသမီးတို့က နာခံသကဲ့သို့လည်းကောင်း၊
ဃ - အစေခံကျွန်များက သခင်၏စကားကို နာခံသကဲ့သို့လည်းကောင်း၊
င -အသင်းသား/သူတို့သည်သက်ဆိုင်ရာဂိုဏ်းချုပ်၊ဓမ္မအမှုတော်ဆောင်တို့၏စကားကိုနာခံသကဲ့သို့လည်းကောင်း၊

နာခံခြင်းနှင့်စပ်လျဉ်း၍ သမ္မာကျမ်းစာတော်မြတ်၏ ဓမ္မဟောင်းကျမ်းနှင့် ဓမ္မသစ်ကျမ်းတို့တွင် အတိအကျ ဖော်ပြထားပေသည်။ အောက်ပါကျမ်းချက်တို့၏ အဓိကအကြောင်းအရာတစ်ခုဖြစ်သည်။

(က)
- "နာခံခြင်း" သည် — ၁ ရာ ၁၂:၁၄
- ဓမ္မရာဇဝင်ပထမစောင် — ၂ ရာ ၁၂:၁၀
- ဓမ္မရာဇဝင်ဒုတိယစောင် — ၃ ရာ ၉:၄
- ဓမ္မရာဇဝင်တတိယစောင် — ၄ ရာ ၂၂:၁၉
- ဓမ္မရာဇဝင်စတုတ္ထစောင် — ဒံ ၁:၈
- ဒံယေလအနာဂတ္တိကျမ်း — ယော ၁၀:၂၅
- ယောရှုမှတ်စာ

(ခ) ဓမ္မဟောင်းကျမ်းရှိနာခံခြင်း
(၁) နာခံခြင်းနှင့် ဆက်နွယ်မှုများ — ထွက် ၁၉:၅
(၁) နာခံခြင်းနှင့် ဆက်နွယ်မှုများ
- ဣသရေလလူတို့သည် ဘုရားသခင်စကားကို နားထောင်သည်။ — တရား ၄:၃၀

- ဣသရေလလူတို့သည် ဘုရားသခင်၏ပညတ်တော်ကို လိုက်လျှောက်သည်။ — ထွက် ၃၄း ၁၁
- ပြည်သားတို့သည် ရှင်ဘုရားစကားကို နားထောင်သည်။ — တရား ၁၁း၁၃၊ ၂၇၊ ၃၂ / ဒေ ၈း၂၊ ၃ ရာ ၂း၄၃
- သားသမီးတို့သည် မိဘစကားကိုနားထောင်သည်။ — ထွက် ၂၀း၁၂၊ သု ၁း၈-၉

(၂) နာခံခြင်းသည် ယဇ်ပူဇော်ခြင်းထက် အရေးကြီးသည်။

၁ ရာ ၁၅း၂၂။ ဆာ ၄၀း၆-၈။ သု ၂၁း၃။ ယေ ၇၂၂-၂၃

(ဂ) ဓမ္မသစ်ကျမ်းရှိနာခံခြင်း

(၁) နာခံခြင်းနှင့်ဆက်နွယ်မှုများ

- ပြည်သားများသည် အစိုးရ၏အုပ်စိုးခြင်းကို နာခံသည်။ — ရော ၁၃း၁-၅ / ၁ပေ ၂း၁၃-၁၄
- အစေခံကျွန်များသည် သခင်ကိုနာခံသည်။ — ဧ ၆း၅-၈
- နာခံခြင်း၏ အဓိကအကြောင်း — ကော ၃း၂၂
- ခရစ်ယာန်များသည် ဘုရားသခင်စကားတော်ကို နာခံသည်။ — ၁ကော ၇း၁၉ / ဟေဗြ ၁၂း၉။ ယာ ၄း၇
- ယုံကြည်သူခရစ်ယာန်များသည် ခရစ်တော်၏စကားတော်ကိုနာခံသည်။ — ၁ယော ၅း၃ / ယော ၁၄း၁၃၊၂၃။ ရော ၁း၇။ ၁ကော ၉း၂၁။ ဂလ ၆း၂။ ဟေဗြ ၅း၉
- သားသမီးများသည် မိဘစကားကိုနားထောင်သည်။ — ဧ ၆း၁။ ကော ၃း၂၀

ဓမ္မဟောင်းကျမ်းမှ နာခံခြင်းအကျိုးကျေးဇူးများဆိုင်ရာ ကျမ်းချက်အချို့

ထွက် ၁၉း၅-၆။ တရား ၂၈း၁-၁၄။ ယောရှု ၁း၇-၈

ဓမ္မသစ်ကျမ်းမှ နာခံခြင်းအကျိုးကျေးဇူးများဆိုင်ရာကျမ်းချက်အချို့

ရော ၁း၅။ ၁ကော ၇း၁၉။ ရော ၅း၁၉။ ဖိ ၂း၈

ဓမ္မဟောင်းကျမ်းမှ မနာခံခြင်း၏ရလဒ်ဆိုင်ရာ ကျမ်းချက်အချို့

က ၃း၁-၆၊ က ၃း၁၇-၁၉။ ယောန ၁း၄-၁၂။ ယောန ၁း၁၃-၁၆

ဓမ္မသစ်ကျမ်းမှ မနာခံခြင်း၏ရလဒ်ဆိုင်ရာ ကျမ်းချက်အချို့

ရော ၅း၁၂။ ရော ၅း၁၅-၁၇။ ရော ၅း၁၆၊ ၁၈။ ရော ၁၉

"ပေတရုနှင့်အခြားသောတမန်တော်တို့ကလည်း လူ၏စကားထက် ဘုရားသခင်၏စကားတော်တို့ကို နားထောင်သင့်ပါ၏" တ ၅း၂၉

နာခံခြင်း၊ နာခံခြင်းနှင့်ဆိုင်ရာ ဆက်နွယ်မှုများကို သမ္မာကျမ်းစာအုပ်မှ ကောက်နှုတ်တင်ပြအပ်ပါသည်။❑





# ကိုယ်ကျိုးစွန့်နိုင်မှတိုးပွားမည်

ဘုန်းတော်ကြီးအက်စ်ထန်အုပ်
(ရန်ကုန်ကသီဒြယ်ကျောင်းတော်)

လူသည်များသောအားဖြင့် မိမိကြိုက်နှစ်သက်ရာကိုလုပ်ဆောင်လိုကြသည်။ မိမိစိတ်ချမ်းသာအောင်နေမည့်အခွင့်အရေးရှိလျှင် မိမိလုပ်ချင်ရာကို မိမိစိတ်ကြိုက်လုပ်နေရလျှင် လောကနိဗ္ဗာန်၊ လောက၏ အသာယာဆုံးအသက်တာဟုခံယူထားကြသည်။ လူသည် များသောအားဖြင့် ကိုယ်ကျိုးကိုဦးစားပေးတတ်ကြသည်။ ဘုရားအရေးကိုနှုတ်မှတဖွဖွပြောတတ်ကြသော်လည်း မိမိအလို၊ မိမိဆန္ဒနှင့်ဆန့်ကျင်နေလျှင် ဘုရားအလိုကိုပင်လျစ်လျူရှုတတ်ကြသည်။ အရေးကြီးသည်မှာ မိမိစိတ်ကြိုက်လုပ်ရန်၊ မိမိကိုယ်ခန္ဓာသက်တောင့်သက်သာဖြစ်နေရန်မှာ ပထမဖြစ်သည်။

သက်သာဖြစ်ခြင်းသည့် နေရာ

သက်တောင့်သက်သာဖြစ်ခြင်းသည့်အခြေအနေဖြစ်သည်။ တိုင်းအတွက်မမျှော်မှန်းနိုင်သောအခြေအနေဖြစ်သည်။ ထိုအခြေအနေရောက်အောင် ပထမအပင်ပန်းခံ၊ အနစ်နာခံ၊ အရှုံးခံရဦးမည်ဖြစ်သည်။ ကြီးပွားချမ်းသာလိုသောသူများသည် ပထမကိုယ်ကာယအင်အား၊ ငွေအင်အား၊ တွေးခေါ်မြော်မြင်မှုအကြံအစည်များထုတ်ခြင်းများကို ရင်းနှီးမြှုပ်နှံကြရသည်။ အောင်မြင်မှုမရခင် ဖွဲ့လုံ့လ၊ ဝီရိယများကို ရှေ့တန်းတင်ထားလုပ်ဆောင်ကြရသည်။ လောကတွင် ကြိုးစားအောင်မြင်မှုသာရှိနေလျှင် စာမျက်နှာရှာတွေ့နိုင်မည်မဟုတ်ချေ။ ထိုသို့အောင်မြင်ခြင်း ကမ္ဘာကြီးသည် ရှုံးနိမ့်ခြင်း၊ အားပေးကူညီခြင်း စာမျက် ကြောင့် ကမ္ဘာလောကကြီးသည် ကောင်းသောအရာ သုံးဖြုန်း၍မကုန်နိုင်သကဲ့သို့ ပျက်စီးဆုံးရှုံးခြင်းလည်း ဒုနဲ့ဒေးရှိနေမည်မှာ မလွဲပေ။ အရှုံးနှင့်ရင်ဆိုင်ရခြင်းအားလုံးတို့သည် မကောင်းသောအရာများဟု မသတ်မှတ်နိုင်သကဲ့သို့ အောင်မြင်ခြင်းအားလုံးသည်လည်း ကောင်းသောအရာများအဖြစ် သတ်မှတ်၍မရနိုင်။

ရည်မှန်းချက်အတွက် အကောင်းဆုံးပြင်ဆင်အင်အားထုတ်ရမည်

အသက်တာအတွက် မိမိဖြစ်ချင်သည်ကိုရည်မှန်းချက်အတွက် စံနှုန်းတစ်ခုထားသက်ရှင်လျှင် မိမိရည်မှန်းချက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေသောအရာများကိုလျှော့၍ လိုက်စားကျင့်ကြံသင့်သည်။ လိုအပ်လျှင် လုံးဝစွန့်လွှတ်နိုင်အောင် ကြိုးစားရန်လိုအပ်သည်။ ဥပမာ - ဆယ်တန်းအောင်ချင်သောကျောင်းသားတစ်ယောက်အနေဖြင့် ဆယ်တန်းစာမေးပွဲဖြေနေရမည့်နှစ်တွင် ဆယ်တန်းအောင်ရေးသည်သာ အရေးအကြီးဆုံးဖြစ်သဖြင့် အခြားလုပ်ငန်းများ၊ လုပ်ဆောင်စာများရှိသော်လည်း ဆယ်တန်းအောင်ရေးကိုသာ အစဉ်ပထမဦးစားပေးလုပ်ဆောင်နေရမည်ဖြစ်သည်။ အခြားလုပ်ငန်းများကို ဆယ်တန်းစာထက် ပို၍ဦးစားပေးလုပ်ဆောင်နေလျှင်၊ ဆယ်တန်းစာအတွက် အားနည်းစေသည်သာမက ဆုံးရှုံးမှုနှင့်လည်း ရင်ဆိုင်ရမည် ဖြစ်သည်။

ရည်မှန်းချက်အတွက် အဟန့်အတားဖြစ်သည့်အရာများကို ဖယ်ရှားနိုင်ရမည်

သမ္မာကျမ်းစာကိုစံထားမည်ဆိုလျှင် များစွာအထောက်အထားတွေ့ရှိနိုင်မည်ဖြစ်သည်။ အာဗြဟံ၏အသက်တာတွင် ဘုရားရှင်၏ကောင်းကြီးမင်္ဂလာရရှိရန် အခွင့်အလမ်းကိုရရှိထားပါသည်။ တစ်ဖက်တွင်လည်း စွန့်လွှတ်နိုင်ရန်လည်း အခြေအနေမျိုးစုံဖြစ်ပေါ်ရင်ဆိုင်ခဲ့ရပါသည်။ ပထမဦးဆုံးဘုရားရှင်၏ကောင်းကြီးမင်္ဂလာကို ရွေးယူနိုင်ရန်အတွက် နေခဲ့သောပြည်၊ ဆွေမျိုးရင်းချာများ၊ အိမ်ထောင်သားချင်းများကိုစွန့်၍ တစ်နေရာသို့ထွက်ခွာသွားရမည်။ ဘုရားရှင်မိန့်မှာသည့်အတိုင်း အာဗြဟံသည် စွန့်၍ နေရင်းဌာနေမှ ဘုရားရှင်ပြလတ္တံ့သောပြည်သို့ ထွက်ခွာသွားခဲ့သည်။ ရယူပိုင်ဆိုင်မည့်နေရာသို့ မရောက်ခင်လည်း လမ်းခရီးစဉ်အားလုံး အဆင်ပြေချောမွေ့သည်တော့မဟုတ်ချေ။ ပထမ သူ၏တူ လောတပိုင်ဆိုင်သောတိရစ္ဆာန်ထိန်းသူများနှင့် အာဗြဟံပိုင်ဆိုင်သောတိရစ္ဆာန်ထိန်းများ အဆင်မပြေဖြစ်ခဲ့ရ၍ လောတနှင့်လမ်းခွဲခဲ့ရသည်။ ဘုရင်များက သူ့ဇနီးကို တပ်မက်ခြင်းကြောင့်လည်း အခက်အခဲကြုံခဲ့ရသည်။ အာဗြဟံအားဖြင့် လူမျိုးကြီးဖြစ်စေမည်။ လူမျိုးများသဲလုံးရေနှင့်အမျှ ပွားများစေမည်ဟု ကတိထားသော်လည်း၊ တစ်ဦးတည်းသောသား ဣဇက်ကို ပူဇော်ဆက်သရန် ဘုရားရှင်တောင်းဆိုခဲ့သည်။ ဘုရားရှင်၏ကောင်းကြီးမင်္ဂလာရရှိရန် တစ်ဦးတည်းသောသား၊ အချစ်ဆုံးသားကို စွန့်လွှတ်ရမည်။ ဘုရားရှင်တောင်းဆိုသည့်အတိုင်း မတွန့်မတို ရဲဝံ့စွာနှင့် ပူဇော်ရန် ပြင်ခဲ့လေသည်။ ထိုသို့ မတွန့်မတို ဘုရားရှင်တောင်းဆိုသည့်အတိုင်း လိုက်နာခြင်းကြောင့်၊ ဘုရားရှင်သည် မိမိအားပူဇော်သည့် သားဣဇက်ကို ပြန်ပေးခြင်းဖြင့် ကတိပေးသည့်အတိုင်း အာဗြဟံကို လူမျိုးကြီးဖြစ်စေပြီး၊ တစ်ဦးတည်းသောသားအားဖြင့် ပင်လယ်ကမ်းခြေသဲလုံးရေသမျှ လူမျိုးတော်ကို ပွားများပြားစေသည်။

ကိုယ်ကျိုးအတွက်ကြောင့် ဘုရားရှင်အလိုတော်မဟန့်တားမိရန်

ရှောလုမင်းသည် ဣသရေလလူမျိုးများ၏ ပထမဦးဆုံးသော ဘုရင်မင်းမြတ်အဖြစ် ဗယ်ာမိန်အနွယ်မှရွေးကောက်ခံရသူဖြစ်သည်။ သို့သော် ဘုရားမိန့်မှာသည့်အတိုင်း တိုက်ပွဲမှရလာသော တိရစ္ဆာန်များအားလုံးနှင့် လက်ရပစ္စည်းများအားလုံးကို သတ်ဖြတ်၊ ဖျက်ဆီးရမည်ဖြစ်သော်လည်း နှမြောသောစိတ်၊ တပ်မက်မိသောစိတ်ရှိခဲ့သည့်အတွက် တစ်သက်လုံး ဗယ်ာမိန်အနွယ်မှ ဘုရင်မင်းအရိုက်အရာကို ပြန်လည်ဆက်ခံခွင့်မရလောက်အောင်ပင် ဖယ်ရှားခြင်းခံခဲ့ရသည်။ ထာဝရဘုရားကို ကြောက်ရွံ့ရိုသေခြင်း၊ နာခံခြင်းသည် အသက်တာတွင် ကြီးပွားလာရေး၊ နောင်အစဉ်အဆက် ဘုရားရှင်၏ကောင်းချီးမင်္ဂလာရရှိရေးအတွက် အခြေခံဖြစ်သည်။ လူသားများ အချင်းချင်းမထီလေးစားပြုရုံဖြင့် ကြီးမားသောဆုံးရှုံးမှုမဖြစ်နိုင်သော်လည်း ဘုရားရှင်၏အလိုတော်ကို ဆန့်ကျင်မိပါက ဘုရားရှင်၏ အလိုတော်ကို မိမိကြိုက်နှစ်သက်ရာအတွက် အသုံးပြုမိပါက ဆိုးကျိုးဆက်များကို ခံစားသွားမည်ဖြစ်သည်။

ဒါဝိဒ်မင်းကြီးသည် အကြိမ်ကြိမ် ဘုရားရှင်၏ဆုံးမခြင်းကိုခံခဲ့ရသည်။ ဒါဝိဒ်မင်းတွင် အားနည်းချက်များရှိသည်။ ယနေ့ထက်တိုင် ဣသရေလလူမျိုးများအတွက် စံထားသောဘုရင်မင်းမြတ်အဖြစ် ခံယူထားကြသည်။ ဣသရေလနိုင်ငံတော်အလံတွင် ဣသရေလဆယ့်နှစ်နွယ်စည်းလုံးခြင်းအမှတ်လက္ခဏာဖြစ်သော ဒါဝိဒ်မင်းကြယ်ကိုဖော်ပြထားကြသည်။ ဒါဝိဒ်မင်းသည် ခြောက်ပြစ်ကင်းသဲလည်းစင်တော့မဟုတ်ချေ။ သို့ရာတွင် ဣသရေလလူမျိုးများအတွက် စံထားရသော ဘုရင်မင်းဖြစ်ရခြင်းသည် သူ့ခေတ်သူ့အခါတွင် ဣသရေလဆယ့်နှစ်နွယ်ကိုစည်းလုံးစွာဖြင့် အတူတကွနေထိုင်နိုင်အောင် စည်းရုံးနိုင်ခြင်းမှာ အဓိကဖြစ်သကဲ့သို့ မိမိကိုယ်တိုင် ဘုရားရှင်နှင့်သစ္စာရှိမှုသည်လည်း အပါအဝင်ဖြစ်သည်။ လူမျိုးတော်ဆယ့်နှစ်နွယ်ကို စုစည်း





စေနိုင်ခြင်းသည် ဘုရားရှင်၏ ကောင်းချီးမင်္ဂလာပင်ဖြစ်သည်။ သူသည် တပ်မက်သောစိတ်ရှိသည်။ ထိုကြောင့် ဥရိယဇနီး ဗာသရှေဘကို လိုချင်စိတ်ရှိသောကြောင့် သိမ်းပိုက်နိုင်ရန် ဥရိယကို ရှေ့တန်းစစ်မျက်နှာပြင်သို့သွားစေခြင်းဖြင့် သေစေသည်။ ထိုအပြစ်ကို ပရောဖက်နာသန်ဖော်ပြသောအခါ စိတ်ဆိုးမည့်အစား နောင်တရ၍ ဝန်ချတောင်းပန်ခဲ့သည်။ အမှားပြုလုပ်သောအခါ၊ ဘုရားရှင်၏ဆုံးမခြင်းကိုခံရလျှင် နောင်တရသည်။ ခံရမည့်အပြစ်ဒဏ်အတွက် ခံယူရန်အစဉ်ပြင်ဆင်မှုရှိသည်။ ဘုရားရှင်ဆုံးမသည့်အတိုင်းလည်း ပြုပြင်ပြောင်းလဲမှုကို ခံယူသည်။

အမြင်သစ်အတွက် ခံယူချက်အသစ်ထားရမည်

ရှင်ပေါလုအတွက် အသက်တာ၏အဓိက ရည်မှန်းချက်မှာ "ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကား သာ၍မြတ်ပေ၏။" ဟူ၍ပင်ဖြစ်ပါသည်။ ထိုရည်မှန်းချက်ကို လျှောက်လှမ်းရန်အတွက် "ခရစ်တော်၌တည်သောသူသည် အသစ်သောသတ္တဝါဖြစ်၏" ဟူသောအချက်မှာ အသက်တာကျင့်စဉ်တစ်ခုအဖြစ် ကျင့်သုံးခဲ့သည်။ မိမိကိုယ်တိုင် တစ်ချိန်က ခရစ်တော်၏အသင်းတော်၏ရန်သူဖြစ်ခဲ့သည်။ ခရစ်တော်အားဖြင့် ပြောင်းလဲမှုကို ဖျက်ဆီးခဲ့သည်။ ခရစ်တော်အားဖြင့် ပြောင်းလဲသည်။ အမြင်ခံယူရရှိပြီးသောအခါ စိတ်ထားပြောင်းလဲသည်။ အမြင်ခံယူချက်ပြောင်းလဲသည်။ မိမိကိုယ်ခန္ဓာကို ခရစ်တော်၏အသင်းတော်တည်ဆောက်ကျယ်ပြန့်လာစေရန် အသုံးပြုတန်ဆာပလာတစ်ခုအဖြစ် ခံယူကျင့်သုံးလာသည်။ မဟောလျှင်ကြားနာမည့်သူ၊ ယုံကြည်မည့်သူရှိမည်မဟုတ်ဟု နားလည်ယုံကြည်သည့်အတိုင်း မိမိအသက်ရှင်သမျှကာလပတ်လုံး သတင်းကောင်းဝေမျှဟောပြောရန် အစဉ်ပြင်ဆင်လျက်ရှိခဲ့သည်။ ယခင်က အလွန်ရွံရှာဖွယ်ကောင်းသူများအဖြစ် ယုဒလူမျိုးများသတ်မှတ်သည့်၊ ယုဒလူမျိုးမဟုတ်သောတစ်ပါးအမျိုးသားများအတွက် ပထမဦးဆုံးသတင်းကောင်းဝေမျှသူအဖြစ် ထင်ရှားခဲ့သည်။ ဘုရားရှင်၏လူသားများအပေါ် ထားရှိသည့်သဘောထားများကို နားလည်သဘောပေါက်ခဲ့သည်။ ရှင်ပေါလုသည် အလုံးစုံတို့၌ ပြည့်စုံသူဟုမပြောနိုင်ချေ။ သမ္မာကျမ်းစာဖော်ပြသည့်အတိုင်းကြည့်လျှင် ကိုယ်ခန္ဓာရေးရာ၊ စိတ်ဓာတ်ရေးရာတို့တွင် အားနည်းသူဖြစ်သည်။ ထို့ကြောင့် မိမိမလုပ်ချင်သောအရာကို လုပ်မိခြင်း၊ လုပ်ချင်သောအရာများကိုမလုပ်နိုင်ခြင်းစသည့်ဖြစ်ရပ်များနှင့် ကြုံတွေ့နေရကြောင်း ရောမဩဝါဒစာတွင် ဝန်ခံရေးသားခဲ့သည်။ သို့သော် ဘုရားရှင်အတွက် အလွန်စိတ်အားကြီးသူဖြစ်သဖြင့် မိမိကိုယ်ကို ရှင်သောပူဇော်သက္ကာအဖြစ် အစဉ်ကြိုးစားအားထုတ်လျက်ရှိကြောင်း တွေ့ရှိရသည်။

တစ်ဦးစီအတွက် စွန့်လွှတ်၊ ဆင်ခြင်သင့်သောအရာများ

ယနေ့အသင်းတော်တွင် ခရစ်ယာန်များဖြစ်ကြသော်လည်း ရေသာခို၊ လှေကြုံစီးလိုက်ပါနေသူများ၊ လိုက်ပါရန်စောင့်နေသူ များစွာရှိသည်။ ဘုရားရှင်ပေးထားသည့်အစွမ်းအစဆုကျေးဇူးများကိုအသုံးမပြု၊ သိမ်းဆည်းထားသူများစွာရှိနေပါသည်။ သင်းအုပ်ဘုန်းတော်ကြီးများလုပ်မည်ကိုစောင့်နေခြင်း၊ အသင်းတော်လူကြီးများနှင့်တာဝန်ရှိပုဂ္ဂိုလ်လုပ်မည်ကိုသာစောင့်ကြည့်သူများစွာရှိကြသည်။ မိမိကိုယ်တိုင်ပါဝင်ရမည်ကို မလိုလား၊ ပွဲကြည့်ပရိသတ်သာလုပ်ပြီး ဘေးမှထိုင်ကြည့်ကာဝေဖန်သုံးသပ်လိုသူကများသည်။ မိမိကိုယ်တိုင် ပါဝင်ပတ်သက်၊ လုပ်ဆောင်မည့်အရာဆိုလျှင် ဝေးဝေးရှောင်လိုကြသည်။

ခရစ်ယာန်များလုပ်ရမည့်အရာ

ခရစ်ယာန်တိုင်းသည် ခရစ်တော်၏ကိုယ်အင်္ဂါအစိတ်အပိုင်းများဖြစ်သည်ဟု ရှင်ပေါလုကဆိုထားပါသည်။ ကိုယ်ခန္ဓာတွင် အင်္ဂါတစ်ခုချို့ယွင်းလျှင် အင်္ဂါမစုံသူ၊ မသန်စွမ်းသူဟုသတ်မှတ်ထားကြသည်။ အသင်းတော်တွင်လည်း အသင်းသားများတညီတညွတ်ပါဝင်ပတ်သက်၊ လုပ်ဆောင်မှုမရှိလျှင် အသင်းတော်ကြီးသည် အင်္ဂါမပြည့်စုံသောအသင်းတော်ဖြစ်နေပေ

မည်။ အသင်းတော်တိုးပွားများလာရန် အသင်းသားများ အားလုံးသည် အခြေခံအင်အားပင်ဖြစ်သည်။ အသင်းသားများအနေဖြင့် မိမိတို့ကိုယ်တိုင် အသင်းတော်လုပ်ငန်းတွင်ပါဝင်ခြင်း၊ ဆုတောင်းပဌနာပြုပေးခြင်း၊ ပေးကမ်းလှူဒါန်းပေးခြင်းတို့တွင် ပါဝင်ရမည်ဖြစ်သည်။ ဤအမှုများသည် တင်းပြည့်အသင်းသားများ၏တာဝန်ပင်ဖြစ်သည်။

အမှုတော်ဆောင်သူများ

အမှုတော်ဆောင်သူများသည် အသင်းတော်ကိုဦးဆောင်၍ တိုးတက်ဖွံ့ဖြိုးစေသူများဖြစ်ကြသည်ဟု ယေဘုယျအားဖြင့်သတ်မှတ်နိုင်သည်။ အားလုံး ပညာရှင်များမဖြစ်နိုင်သကဲ့သို့ တူညီသောဆုကျေးဇူးများအားလုံးပိုင်ဆိုင်ခြင်းလည်း မရှိနိုင်ချေ။ တူညီသောအရာများစွာတွင် တာဝန်ယူခြင်း၊ ကျင့်ကြံအားထုတ်ခြင်းများလည်းရှိသည်။ ပညာအဆင့်အတန်းသတ်မှတ်မှုများတွင် ခြားနားမှု၊ အခြားသောဆုကျေးဇူးခြားနားမှုများရှိပေမည်။ သို့ရာတွင် ဝတ်ပြုကိုးကွယ်မှုကိုမြတ်သူ၊ တရားဒေသနာဟောကြားသူမျှသာမဟုတ်၊ ကိုယ်တိုင်အနီးဆုံးကြိုးစားအားထုတ်သူ၊ ဘာသာရေးနှင့်ပတ်သက်၍အသင်းသားများပို၍ကျွမ်းကျင်နားလည်သူများ၊ ဦးဆောင်နိုင်သူများဖြစ်သည်ဟုဆိုနိုင်သည်။ သူတို့လုပ်ငန်းသည် ဘာသာရေးလုပ်ငန်းများကိုသာ အဓိကလေ့လာဆည်းပူးသူ၊ ကျင့်ကြံအားထုတ်သူများဖြစ်သည်။ ဦးတည်ချက်ကို လွဲမှားစေနိုင်သည့်အရာများလည်းရှိနိုင်သည်။ "ငါလည်းလူပဲ" ဆိုသည့်ခံယူချက်၊ အယူအဆများသည် အမှုဆောင်ဘဝကိုပျက်စီးစေသည်။ ထိုအယူအဆကြောင့် သေရည်သေရက်များကို သာမန်လူများနှင့်တူပြိုင်သောက်ခြင်း၊ လောကီပျော်ပါးမှုများကိုလည်း မလျှော့လိုက်စားခြင်း၊ မိမိ၏အဓိကလုပ်ငန်းဖြစ်သည့် ဘာသာရေးလုပ်ငန်းများကို သိသည်ဆိုရုံလောက်သာ သဘောထားကြသည်။

သာမန်အသင်းသားများသည်ပင်လျှင် ခရစ်ယာန်ဖြစ်ရခြင်းကိုပီပြင်အောင်သိနားလည်သင့်သည်။ ဆာလံဆရာက အချိန်တန်သော် သီးပွင့်ဝေဆာလာနိုင်မည့်သူ၏အသက်တာကို "လူဆိုးတို့အကြံပေးရာသို့ မလျှောက်မလိုက်၊ အပြစ်သားတို့လမ်း၌ မရပ်နေ၊ မထီလေးစားပြုသူတို့နေထိုင်ရာတွင်မနေမထိုင်။ ထာဝရဘုရား၏တရားတော်ကို နေ့ညဉ့်မပြတ်စဉ်းစားဆင်ခြင်သောသူသည် မင်္ဂလာရှိ၏။" ဟုဖော်ပြထားပါသည်။ ထိုသူသည် ထာဝရဘုရား၌အသီးအောင်၍ ပွားများမည့်သူ ဖြစ်သည်။ အသီးတိုင်းကို ထပ်ဆင့်ပွားလာအောင် အစေ့စိုက်၍မရနိုင်ချေ။ အောင်သောအသီးကိုသာစိုက်နိုင်မည်။ အဖျင်းဖြစ်နေလျှင် မျိုးစေ့ပျိုးမရနိုင်။ မျိုးစေ့သည်လည်း ပွားများခြင်းကင်းပြီး မျိုးဆက်ပြတ်၊ ပျက်သုဉ်းသွားမည်သာ ဖြစ်သည်။ ထို့ကြောင့် အောင်သောအသီး၊ ပွားများသော အသီးဖြစ်လာရန် မိမိကိုယ်ကိုသိရန်လိုအပ်ပါသည်။ မိမိယုံကြည်သည့်ဘာသာအကြောင်း သိရန်လိုအပ်ပါသည်။ မိမိတာဝန်ယူရသည့်လုပ်ငန်းတာဝန်အကြောင်းကို သိရန်လိုအပ်ပါသည်။ စိတ်ဝင်စားမှုရှိရန်လိုအပ်ပါသည်။ မအောင်သောအသီးသည် ပွားများမှုမရှိနိုင်သကဲ့သို့ မိမိယုံကြည်မှုနှင့်ပတ်သက်သော အကြောင်းအရာများကိုမသိ၊ နားမလည်၊ ကျင့်ကြံအားထုတ်မှုမရှိလျှင် ဆင့်ပွားနိုင်စရာအကြောင်းမရှိချေ။ ပွားများသောအရာများသည်လည်း အရေအတွက်နှင့်သာမဟုတ်၊ အရည်အချင်းနှင့်ပြည့်ဝသောတိုးပွားမှုဖြစ်ရန် လိုအပ်သည်။

နေရာအနှံ့ သွားရောက်သွန်သင်ပြီး ခရစ်တော်၏တပည့်တော်များဖြစ်စေနိုင်ရန်အတွက် မိမိကိုယ်တိုင် နားလည်ကာ၊ သိကျွမ်းထားသောအရာများကိုသာ သွန်သင်နိုင်မည်ဖြစ်သည်။ မိမိကိုယ်တိုင်တွေ့သော၊ သိသော၊ ခံစား၍ကောင်းသည်ဟု လက်တွေ့ပြနိုင်သော အရာများအတွက်ကိုသာ သက်သေခံနိုင်မည်ဖြစ်သည်။ မိမိကိုယ်တိုင်ခံစားထိတွေ့ပြီးသောအခါ ဆာလံဆရာပြောသကဲ့သို့ "ထာဝရဘုရားသည် ကောင်းမြတ်တော်မူသည်အကြောင်းကို မြည်းစမ်းသိမှတ်ကြလော့" ဟု သက်သေခံနိုင်လိမ့်မည်ဖြစ်သည်။ ❑







"ဒီ အတွန့်အတက်လေးတွေအတွက် ပေးဆပ်ခဲ့ရတာကို မင်းသိလို့လား"

"ငါသိတာကိုသာပြောရရင် မင်းအသက်တာလည်း ပြောင်းလဲသွားနိုင်တယ်"

(၁)

"ငါ ဆယ်တန်းအောင်ပြီ . . . ဘာလုပ်ရမှန်း မသိဘူးကွာ"

"မင်းတို့ဒေသမှာ ကျောင်းဆရာတွေ အရမ်းလိုအပ်နေတာပဲ။ လျှောက်လိုက်ပေါ့၊ရမှာသေချာတယ်"

"ဒါတော့ဟုတ်တယ် . . . ကျောင်းဆရာလုပ်ရင် မြို့မှာ မနေရဘူး . . ။ ဟိုး ဝေးလံလှတဲ့နေရာမှာ တာဝန်ထမ်းရမှာ"

"အင်း . . . တို့ဒေသမှာတော့ ကျောင်းဆရာအလုပ်ကလွဲပြီး တစ်ခြားအလုပ် လွယ်လွယ် မရနိုင်ဘူး . . . ။"

"ငါ တစ်ခုစဉ်းစားနေတယ်"

"ဘာများလဲ"

"ကျမ်းစာကျောင်းတက်ရင် ကောင်းမလား လို့"

"ဘာလဲ၊ မင်းက ဘုရားသခင်အတွက် ဆက်ကပ် ချင်တယ်ပေါ့"

"ဆက်ကပ်လုပ်ဆောင်ရမယ့်အပိုင်းကို ငါ မစဉ်းစားမိသေးဘူး၊ လောလောဆယ် ကျမ်းစာကျောင်းလေးနှစ်တက်ပြီးရင်တော့ အမှုတော်ဆောင်ဖြစ်လာဖို့ အလားအလာရှိတယ် . . ."

"အမှုတော်ဆောင်ဖြစ်လာရင် ဝေးလံတဲ့နေရာ မင်း တာဝန်ကျရင်တော့ . . ."

"ကျောင်းဆရာဘဝနဲ့စာရင် တော်သေးတယ် ထင်တာပဲ"

(၂)

"မင်း ကျမ်းစာကျောင်းအောင်ပြီပဲ။ ဘယ်မှာ တာဝန်ကျသလဲ"

"အလုပ်ခွင်ထဲ မဝင်ချင်သေးပါဘူး"

"ဘာဖြစ်လို့လဲ"

"ပညာမစုံသေးလို့ပါ"

"ဘာပညာလဲ"

"ကျမ်းစာပညာလေ"

"မဟုတ်သေးပါဘူး . . . ကျမ်းစာကျောင်းတက်ပြီး ကျမ်းစာပညာမစုံသေးဘူးဆိုတော့ . . . "

"MIT ဆက်တက်ချင်တယ်ကွာ"

"ဘယ်လောက်ထူးခြားမှာမို့လဲ"

"ဘွဲ့ကမြင့်တယ်။ လူရာဝင်တယ်။အခွင့်အရေးအတွက် အလားအလာကောင်းမယ်။"

"မင်းထမ်းဆောင်ချင်တဲ့အမှုတော်က ဘွဲ့ဒီဂရီတွေ တော်တော်များများ ရထားမှ ဟန်ကျမှာလား"

"ခေတ်အခြေအနေအရပေါ့ကွာ"

(၃)

"ငါလည်း သိက္ခာရပြီးကတည်းက ဘာအလုပ်မှ ကောင်းကောင်းမလုပ်ရသေးဘူး"

"မင်းကို ဘယ်သူမှမခိုင်းဘူးလား"

"ခိုင်းတော့ ခိုင်းချင်မှာပေါ့ကွာ။ ဒါပေမယ့် ပြည်ပပညာတွေက သင်လို့ကိုမဆုံးနိုင်ဘူး"

"ဘာပညာတွေမို့လဲ"

"မင်းကိုပြောရင် နားလည်နိုင်မှာမဟုတ်ပါဘူးကွာ"

"ငါ ဒီလောက်ပဲ ညံ့နေလို့လား"

"တို့အသင်းတော်မှာ ပညာတတ်တွေ အများကြီး လိုတယ်လေ။ လက်ဆင့်ကမ်းဝေမျှနိုင်မယ့် အထွဋ်အထိပ်ဘွဲ့တွေလိုတယ်။ ဒီပညာမှမရရင် မျိုးဆက်သစ်ကို ဘယ်လိုမျှဝေနိုင်မှာလဲ"

"မျိုးဆက်သစ်တွေက ဒီပညာတွေရမှ သာသနာအမှုကို ထမ်းရွက်နိုင်မယ်ပေါ့ . . . "

"အခြားအသင်းတော်ထက် မညံ့အောင်တော့ လုပ်ရလိမ့်မယ်"

(၄)

"တို့အသင်းတော်မှာ ပညာတတ်တွေ ခေတ်စားနေတယ်နော်"

"ပညာတတ်ဆိုမှတော့ ခေတ်ကုန်တယ် ရှိနိုင်ပါ့မလား"

"ပညာတတ်ဆိုတာ ရိုးရိုးကျောင်းပညာ၊ ရိုးရိုးကျမ်းစာပညာကို ပြောနေတာမဟုတ်ဘူး"

"ဟင် . . . ရိုးရိုးမဟုတ်ရင် အဆန်းတကျယ် ပညာ ရှိသေးလား"

"နာမည်နောက်မှာ အတွန့်အတက်လေးတွေ များများပါလေ ဟန်ကျလေပဲ"

"မင်းပြောတာ နားမလည်နိုင်အောင်ပဲ"

"အနာဂတ်အတွက် ထိပ်ပိုင်းသာသနာ့ခေါင်းဆောင်နေရာ စဉ်းစားတဲ့အခါ ဝါ ဆိုတာ အရေးမကြီးတော့ဘူး။ အတွေ့အကြုံဆိုတာ အရေးမကြီးတော့ဘူး။ အသက်အရွယ်ဆိုတာ အရေးမကြီးတော့ဘူး။ အရေးကြီးတာက နာမည်နောက်က အတွန့်အတက်လေးတွေ"

"ဒီအတွန့်အတက်လေးတွေအတွက် ပေးဆပ်ခဲ့ရတာကို မင်းသိလို့လား"

"ငါသိတာကိုသာပြောရရင် မင်းအသက်တာလည်း ပြောင်းလဲသွားနိုင်တယ်"

(၅)

"ငါ သိက္ခာရတော့မယ်တဲ့"

"ဝမ်းသာစရာပဲ"

"ငါ ဝမ်းမသာနိုင်ဘူး"

"ဟေ . . . ဘာလို့"

"သိက္ခာနဲ့ငါ ထိုက်တန်ရဲ့လားဆိုတာ ငါ စဉ်းစား နေတယ်"

"ဘုရားသခင်ရဲ့အလိုတော်ဆိုတာ မင်းသိမှာပါ"

"ဘုရားသခင်ရဲ့အလိုတော်ဆိုတာ ခဏထား၊ ငါ့အလိုက ဘာလဲဆိုတာ ငါအသိဆုံးပါ"

"ရှင်းရှင်းပြောစမ်းပါ"

"ငါ့အပြောအဆို၊ အပြုအမူ၊ အနေအထိုင်၊ အကျင့်အကြံတွေကို ငါအသိဆုံးပဲ။ အဲဒီအထဲက ပြောင်းလဲသင့်တာကို မပြောင်းလဲနိုင်ခင်၊ ပြုပြင်သင့်တာကို မပြုပြင်နိုင်ခင်၊ ဝိညာဉ်ရေးရာလမ်းပြရှင်အဖြစ်နှင့် သိက္ခာယူရတော့မယ် ဆိုတော့ ဒါ ဘုရားသခင်အလိုလား . . . "

"မင်းလိုစဉ်းစားတဲ့သူ ရှိနေသလား၊ မင်းကို ဝေဖန်တဲ့သူ ရှိနေသလား"

"လူတွေဝေဖန်တာကို ငါမကြောက်ပါဘူး။ ဘုရားသခင်ဝေဖန်မှာကိုသာ ငါအကြောက်ဆုံးလေ"

"ဒီလိုဆို ဘုရားသခင် မင်းကို မေးခွန်းထုတ်တဲ့အခါ ကြည့်ဖြေလိုက်ပေါ့ကွာ"

(၆)

"ငါလည်း နားချင်ပြီ။ လုပ်သက်ကလည်း မနည်းတော့ဘူး"

"နားချင်ရင်နားလိုက်ပေါ့။ ညည်းညူနေစရာ မလိုပါဘူး"

"နားလို့မရသေးဘူး။ အစားထိုးဝင်လာမယ့်သူ မရှိသေးဘူးတဲ့"

"ဩော် . . . အစားထိုးနိုင်သူရှိမှ မင်းက နားခွင့်ရမှာကိုး . . . ။ ကောင်းပါတယ်၊ ဘုရားသခင်ကို ကောင်းကောင်းအစီရင်ခံနိုင်မှာပေါ့"

"ဟော့ . . ဟော့ ဘုရားသခင်ထံ ငါ့ကို အစီရင်မခံခိုင်းနဲ့ကွ"

"ဘာလို့ . . . "

"နှစ်ပေါင်းအတော်ကြာကြာသာ ငါလုပ်လာခဲ့ပေမယ့် ငါဘာလုပ်ခဲ့မှန်း ငါ့ကိုယ်ငါ ကောင်းကောင်း မဝေခွဲနိုင်သေးဘူး"

"မဟုတ်သေးပါဘူးလေ . . . "

"ဟုတ်တယ် . . . လုပ်သက်သာ ပြည့်သွားတယ်။ ဘုရားသခင်ကို ငါဘယ်လိုရှင်းပြရမယ်ဆိုတာ မစဉ်းစားတတ်အောင် ဖြစ်နေရတယ်"

"မင်း တာဝန်ကျေပါတယ်"

"သက်ပြည့်အောင်လုပ်လို့ မင်း တာဝန်ကျေပါတယ်။ ဘာတွေလုပ်ခဲ့သလဲ မေးရင် . . . "

(၇)

"တို့ရွာမှာ ဆရာမရှိတာ ကြာပြီကွာ"

"အေး . . . တို့ရွာကိုလည်း ဆရာရောက်မလာတာ ကြာပြီ"

"အင်း . . . ဘုရားကျောင်းခေါင်းလောင်းသံလေး မကြားရတာကြာလို့ . . . လွမ်းသလိုလိုပဲ"

"ဟုတ်မယ် . . . တရားသံလေးတွေ မကြားရတာ ကြာလို့ . . . တို့ဝိညာဉ်တွေလည်း ခမ်းခြောက်ကုန်ပြီထင်ပါရဲ့ . . . "

"ပိုက်ဆံမရှိရင်နေတတ်ပေမယ့် ဆရာမရှိရင် မနေတတ်ဘူးကွာ"

"ငါလည်း မင်းလိုပဲကွာ . . . ဘုရားရှိခိုးတိုင်း ဘုရားသခင်အနားမှာရှိသလို ဆရာလည်း တို့အနားမှာ အမြဲရှိစေချင်တယ် . . . "

"ရှားပါးကုန်တော့ မဖြစ်တန်ကောင်းပါဘူး . . . တို့နဲ့ဝေးရာကိုသာ ပြေးလွှားကုန်လို့လားမှ မသိတာ"

(၈)

"မိန်းမရေ . . . ငါအလုပ်နားရင် ဘယ်မှာ နေရမှာလဲဟင် . . . ။ ငါ့မိဘကလည်း ဘာအိုးအိမ်မှ မထားခဲ့ဘူး"

"တောပြန်ကြတာပေါ့ရှင် . . . "

"တောမှာလည်း တို့ပိုင်ဆိုတာ ရှိလို့လား"

"တစ်နေရာရာတော့ ရှိမှာပါ"

"သမီးကလည်း အခုမှ ဆယ့်တစ်နှစ်ရှိသေးတယ်"

"အပါးတို့ကလည်း ဒါတွေများ တွေးပူလို့ . .၊ သမီးကြီးလာရင် ကျမ်းစာကျောင်းတတ်မယ်သိလား"

"သမီးက ဘာကြောင့်တက်ချင်တာလဲ"

"သမီး ကျမ်းစာကျောင်းဆင်းရင် ဘုရားအလုပ်လုပ်မယ်။ ဒီတော့ အိမ်ခန်းရမယ်။ ဒီတော့ အပါးတို့လည်း နေစရာ မပူရတော့ဘူးပေါ့ . . . "❑

# အသီးသီးပို့
# လက်ဆင့်ကမ်းစို့

ဒေါ်မေမြထွန်း (H.C.T.C)

သခင်ယေရှုခရစ်တော်အား မိမိ၏ ကိုယ်ပိုင်ကယ်တင်ရှင်အဖြစ် ယုံကြည်စိတ်ချဝန်ခံသူတိုင်းသည် ထိုသခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သွားကြသကဲ့သို့ ထိုသို့ယုံကြည်သောသူအချင်းချင်းလည်း တစ်လုံးတစ်ဝတည်းဖြစ်သွားကြပါသည်။ ထိုသို့ယုံကြည်သူများစုဝေးသည့် လူ့ဘောင်အဖွဲ့အစည်းအား အသင်းတော်ဟု နားလည်ထားကြပါသည်။ ယုံကြည်သူများသည်လည်း မျိုးဆက်သစ်များအတွက် မိမိတို့၏ယုံကြည်ခြင်းအား ဆက်၍လက်ဆင့်ကမ်းနေကြရမည်ဖြစ်ပါသည်။ ဤနေရာတွင် ယုံကြည်ခြင်းအား ကလေးသူငယ်များနှင့် မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းပျိုးထောင်ပေးသည့် ချဉ်းကပ်မှုစနစ် နှစ်မျိုးအား လေ့လာကြည့်စေလိုပါသည်။

ကလေးသူငယ်များအား ယုံကြည်ခြင်း ပျိုးထောင်ပေးခြင်း ဟူသည်မှာ ထိုကလေးများ အရွယ်ရောက်လာသည့်အခါ ရှိရမည့် ယုံကြည်ခြင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် ကြိုတင်ပြင်ဆင်ပေးခြင်းပင် ဖြစ်ပါသည်။ အစပြုရမည့်အခြေခံကျမ်းမှာ အရွယ်ရောက်သူရင့်ကျက်သည့်ခရစ်ယာန်များမှ မိမိတို့ဖြတ်သန်းခဲ့ရသည့် ယုံကြည်ခြင်းအတွေ့အကြုံများအား ရိုးရှင်းစွာပြုလုပ်ပြီး ကလေးများသိရှိရန် သွန်သင်ပေးခြင်းဖြစ်ပါသည်။ ထိုအစပြုခြေလှမ်းမှာ ကလေးများအရွယ်ရောက်လာသောအခါ ထပ်မံတည်ဆောက်နိုင်မည့် အခြေခံအုတ်မြစ်များချပေးခြင်းပင် ဖြစ်ပါသည်။ အသက်အရွယ်တစ်ခု၌ သင်ယူသည့်အရာများသည် နောက် အသက်အရွယ်တစ်ခုအတွက် အခြေခံအုတ်မြစ်များပင် ဖြစ်ပါသည်။ လူငယ်များ၏ယုံကြည်ခြင်းဖွံ့ဖြိုးမှုသည် ကလေးဘဝ၌ယုံကြည်ခြင်းဖွံ့ဖြိုးမှုအပေါ်၌ လုံးဝအမှီပြုနေပါသည်။ သို့သော် ကလေးဘဝယုံကြည်ခြင်း ရှင်သန်ရန်ပြုစုခြင်းနှင့် လူငယ်ဘဝယုံကြည်ခြင်းဖွံ့ဖြိုးရန်ပြုစုခြင်းသည်လည်း ကွာခြားမည်ဖြစ်ပါသည်။ ကလေးဘဝအချိန်၌ သိုလှောင်ခြင်း၊ စုစည်းခြင်းဖြင့် တည်ဆောက်နေသောနှစ်ကာလများဖြစ်ပြီး အရွယ်ရောက်လာသောအခါ ထိုသို့ လှောင်စုစည်းထားသည်များကို အခြေခံပြီး မိမိ၏ယုံကြည်ခြင်းအား ပုံသွင်းလာပါတော့သည်။ သို့ဖြစ်၍ ကလေးသူငယ်များအား ယုံကြည်ခြင်း လက်ဆင့်ကမ်းရာ၌တွေ့ရသည့်ချဉ်းကပ်မှုပုံစံ နှစ်မျိုးအား ဖော်ပြလိုပါသည်။

ပထမချဉ်းကပ်မှုပုံစံအား "အစပြုချဉ်းကပ်ခြင်းပုံစံ" ဟုခေါ်ပါသည်။ ၎င်းပုံစံတွင် ယုံကြည်ခြင်းအား ကလေးများထံသို့ သွယ်ဝိုက်သောနည်းဖြင့် ပို့ဆောင်ပေးခြင်း (သို့) ဖော်ပြပေးခြင်းဖြစ်ပါသည်။ ၎င်းပုံစံတွင် . . .

(၁) ယုံကြည်ခြင်းပြင်ဆင်ပေးမှုအချိန်ဖြစ်၍ ယုံကြည်ခြင်းနှင့် ၎င်းအစဉ်အလာများအား ကလေးဆီသို့ နီးကပ်စွာယူဆောင်လာခြင်း ဖြစ်သည်။

(၂) ကလေးများသည် လူကြီးများ၌ရှိသည့် ယုံကြည်ခြင်းမျိုးရှိရန် မလိုအပ်သေးပေ။

(၃) ကလေးများသည် မိမိ၏အသင်းတော်နှင့် ပဋိညာဉ်ပြုပြီး ပါဝင်ဆက်ကပ်ရန် စိတ်ကူးရှိတတ်သော်လည်း ရာသက်ပန်ဆက်ကပ်ခြင်းအမှုသည် လူကြီးများနှင့်သာ ပို၍သက်ဆိုင်သည်။

(၄) ကလေးသူငယ်များအား ယုံကြည်ခြင်းအစပြုခြင်းများဖြင့် မိတ်ဆက်ပေးရန်သာလိုသည်။ လူကြီးများကဲ့သို့ မြင့်မားသောအရည်အသွေးများ ကလေး၌ရှိမည်မဟုတ်သေးပေ။

(၅) ပုံစံတကျသင်ကြားပေးခြင်းသည် တစ်ဦးတစ်ယောက်စီတိုင်း၏ အဆင်သင့်ဖြစ်နေခြင်းအပေါ်၌ မူတည်အခြေခံသကဲ့သို့ ယုံကြည်ခြင်းသည် လက်ခံခြင်းနှင့်ငြင်းပယ်ခြင်းပြုနိုင်သည့် တိကျစွာ ဖော်ညွှန်းထားသည့်ဒေသနာ (သို့) ယုံကြည်ချက်မဟုတ်ပေ။

ဤအချက်များသည် "အစပြုချဉ်းကပ်ခြင်းပုံစံ" အား ကျင့်သုံးသူမှ လက်ခံသောအချက်များဖြစ်ကြပါသည်။

ဒုတိယပုံစံတစ်မျိုးမှာ "အခြေခံချဉ်းကပ်ခြင်း" ပုံစံပင်ဖြစ်ပါသည်။ ၎င်းပုံစံ၏ ဝိသေသလက္ခဏာများမှာ . . .

(၁) သမ္မာတရားသတင်းကောင်းအား ကလေးသူငယ်များဆီသို့ ပြည့်စုံစွာနှင့် စောလျင်စွာ ပို့ဆောင်ပေးရမည်။ လူကြီးများ၏ယုံကြည်ခြင်းနှင့် ဒေသနာအခြေခံများအား ရိုးစင်းစွာပြုလုပ်ပြီး ကလေးများအား သင်ကြားပေးရမည်။

(၂) ကလေးသူငယ်များ၌လည်း ပုဂ္ဂလိကကိုယ်ပိုင် ယုံကြည်ချက်ရှိရန်လိုသည်။ သတင်းစကားအပေါ် မိမိတို့လက်ခံနိုင်သကဲ့သို့ ငြင်းပယ်နိုင်စွမ်းလည်း ရှိရမည်။ ယုံကြည်ခြင်းပုံဖော်တည်ဆောက်ပေးမည့်အစီအစဉ်များ၌ ကလေးများလည်း အဆင်သင့်ဖြစ်နေသည်။

(၃) ကလေးများ ယုံကြည်ခြင်းဆိုင်ရာသင်ယူရန် အတွက် အကောင်းဆုံးနည်းလမ်းမှာ ထိုယုံကြည်ခြင်းဆိုင်ရာအား တိုက်ရိုက်ရှင်းလင်းစွာဖော်ပြပေးခြင်းဖြစ်သည်။

(၄) ကလေးများ၏မေးခွန်းများနှင့် ရုန်းကန်ရမှုများ အတွက်တုံ့ပြန်ပေးမှုသည် တစ်ကြိမ်တစ်ခါတည်းနှင့် အပြီးဖြေကြားခြင်းမျိုးဖြစ်သည်။

(၅) ကလေးဘဝ၌ အထူးပြုသည့်အရာမှာ ယုံကြည်ခြင်းဆိုင်ရာတည်ဆောက်မှု၌ အခြေခံသည်။ ထို့ကြောင့် ယုံကြည်ခြင်းဖွံ့ဖြိုးလာရန် တိုက်ရိုက်လုပ်ဆောင်ရမည်။

ဤအချက်များသည် "အခြေခံချဉ်းကပ်ခြင်း" ပုံစံအား ကျင့်သုံးသူများ ယုံကြည်ခြင်းအား ပို၍ခံယူနိုင်သည်ဟူ၍ဖြစ်သည်။ သို့ဖြစ်၍ ကလေးများဆီသို့ ယုံကြည်ခြင်းဆိုင်ရာများအား နီးကပ်စွာနှင့် တိုက်ရိုက်ယူဆောင်သွန်သင်ရမည်ဟု ခံယူကြသည်။

ဥပမာအနေဖြင့် အီစတာအကြောင်းအား ချဉ်းကပ်ခြင်းပုံစံနှစ်မျိုးဖြင့်တင်ပြမည်ဆိုပါက ပထမနည်းဖြစ်သည့် "အစပြုချဉ်းကပ်ခြင်းပုံစံ" မှာ အီစတာနှင့်ပတ်သက်၍ သေခြင်း၊ ရှင်ခြင်းဆက်ကပ်အပ်နှံမှု၊ နိမိတ်လက္ခဏာအံ့ဩစရာနှင့် အားပေးမစမှုများအကြောင်းအခြေခံစဉ်းစားပြီး ပေတရု၏ငြင်းဆိုမှုများ ခရစ်တော်ဝေဒနာခံစားရမှုနှင့် သေခြင်း၏အောင်မြင်ခြင်းများအကြောင်းတို့သည် ကလေးများ၏အသက်တာ၌ မည်သို့အဓိပ္ပာယ်ရှိကြောင်း တွေ့ကြုံခံစားကြည့်စေမည်ဖြစ်ပါသည်။ ကားတင်ခံခြင်းနှင့် ရှင်ပြန်ခြင်းအား ဒေသနာတစ်ခုအဖြစ်မပြောဘဲ ပုံပြင်တစ်ခုအဖြစ် ပြောပြပေမည်။ ကလေးများနားလည်သလို နိဂုံးချုပ်နိုင်ရန်လည်း ခွင့်ပြုပေလိမ့်မည်။ ယုံကြည်ခြင်းဆိုင်ရာအား အဓိပ္ပာယ်ဖွင့်ပြခြင်းမျိုးမဟုတ်ဘဲ အနာဂတ်၌ အဓိပ္ပာယ်ဖွင့်နိုင်ရန် လိုအပ်မည့်တန်ဆာပလာများ ပြင်ဆင်ပေးခြင်းပင်ဖြစ်ပါသည်။ နောင်တစ်ချိန် ရင့်ကျက်မှုရှိလာသည့်အခါ အီစတာနှင့်ပတ်သက်၍ မိမိတို့ နားလည်သဘောပေါက်လာကြမည် ဖြစ်သည်။ သို့သော် "အခြေခံချဉ်းကပ်ခြင်း" ပုံစံ၌မူ ကလေးများအား ခရစ်တော်၏အသက်တာအဖြစ်အပျက်များနှင့် ပုံပြင်ကိုသာ ပြောမည်မဟုတ်ဘဲ ဒေသနာဆိုင်ရာအဓိပ္ပာယ်များကိုပါ သိနားလည်ရန် လုပ်ဆောင်ပေးပေလိမ့်မည်။

ထို့ကြောင့် ၎င်းပုံစံ နှစ်မျိုး၏ရလဒ်များအား လေ့လာကြည့်ပါက "အစပြုချဉ်းကပ်ခြင်းပုံစံ" ဖြင့် သွန်သင်ခံရသည့်ကလေးများ၌ . . .

(က) အရွယ်ရောက်လာသည့်အခါ မိမိတို့ အဖြေမရသေးသည့် မေးခွန်းများအား ဖြေလာနိုင်ပေလိမ့်မည်။

(ခ) ယုံကြည်ခြင်းသည် ကိုယ်ပိုင်ဖြစ်ရခြင်းနှင့် အခြားလူတစ်ဦးဦးမှ ယုံကြည်လုပ်ဆောင်ပေး၍မရကြောင်း သိလာပေလိမ့်မည်။

(ဂ) အရွယ်ရောက်လာသည့်အခါ ယုံကြည်ခြင်း တည်

ဆောက်ပုံသွင်းပေးမှုအတွက် အဆင်သင့်ဖြစ်နေပေမည်။ လိုအပ်သည့် တန်ဆာပလာများတပ်ဆင်ပေးပြီးသား ဖြစ်နေပေမည်။

(ဃ) "ယုံကြည်ခြင်းအစပြုသူများ" အနေဖြင့် မိမိတို့၏အသင်းတော်နှင့် ပဋိညာဉ်ပြုရန် ဆန္ဒရှိနေပေလိမ့်မည်။

(င) အသင်းတော်နှင့်ခရစ်ယာန်အသက်တာသည် လူသားတို့၏အတွေ့အကြုံ၊ သဘာဝနှင့် လောကကမ္ဘာကြီး၌ လက်တွေ့တည်ရှိကြောင်း သိလာပေလိမ့်မည်။

သို့သော် "အခြေခံချဉ်းကပ်ခြင်းနည်း" ဖြင့် သွန်သင်ခံရသည့်ကလေးများ၌မူ . . .

(က) မိမိတို့မေးခွန်းမထုတ်မီတွင် အဖြေရနေပြီဖြစ်သောကြောင့် ယုံကြည်ခြင်းဆိုင်ရာမေးခွန်းများအား မေးပြီးအဖြေရှာသည့်အချိန်ရောက်လာပါက မရှင်းမလင်း ဖြစ်သွားနိုင်ပေမည်။

(ခ) ခရစ်ယာန်အသက်တာသည် ရှုပ်ထွေးပြီး အစစ်အမှန်မဟုတ်ကြောင်း ခံယူသွားနိုင်သည်။ အကြောင်းမှာ လက်တွေ့အသက်တာ၌ဆက်စပ်၍မရသောကြောင့် ဖြစ်သည်။

(ဂ) မိမိတို့အသက်အရွယ်အတွက် ဆက်ကပ်ခြင်းသည် မဖြစ်နိုင်သည့်အရာဖြစ်ကြောင်းသိလာပြီး ယုံကြည်ခြင်းနှင့် အသက်ရှင်မှုပုံစံကွာခြားကြောင်း လွဲမှားစွာခံယူမိနိုင်သည်။

(ဃ) အသက်အရွယ်ရလာသည်နှင့်အမျှ အသင်းတော်နှင့်ပါဝင်ပတ်သက်ခြင်းသည် လှည့်စားခံရခြင်း၊ အနိုင်အထက်ပြုခံရခြင်းဖြစ်သည်ဟု ခံစားလာတတ်ပြီး မိမိတို့၏ဆုံးဖြတ်ချက်များသည် အဓိပ္ပာယ်မဲ့နေခြင်းနှင့် ယုံကြည်ခြင်း၏အဓိပ္ပာယ် လွဲမှားနေကြောင်း ခံစားမိလာနိုင်သည်။

(င) ငယ်စဉ်ကခံယူခဲ့သည့်ယုံကြည်ခြင်းထက် ပို၍ နက်ရှိုင်းစွာတိုးချဲ့နိုင်မည်မဟုတ်သကဲ့သို့ ထိုကဲ့သို့ယုံကြည်ခြင်းသည်လည်း အေးခဲပြီးအသေဖြစ်သွားနိုင်ပါသည်။

သို့ဖြစ်၍ ယုံကြည်ခြင်းအား လက်ဆင့်ကမ်းပေးရာ၌ မည်သို့သောနည်းပုံစံအား ရွေးချယ်အသုံးပြုမည်ကို စဉ်းစားဆုံးဖြတ်ရပေမည်။ စာရေးသူ၏ရပ်တည်ချက်မှာ သမ္မာတရားဆိုင်ရာယုံကြည်ခြင်းအား ကလေးများကြီးပြင်းလာသည့်အခါ၌ လက်ခံလာနိုင်ရန် ငယ်ရွယ်စဉ်၌ တိုက်ရိုက်သွန်သင်ပေးခြင်းနည်း (သို့) "အခြေခံချဉ်းကပ်ခြင်း" ပုံစံသည် မလုံလောက် မမှန်ကန်ကြောင်းပင်ဖြစ်ပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့လူကြီးများသည် မကြာခဏဆိုသလို ကလေးများအားကိုယ့်အစီအစဉ်များ၌ လူကြီးများကဲ့သို့ ထင်မြင်ပြီး ဘုရားသခင်၏အချိန်နှင့်အစီအစဉ်အား မစောင့်ဘဲ အတင်းအဓမ္မသွန်သင်ပေးနေတတ်ပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် ဘုရားသခင်အား ယုံကြည်မှုနည်းသောကြောင့်လည်းဖြစ်ပါသည်။ ကျွန်ုပ်တို့အတွက် အရေးကြီးလှပါသည်ဟု ထင်မြင်ယူဆတန်ဖိုးထားသည့် ကလေးများအား ဘုရားသခင်ထံအပ်နှံရန် စိုးရိမ်ပြီး ဆန္ဒမရှိခြင်းသည် ကျွန်ုပ်တို့၏ပုံသဏ္ဌာန်နှင့်ဖန်ဆင်းခံထားရခြင်းမဟုတ်ဘဲ ဘုရားသခင်၏ပုံသဏ္ဌာန်နှင့်အညီ ဖန်ဆင်းခံထားရသောကြောင့် ဖြစ်ပါသည်။ အဆင်သင့်ဖြစ်ခြင်းဆိုင်ရာအချိန်အား ဘုရားသခင်သာပိုင်ဆိုင်ကြောင်း သတိမမေ့သင့်ပေ။ လူသားတိုင်းသည် ဘဝအသက်တာ၏အဆင့်တိုင်းတွင် မတူညီသည့်စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရန် အဆင်သင့်ရှိနေရမည်မှာ မှန်ပါသည်။ ထို့ကြောင့် ဒေသနာဆရာမှ "ခပ်သိမ်းသောအမှုအရာတို့သည် မိမိတို့အချိန်ရှိ၏" ဟုသွန်သင်ပေးခဲ့ပါသည်။ ခရစ်ယာန်ဘာသာ၏သမ္မာတရားဆိုင်ရာများအား မကြားမသိဘူးသေးသည့် လူကြီးများအား သင်ကြားမည်ဆိုပါက ယုံကြည်ခြင်း၏အခြေခံအကျဆုံးအရာများကိုသာ သင်ကြားပေးပေမည်။ အကြောင်းမှာ အရွယ်ရောက်သူတစ်ဦးသည် ကလေးတစ်ဦးထက် ပို၍ သင်ကြားခြင်းခံနိုင်သောကြောင့်ဖြစ်ပါသည်။ သို့သော် ကလေးသူငယ်များအား သင်ကြားပေးရာတွင် အရွယ်ရောက်ချိန်၌အသုံးပြုနိုင်မည့် တန်ဆာပလာများအား တပ်ဆင်ပေးခြင်းမျိုးသာ ဖြစ်သင့်ပါသည်။ ဤနည်းသည် "အစပြုချဉ်းကပ်ခြင်း" ပုံစံ၏သဘောသဘာဝ တစ်ခုလည်းဖြစ်ပါကြောင်း သုံးသပ် တင်ပြအပ်ပါသည်။❑








ဒါကြောင့်
လူနာကိုမကုခင်
ဆေးဝါးများကိုမဖော်စပ်ခင်
ဘုရားသခင်ထံ
အရင်ဆုတောင်းပါတယ်။
အဖူးဆီမှာ
ဒီဆေးပညာရပ်တွေကို
လက်ဆင့်ကမ်းဖို့
တပည့်တပန်းတော့
မရှိသေးပါဘူး။

## ဘုရားသခင်၏ဆုကျေးဇူးများကိုဂုဏ်တင်ခွဲစေသူ
# သမားတော်တစ်ဦး
## နှင့်တွေ့ဆုံခြင်း

အမှတ်တမဲ့နေ့တွေက အမှတ်တရ ဖြစ်နေလားတော့ မပြောတတ်ပါ။ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်၊ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ ကျောင်းသူကျောင်းသားတို့သည် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ တောင်ငူသာသနာပိုင်နယ်သို့ အမှုတော်ဆောင်ခြင်းလုပ်ငန်းအတွက် လက်တွေ့ကွင်းဆင်းသင်ကြားလေ့လာကြရန် ခရီးနှင်ခဲ့ကြသည်။ နွေနေသည် ချွေးကိုထွက်စေတတ်၏။ တစ်ဖ နွေလေတို့သည် ချွေးကိုမသိမသာ ပြန်လည်ချောသိပ်တတ်၏။ နောက်ဆုံးမှာတော့ကွယ် နွေဆည်းဆာတို့သည် ဘုရားသခင်၏ ဆုကျေးဇူးများကို ခံစားခွင့်ပေးတတ်ကြသည်ဟု အမှတ်တမဲ့နှင့်အမှတ်တရတို့က ရှိနှင့်နေပြီလေ။ ဘုရားသခင်၏ဆုကျေးဇူးသည် ကျွန်ုပ်တို့အနီးအနားတွင် အမြဲရှိနေပေသည်။ ၎င်းဆုကျေးဇူးများကို ကျွန်ုပ်တို့လူသားတို့သည် မခံယူတတ်ဘဲ အရေပြားအောက်၌သာ ဥပေက္ခာပြုခြင်းနှင့်သိုထားတတ်လေသလား။ နီးလွန်းလျှင် မမြင်နိုင်တော့သည့်သဘောလား။

ကျွန်ုပ်တို့၏ နွေရာသီခရီးစဉ်တွင် ဘုရားသခင် ပေးသနားတော်မူသောဆုကျေးဇူးများကို မြင်၍မျှော်လင့်တတ်သူ၊ အရိုးကုသမားတော်ကြီးတစ်ဦးနှင့်တွေ့ဆုံဖြစ်ခဲ့ကြသည်။ ဆရာကြီးသည် မည်သည့် ဆေးပညာဘွဲ့ဒီဂရီတစ်ခုမျှမရရှိသော်လည်း ဘုရားသခင်၏ မစမှုအောက်တွင် ဆုကျေးဇူးများကို အတိုင်းအတာတစ်ခုထိ ဖော်ထုတ်နားလည်ခံစားတတ်သူဖြစ်သည်။ ကျွန်ုပ်တို့ ကျောင်းသူကျောင်းသားတို့သည် ဘုရားသခင်၏ ဆုကျေးဇူးများကို လက်တွေ့ကျကျနားလည် အသုံးချတတ်သူဆရာကြီးနှင့် ယခုလို အမှတ်တရမေးခွန်းများဖြင့် စကားပြောခွင့်ရခဲ့သည်။ "ဘုရားသခင်၏ဆုကျေးဇူးများကို ဂုဏ်တင့်စေခြင်းဖြစ်သည်" ဟု နားလည် လက်ခံရပါသည်။

✍ ဆရာကြီးကို အဖူး လို့ပဲ ခေါ်ပါရစေနော်။
♦ ဟုတ်ကဲ့၊ ရပါတယ် ခင်ဗျာ . . .။

✍ အဖူးရဲ့နာမည်နှင့် အသက်ကို ပြောပြပေးပါလား။
♦ အဖူးရဲ့နာမည်က ဘိုးဘိုးရာဇာ လို့ခေါ်ပါတယ်။ အဖူးရဲ့အသက်ကတော့ (၈၅)နှစ်ရှိပါပြီ။

✍ အဖူးရဲ့ ဒီလိုအရိုးကုတဲ့ဆေးပညာကို ဘယ်လိုသင်ယူခဲ့သလဲ။ ဘယ်အသက်အရွယ်မှာစပြီး လူနာတွေကို ကုသမှုပြုခဲ့ပါသလဲ။
♦ ဒီပညာကိုသင်ယူခဲ့တဲ့နေရာကတော့ ဟိုး . . ထိုင်းနယ်စပ်မှာပါ။ လူပျိုဘဝတုန်းကပေါ့။ ဝါသနာလည်းပါတယ်၊ ကြိုးစားပြီးတော့လည်း လေ့လာတယ်၊ သင်တန်း အတူတူတက်တဲ့သူတွေထဲမှာ အဖူးတစ်ယောက်ပဲ အောင်အောင်မြင်မြင် ရှိပါတယ်။ ဆေးစတင်ကုတဲ့နေ့ကိုတော့ အတိအကျတော့မသိတော့ဘူး။ မှတ်မိသလောက်ဆိုရင် (၃၂)နှစ်လောက်ကတည်းက စတင်ကုသခဲ့ပါတယ်။ အခုဆိုရင် ဆေးကုသတဲ့သက်တမ်းလည်း နှစ် (၅၀) ကျော်သွားပြီပေါ့။

✍ အဖူးက ဘယ်လိုလူနာတွေကို လက်ခံဆေးကုသပါသလဲ။
♦ အထူးသဖြင့်တော့ တစ်ကိုယ်လုံးမှာရှိတဲ့ အရိုးတွေနဲ့ပတ်သက်တဲ့ ဒဏ်ရာကိုကုပါတယ်။ အရိုးကျိုးတာ၊ အရိုးကြေမွတာတွေလည်း ကုပါတယ်။ အချို့လူနာတွေဆိုရင် ဆေးရုံကတောင် မျှော်လင့်ချက်မရှိတော့ဘူးလို့သတ်မှတ်ပြီး လက်လွှတ်လိုက်တယ်။ အဲလိုလူနာတွေလည်း ကုသခဲ့ပါတယ်။

✍ အဖူးရဲ့ဆေးကုထုံးနဲ့ အသုံးပြုတဲ့ဆေးဝါးတွေကို ကျေးဇူးပြု၍ပြောပြပေးနိုင်မလား။
♦ ကုထုံးကတော့ အရိုးတွေကို တည့်အောင်နှိပ်နယ်ပေးတယ်။ ပြီးတော့ ဆေးရည်တိုက်တယ်။ လိမ်းဆေးလည်း လိမ်းပေးတယ်။ လိုအပ်ရင် ဆေးကိုအနာပေါ်အုပ်ပြီး ပတ်တီးစည်းပေးပါတယ်။ အသုံးပြုတဲ့ဆေးဝါးတွေကတော့ သစ်ဥသစ်ဖုနွယ်ပင်များနဲ့ ကိုယ်တိုင်ဖော်စပ်ထားတဲ့ဆေးတွေပါ၊ သောက်ဆေး လိမ်းဆေး အစုံပါပါတယ်။





✍ အဖူးလူနာကိုဆေးကုတဲ့အခါ လူနာ အနာသက်သာဖို့ အချိန်ဘယ်လောက်ပေးရသလဲ။ အဖူး ကုသခဲ့တဲ့ လူနာဘယ်နှစ်ယောက်ရှိပြီလဲ။
♦ လူနာရဲ့အနာပျောက်ဖို့ကတော့ ဒဏ်ရာအပေါ်မှာမူတည်ပါတယ်။ သာမန်ခြေကျိုးလက်ကျိုးဆိုရင် အချိန်သိပ်မကြာပါဘူး။ ဒဏ်ရာကြီးရင်တော့ ကြာတာပေါ့လေ။ အဖူးကုသခဲ့တဲ့လူနာတွေကတော့ ဟိုးအရင် လူနာစကုကတည်းကနေ ယခုထိဆိုရင်တော့ သောင်းဂဏန်းလောက်ရှိနေပါပြီ။ နေ့တိုင်း လူနာရှိပါတယ်။

✍ အဖူးဆီမှာ လာရောက်ကုသမှုခံယူတဲ့လူတွေက ဒီနယ်တစ်ဝိုက်တည်းကပဲလား။ ဒါမှမဟုတ် အခြားနယ်ကလူတွေ လာကုကြပါသလား။ နောက်ပြီး ဆေးဖိုးကို အဖူးဘယ်လိုသတ်မှတ်ပြီးယူပါသလဲ။
♦ အဖူးဆီလာရောက်ကုသတဲ့လူနာတွေကတော့ နယ်အရပ်ရပ်က လာကြပါတယ်။ သံတောင်နယ်တင်မကပါဘူး။ အချို့ဆိုရင် ရန်ကုန်၊ ရှမ်းပြည်နယ်မှလည်းလာကြပါတယ်။ ဆေးဖိုးကိုတော့ တတ်နိုင်တဲ့လူတွေဆိုရင် ယူပါတယ်။ မတတ်နိုင်တဲ့သူတွေကိုတော့ အခမဲ့ကုသပေးရတာပေါ့။

✍ အဖူးတတ်မြောက်ထားတဲ့ဆေးပညာကို ဘယ်လိုမြင်သလဲ။ နောက်ပြီး ဒီဆေးပညာတွေကို ဆက်လက် လက်ခံယူမယ့် အဖူးရဲ့တပည့်သားချင်းတွေများရှိပါသလား။
♦ လူသားတို့ကို အကျိုးပြုတဲ့ဆေးပညာတစ်ခုဖြစ်ကြောင်း နားလည်ရပါတယ်။ ဒီပညာကိုရရှိခြင်းသည်လည်း ကိုယ်ပိုင်အစွမ်းအစကြောင့်မဟုတ်။ ဘုရားသခင်ပေးသနားတဲ့ဆုကျေးဇူးအဖြစ်ပဲ မြင်မိပါတယ်။ ဒါကြောင့် လူနာကိုမကုခင်၊ ဆေးဝါးများကိုမဖော်စပ်ခင် ဘုရားသခင်ထံ အရင် ဆုတောင်းပါတယ်။ အဖူးဆီမှာ ဒီဆေးပညာရပ်တွေကိုလက်ဆင့်ကမ်းဖို့ တပည့်တပန်းတော့ မရှိသေးပါဘူး။ အခုလက်ရှိ ဒီဆေးပညာကို အဖူးရဲ့ဇနီးသည်ကိုပဲ လက်ဆင့်ကမ်းပေးနေပါတယ်။

✍ ဆေးကုသမှု လိုအပ်နေတဲ့သူတွေကို အဖူး ဘာစကားများ ပါးချင်ပါသလဲ။
♦ ဆေးကုသမှုကိုခံယူလိုသူတိုင်း ဘယ်အရပ်ဒေသကမဆို လာရောက်ပြီး အကူအညီတောင်းနိုင်ပါတယ်။ ကုသနိုင်ပါတယ်။

အခုလိုဖြေကြားပေးတဲ့အတွက် အဖူးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ အဖူးကို ဆက်လက်၍ ဘုရားသခင် ကောင်းကြီးပေးပါစေ။

အဖူးက မြန်မာလို ကျွမ်းကျင်စွာမပြောနိုင်သောကြောင့် ကရင်ဘာသာစကားဖြင့် မေးမြန်း၍ ဘာသာပြန် ဖော်ပြပေးခြင်းဖြစ်ပါသည်။ အဖူးရဲ့လိပ်စာကတော့ . . .

ရပ်ကွက် (၇)၊ သစ်စက်ကုန်း၊
သံတောင်မြို့သစ်၊ သံတောင်မြို့နယ်၊
ကရင်ပြည်နယ် . . . ဖြစ်ပါတယ်။

ဘုရားသခင်၏ဆုကျေးဇူးကိုရေတွက်လျက်

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
ကျောင်းသူ၊ ကျောင်းသားများ



# အသုံးတည့်ဖို့လိုသည်

## ဘုန်းတော်ကြီးအင်ဒရူးမန်းဇော်လွင်

ပန်းတိုင်းမမွှေးသလို၊ အပင်တိုင်းလည်းမသီးပါ။ သီးတိုင်းလည်းစား၍မရပါ။ အသီးမသီးလို့ စားလို့မရလို့ အသုံးမဝင်ပါဟုလည်းပြော၍မရနိုင်ပါ။ အသီးမသီးသော်လည်း အရိပ်ရကောင်းရမည်။ ကြွေကျသောအရွက်များမှ မြေဩဇာရကောင်းရမည်။ သို့တည်းမဟုတ် ထင်းရကောင်းရမည်။ ဘာမျှအသုံးမကျဘူးဆိုသည်မရှိပါ။ ဘုရားရှင်ဖန်ဆင်းထားသောအရာခပ်သိမ်းကောင်းပါသည်။ သူ့နေရာနှင့်သူ အသုံးဝင်ပါသည်။ လူများလည်း ဤအတိုင်းဖြစ်သည်။ ဘုရားသခင်သည် လူသားအားလုံးကိုချစ်ပါသည်။ ဘုရားသခင်ရှေ့တွင် လူခပ်သိမ်းသည် တန်ဖိုးရှိ၍ သူ့နေရာနှင့်သူအသုံးဝင်ပါသည်။

တချို့အပင်များ အသီးသီးသော်လည်း စား၍မရပါ။ လူစား၍မရသော်လည်း အခြားသတ္တဝါများစား၍ ရကောင်းရမည်။ စားလို့ရသည့်အသီးများတွင်ပင် တချို့ပို၍အရသာရှိသည်ဟု သတ်မှတ်ကြသည်။ ကောင်းမကောင်း၊ သတ်မှတ်ခြင်းသည်လည်း ခြားနားနိုင်သည်။ ဒူးရင်းသီးကိုအသီးထဲတွင်အရသာအရှိဆုံးဟု သတ်မှတ်သူများရှိသလို၊ ဒူးရင်းသီး၏အနံ့ကိုမခံနိုင်လောက်အောင် မုန်းတီးသူများလည်းရှိသည်။ ဤသို့ဆိုသော် မည်သည့် သတ်မှတ်ချက်သည်အမှန်နည်း။

အရိပ်ခိုလိုသူအတွက် အသီးသီးသောအပင်ငယ်လေးသည် လိုချင်မှလိုမည်။

အသီးစားချင်သူအတွက် အရိပ်ရသောအပင်ကြီးကြီးလိုချင်မှလိုမည်။ မိမိလိုချင်တာ၊ လိုအပ်တာနှင့် မ ကိုက်ညီ၍မသုံးမတည့်ဖြစ်ခြင်းသာဖြစ်မည်။ အသုံးမဝင်ဟုမပြောနိုင်ပါ။

အဓိကမှာ အရိပ်လိုရင်၊ အရိပ်ပေးသောအပင်ရှိရမည်။ အသီးစားချင်ရင် စား၍ရသည့်အသီးသီးသော အပင်ရှိရမည်။ ဆိုလိုသည်မှာ လိုအပ်ချက်နှင့်ရှိနေသောအရာ ကိုက်ညီဖို့ဖြစ်ပါသည်။

Plato said: "The life which is unexamined is not worth living.

ပလေတိုကဘာပြောလဲဆိုရင် ပြန်လည်ဆန်းစစ်ခြင်းမရှိသောအသက်တာသည် အသက်မရှင်ထိုက်သော အသက်တာပင်ဖြစ်သည်ဟုပြောပါသည်။

သင်မည်သူနည်း။ မည်သည့်အပင်မျိုးနည်း။ မည်သည့်အရသာရှိသနည်း။❑






# ဓာလိုင်းဒိုက်ဂေါက်

## ဗေသနီရွာမှ မာရိ

(ယောဟန် ၁၂း၁-၇၊ မာကု ၁၄း၃-၉)



သခင်ယေရှုရဲ့ကားတိုင်ခရီးဟာ ဘယ်အချိန်က အစပြုခြင်းဖြစ်ပါသလဲ? သူ့ရဲ့ ဗတ္တိဇံခံခြင်း ဒါမှမဟုတ် သူ့ရဲ့အဆင်းသဏ္ဌာန်ပြောင်းလဲခြင်းအချိန်က နေ ကားတိုင်ခရီးအစပြုနေပြီလို့ ကျွန်တော်တို့ပြောနိုင်စရာအကြောင်းရှိပါတယ်။ ခမည်းတော်ဘုရားသခင်က သူ့ကို ဒုက္ခဝေဒနာခံရခြင်း၊ ငြင်းပယ်ခံရခြင်းနှင့် သေခြင်းဆီ ဦးတည်တဲ့ခရီးလမ်းကို လျှောက်စေချင်တဲ့ အကြောင်း တပည့်တော်တွေကို သွန်သင်ခဲ့ပါတယ်။ သို့ပေမယ့် တပည့်တော်တွေကတော့ နားမလည်နိုင်ကြဘူး။ ဘာပဲဖြစ်ဖြစ် ယေရှုရှလင်ကို နောက်ဆုံးအခေါက်လာတဲ့ခရီးကတော့ အမှန်တကယ်ကားတိုင်ခရီး လက်တွေ့ကျကျအစပြုလိုက်ပြီလို့ လက်ခံရပါတော့မယ်။ အဲဒါကို ရှင်းရှင်းလင်းလင်းဖြစ်စေခဲ့တာက ဗေသနီရွာကလေးကို ရောက်တဲ့အခါမှာပဲဖြစ်ပါတယ်။ အဲဒီအချိန်က ယေရှုရှလင်မြို့မှာ ပဿခါပွဲမစတင်မီ (၆) ရက်အလို ဖြစ်ပါတယ်။

ဗေသနိရွာကလေးက ယေရုရှလင်မြို့ကြီးနဲ့ တစ်တောင်ကျော်လေး ခပ်နီးနီးဖြစ်ပါတယ်။ အဲဒီမှာ သူ့ရဲ့မိတ်ဆွေတွေဖြစ်တဲ့ မာရိ၊ မာသနှင့် လာဇရုတို့ မောင်နှမတွေနဲ့ မကြာခဏတွေ့ကြလေ့ရှိပါတယ်။ နောက်ဆုံးအခေါက် သူရောက်ခဲ့တာက လွန်ခဲ့တဲ့ရက်သတ္တပတ်အနည်းငယ်က လာဇရုကို သေရာမှပြန်ရှင်ထမြောက်ပေးတုန်းက ဖြစ်ပါတယ်။ သခင်ယေရှုက ဂျူးလူမျိုးတိုင်း မပျက်မကွက် ပါဝင်တက်ရောက်ရတဲ့ ပဿခါပွဲတော်မှာ ပါဝင်ဖို့ယေရုရှလင်ကိုလာခဲ့ပေမယ့် ဒီတစ်ကြိမ်ယေရုရှလင်ခရီးဟာ သူ့အတွက် အန္တရာယ်တွေပတ်လည်ဝိုင်းနေတဲ့အခြေအနေဖြစ်ပါတယ်။ လာဇရုကို သေရာမှပြန်ရှင်ထမြောက်ပေးလိုက်တဲ့အခါကစပြီး အန္တရာယ်ကိုလက်ကမ်းလိုက်သလို ဖြစ်သွားခဲ့ပါတယ်။ နိမိတ်လက္ခဏာက တကယ်ကိုကြီးကျယ်ထင်ရှားပါတယ်။ လူတွေရဲ့ပါးစပ်မှာ ပြောမဆုံးနိုင်ဖြစ်ခဲ့ပါတယ်။ ယဇ်ပုရောဟိတ်မင်းတွေက အဲဒါနှင့်ပတ်သက်လို့ နိုင်ငံရေးအုံကြွမှုဖြစ်လာနိုင်စရာရှိတယ်ဆိုပြီး သခင်ယေရှုကို ဒီတစ်ကြိမ် ယေရုရှလင်လာတဲ့အခါ ဖမ်းဆီးဖို့အကြောင်းပြချက်ကောင်း ရရှိသွားတာပေါ့။ သူတို့အနေနဲ့ သခင်ယေရှုကိုဖမ်းဆီးဖို့နည်းအမျိုးမျိုးနဲ့ကြိုးစားခဲ့ပေမယ့် မအောင်မမြင်ဖြစ်ခဲ့ဖူးပြီလေ။ ဒီတစ်ကြိမ်တော့ အလွတ်ပေးလို့မဖြစ်တော့ဘူး။ ဒါကြောင့် ပဿခါပွဲတော်ကို အနယ်နယ်အရပ်ရပ်က စုဝေးရောက်ရှိလာကြတဲ့ ဘုရားဖူးတွေနဲ့ပြည့်ကျပ်နေတဲ့ ယေရုရှလင်မြို့ထဲမှာ ယေရှုဆိုတဲ့လူဟာ သူတို့ဖမ်းဆီးဖို့အလိုရှိသောသူတစ်ယောက် (a wanted man) ဆိုတာကို ကြိုတင်သတင်းဖြန့်ထားခဲ့တယ်။ ပြီးတော့ သခင်ယေရှုရဲ့ လှုပ်ရှားမှုကို အမြဲမပြတ်သိရှိဖို့ စုံစမ်းထောက်လှမ်းမယ့်လူတွေကိုလည်း အဆင့်ဆင့်စေလွှတ်ထားခဲ့ပါတယ်။

သခင်ယေရှုက ဗေသနိရွာကလေးက သူ့မိတ်ဆွေတွေရဲ့နေအိမ်ကို ရောက်လာတဲ့အခါ သူ့မိတ်ဆွေတွေက သူ့အတွက် ဘယ်လောက်အန္တရာယ်ကြီးနေတဲ့အကြောင်း မပြောဘဲမနေပါဘူး။ သခင်ယေရှုကို သူ့တို့ရဲ့နေအိမ်ကိုခေါ်လာတဲ့အခါမှာ သူတို့က ဧည့်



## ...သခင်ယေရှုရောက်လာပြီး သူ့ကိုကြိုဆိုတဲ့ ညစာစားပွဲဟာ အင်မတန်ခြောက်ခြားစရာ အန္တရာယ်တွေနဲ့ ပတ်လည်ဝိုင်းနေတယ်ဆိုတာကို သိနိုင်ပါတယ်။

ဝတ်ပြုတာမဟုတ်ဘူး။ သက်ဆိုင်ရာက အလိုရှိနေတဲ့ ပုဂ္ဂိုလ်ကို ဝှက်ထားခြင်းဖြစ်ပါတယ်။ သခင်ယေရှု သူတို့ဆီမှာရှိနေတာကို တတ်နိုင်သမျှ လျှို့ဝှက်ထားမယ်ဆိုတာ သံသယရှိစရာမလိုဘူး။ ပြီးတော့ သက်ဆိုင်ရာက အပြင်းအထန်အလိုရှိနေတဲ့ ပုဂ္ဂိုလ်တစ်ဦးကို လက်ခံထားခြင်းဟာ သူတို့အတွက် အန္တရာယ်ကို လက်ယပ်ခေါ်တာပဲဆိုတာကိုလည်း သိနေကြမှာပဲ။ သခင်ယေရှုနဲ့လိုက်ပါလာတဲ့ တပည့်တော်တွေကိုယ်တိုင်ကလည်း အခုတစ်ကြိမ်ခရီးဟာ သူတို့အတွက် အချိန်မရွေး အန္တရာယ်ထဲမှာ ပိတ်မိသွားနိုင်တယ်ဆိုတာကို သတိပြုနေကြမယ်ဆိုတာလည်း သံသယရှိစရာမလိုဘူး။ ဒါကြောင့် ဗေသနိရွာကလေးက သူ့မိတ်ဆွေရဲ့နေအိမ်မှာ သခင်ယေရှုရောက်လာပြီး သူ့ကိုကြိုဆိုတဲ့ ညစာစားပွဲဟာ အင်မတန်ခြောက်ခြားစရာ အန္တရာယ်တွေနဲ့ ပတ်လည်ဝိုင်းနေတယ်ဆိုတာကို သိနိုင်ပါတယ်။

တစ်ချို့တပည့်တော်တွေအနေနဲ့ရောက်လာမယ့် အန္တရာယ်ကိုတွေးပြီး တုန်လှုပ်ခြောက်ခြားကောင်း ခြောက်ခြားနေလိမ့်မယ်။ သူတို့ရဲ့သခင်ကို ဘယ်လိုနည်းနဲ့မှ အဖမ်းမခံစေချင်ဘူး။ အဲသလိုလည်း မမျှော်မှန်းထားဘူး။ ယုံလည်း မယုံချင်ဘူး။ သူတို့ရဲ့စိတ်ကူးတွေထဲမှာ တိတ်တဆိတ်လေးရှိနေတာက သခင်ယေရှုဟာ ကောင်းကင်ကတပ်တော်ကို အမိန့်ပေးပြီး သဘာဝလွန်တန်ခိုးတွေနဲ့ ယေရုရှလင်မြို့ကြီးကို သိမ်းပိုက်လိုက်လိမ့်မယ်ဆိုတာပါပဲ။ ဒါပေမယ့် တစ်ချို့ကျတော့ သခင်ယေရှုကိုသိနားလည်ထားပုံကတစ်မျိုးဖြစ်နေပြီး သူတို့မမျှော်မှန်းထားတဲ့ပုံစံမျိုးနဲ့ အန္တရာယ်ရောက်လာလိမ့်မယ်ဆိုတာ စိုးကြောက်နေကြတယ်။ လွန်ခဲ့တဲ့လ အတော်များများကနေ မျှော်လင့်ထားခဲ့တဲ့အကြောင်းအရာတွေဟာ မကြာခင်မှာ ရေခိုးရေငွေ့လိုလွင့်ပြယ်ပျောက်ကွယ်သွားရတော့မှာလားပေါ့။ သူတို့ဘဝနဲ့ချီပြီး ပုံအပ်ကိုးစားထားတဲ့ပုဂ္ဂိုလ်က မိုက်မိုက်ကန်းကန်းနဲ့ လုံးဝကိုစွန့်စားပြနေတယ်လေ။ ဘယ်သူ့စကားကိုမှ နားမထောင်ဘူး။ အကျိုးအကြောင်းလုံးဝမဆီလျော်ဘူး။ သေခြင်းထောင်ချောက်ရှိနေတာကို သိရဲ့သားနဲ့ဘယ်သူမှတားလို့မရဘူးလေ။

မာရိ၊ မာသညီအစ်မ တည်ခင်းတဲ့ညစာဟာ တကယ်ကို စပယ်ရှယ် ဖြစ်ပါတယ်။ သူတို့ရဲ့မောင်လာဇရုရဲ့အသက်ကို သခင်ယေရှုကပဲ ပြန်ရှင်ပေးခဲ့တာမဟုတ်လား။ အဲဒီအတွက် သခင်ယေရှုကို သူတို့ကျေးဇူးပြုချင်တယ်။ ဘာပဲဖြစ်ဖြစ် ဒီအချိန်ဟာ ပျော်ရွှင်ဖွယ်အချိန်တစ်ခုဖြစ်ပါတယ်။ လာဇရုဟာ သူတို့နဲ့အတူ ပြန်လည်ရှိနေတဲ့အတွက် သူတို့ချစ်ခင်ကြည်ညိုတဲ့ သခင်ယေရှုက သူတို့နဲ့အတူရှိနေတဲ့အတွက် တကယ်ကို ဝမ်းမြောက်ကျေနပ်ဖွယ်အချိန်လေးပါ။ ဒါပေမယ့် အဲဒီဝမ်းမြောက်ပျော်ရွှင်ဖွယ်ခံစားချက်တွေနဲ့အပြိုင် ညစာစားပွဲမှာရှိနေတဲ့လူတွေရဲ့စိတ်ထဲမှာ မကြာခင်ဆိုင်လာရဖွယ်ရှိတဲ့ အန္တရာယ်ကြီးကိုလည်း သတိရင်ဆိုင်လာရဖွယ်ရှိတဲ့ ... 

မပြုမိဘဲ မနေကြပါဘူး။ သူတို့ရဲ့ခံစားချက်တွေဟာ ရောပြွန်းနားမလည်နိုင်မှု၊ မခန့်မှန်းနိုင်မှု၊ စိုးရိမ်မှုတွေနဲ့ ရောပြွန်းနေပါလိမ့်မယ်။ နောက်တစ်နေ့မနက် ဗေသနိရွာကလေးကထွက်ပြီး သံလွင်တောင်ကိုကျော်ပြီး ယေရုရှလင်မြို့ထဲကို ဝင်သွားတဲ့အခါ သခင်ယေရှုဟာ အဖမ်းခံရဖို့ သေချာသလောက်ရှိသွားပါတော့မယ်။

မာသဟာ ညီအစ်မ (၂)ယောက်ထဲက အကြီးဖြစ်တယ်။ ပိုပြီး လက်တွေ့ဆန်တယ်။ ပိုပြီးတော့လည်း တာဝန်ရှိတယ်။ သခင်ယေရှုအပေါ် ထားတဲ့ သူမရဲ့ မေတ္တာနဲ့ကျေးဇူးတရားကို တခမ်းတနားဖော်ပြဖို့ သူမကြိုးစားခဲ့တယ်။ ဒါကြောင့် သူမကိုယ်တိုင်ညစာကိုပြင်ဆင်တယ်။ သူမမှာ ခိုင်းဖို့အစေခံတွေ ရှိကောင်းရှိနိုင်ပေမယ့် သူကိုယ်တိုင်ပဲ မီးဖိုချောင်ဝင်တယ်။ အဲဒါကိုကြည့်ခြင်းအားဖြင့် သခင်ယေရှုအပေါ် ထားရှိတဲ့ သူမရဲ့လက်ခံကြိုဆိုမှုနဲ့ ကျေနပ်ဝမ်းမြောက်မှုကို ခန့်မှန်းနိုင်ပါတယ်။ အဲဒါအတွက်လည်း မာသကို ဘာမှစွပ်စွဲပြောဆိုစရာမရှိဘူး။ ဒါပေမယ့် ညီမဖြစ်သူ မာရိကတော့ အစ်မဖြစ်သူ တလေးတစား အမြတ်တနိုးပြင်ဆင်၊ အိမ်နီးနားချင်းတွေကိုဖိတ်ခေါ်ပြီး ကျင်းပတဲ့ညစာစားပွဲမှာ လူပြောသူပြောဖြစ်အောင် လုပ်လိုက်တယ်။

မာရိရဲ့အပြုအမူနဲ့ပတ်သက်လို့ ကျွန်တော်တို့နားလည်နိုင်ဖို့ ဂျူးလူမျိုးတွေရဲ့ဧည့်ဝတ်ပြုခြင်းဓလေ့ကို သဘောပေါက်ထားဖို့လိုပါလိမ့်မယ်။ ဂျူးလူမျိုးအိမ်ရှင်တိုင်းဟာ သူတို့ရဲ့နေအိမ်ကို ညစာစားဖို့ ဧည့်သည်တွေရောက်လာရင် ခြေဆေးပေးတဲ့ဓလေ့ရှိပါတယ်။ တကယ်ဆို အဲဒီတုန်းက ပါလက်စတိုင်းကလူတွေဟာ များသောအားဖြင့် ခြေကျင်နဲ့ပဲ သွားလာလေ့ရှိပါတယ်။ ချမ်းသာကြွယ်ဝသူတွေကတော့ မြည်း ဒါမှမဟုတ် ကုလားအုပ်တွေသုံးပါတယ်။ သို့သော် သာမန်လူတွေကတော့ ခြေကျင်ပါပဲ။ ခြေကျင်သွားတဲ့ အဲဒီပုဂ္ဂိုလ်တွေဟာ တစ်ရက်လောက်လမ်းလျှောက်လိုက်တာနဲ့ ခြေထောက်ပူလာပါမယ်။ ညစ်ပတ်လာမယ်။ သားရေဖိနပ်ကြောင့် အနံ့ဆိုးတွေထွက်လာမယ်။ အဲဒီအတွက် ဆေးကြောဖို့လိုလာတော့တာပဲ။ အဲသလို ညစ်ပတ်နံစော်နေတတ်တဲ့ခြေထောက်တွေကို အိမ်ရှင်က ဆေးကြောပေးတာ ဓလေ့တစ်ရပ်လေ။ ဒါကို အစေခံတွေက လုပ်ကြတယ်။ တကယ်လို့များ ကိုယ့်အိမ်မှာ အစေခံမထားနိုင်ခဲ့ရင် ကိုယ်တိုင်ရေအင်တုံယူ၊ ပုဝါယူပြီး ကိုယ်တိုင်ပဲ ဧည့်သည်ရဲ့ခြေကို ဆေးပေးပေရော့။ နောက်

ခလေ့တစ်ခုက ကိုယ့်အိမ်ကိုရောက်လာတဲ့ ဂုဏ်သရေ
ရှိပုဂ္ဂိုလ်ဆိုရင် ဦးခေါင်းကို ဆီမွှေးနဲ့သွန်းလောင်းပြီး
ဂုဏ်ပြုတာဖြစ်ပါတယ်။

မာရိက အထက်ပါခလေ့ (၂)မျိုးစလုံး သခင်
ယေရှုကိုပြုလုပ်ခဲ့တာဖြစ်ပါတယ်။ အဲဒီလုပ်ရပ်ဟာ
ဧည့်ဝတ်ကျေပွန်တဲ့ ဂျူးအိမ်ရှင်တွေရဲ့ခလေ့တစ်ခု
ဖြစ်ပေမယ့် ဒီတစ်ကြိမ်မှာတော့ ကြွရောက်လာတဲ့သူ
တွေ အလန့်တကြားဖြစ်ခဲ့ကြပါတယ်။ ဆီမွှေးက အဲဒီ
တုန်းက ပါလက်စတိုင်းဒေသမှာ အင်မတန်တန်ဖိုးကြီး
တဲ့ နာဒုဆီမွှေးစစ်ဖြစ်ပါတယ်။ ပြည်တွင်းမှာမရနိုင်ဘဲ
အရှေ့အိန္ဒိယဘက်က တင်သွင်းရောင်းချတဲ့ဆီမွှေးမျိုး
ဖြစ်တယ်။ အဲဒီအပြင် အခု မာရိအသုံးပြုလိုက်တဲ့
ပမာဏက သာမန်လူတန်းစားတွေအတွက် ဘဝအ
လှည့်အပြောင်းတစ်ခုဖြစ်စေနိုင်လောက်တဲ့ ငွေကြေး
တန်ဖိုးရှိတယ်။ အရွယ်အလတ်စားမိသားစုတစ်ခုအ
တွက် တစ်နှစ်စာလောက် ရင်းနှီးစားသောက်နိုင်လောက်
တဲ့ ငွေကြေးပမာဏပါ။ အဲဒီဆီမွှေးကိုထည့်တဲ့ခွက်ကို
က တန်ဖိုးကြီးတဲ့ကျောက်ဖြူခွက်ဖြစ်တယ်။ ဆီမွှေးကို
အသုံးပြုဖို့ အဲဒီကျောက်ဖြူခွက်ကို ခွဲပြီးထုတ်ရတယ်။
အဲဒီလိုတန်ဖိုးကြီးတဲ့ဆီမွှေးနဲ့ သခင်ယေရှုရဲ့ခြေတော်ကို
လိမ်းကျံလိုက်တော့ ပရိသတ်တွေက ကြွက်စီကြွက်စီ
ဖြစ်ကုန်ပါတော့တယ်။ မာရိဟာ သခင်ယေရှုရဲ့ခြေကို
ဆေးပေးဖို့ ဘယ်အစေခံကိုမှ မညွှန်ကြားခဲ့ပါဘူး။ သူမ
ကိုယ်တိုင်ဆေးပေးခဲ့တာပါ။ ဒါ့ထက်မက ရေနှင့်အဝတ်
ပုဝါကိုမသုံးဘဲနဲ့ အဖိုး အင်မတန်ထိုက်တဲ့ ဆီမွှေးစစ်နဲ့
သူမကိုယ်တိုင်ရဲ့ဆံပင်နဲ့သုတ်ပေးခဲ့တာဖြစ်ပါတယ်။

မာရိဟာ ဘာစကားကိုမှမပြောခဲ့ပါဘူး။ အဲဒါ
က သူမစောင့်ထိန်းရန်ရှိသော လူမျိုးရဲ့ခလေ့ကိုလိုက်
နာတာဖြစ်ပါတယ်။ ယောက်ျားကြီးတွေစုဝေးပြီး စကား
စမြည်ပြောဆိုနေတဲ့အလယ်မှာ ဘယ်ဂျူးအမျိုးသမီးမှ
ဝင်ရောက်ပြောဆိုခွင့်မရှိဘူးလေ။ ဒါပေမယ့် သူမရဲ့
အသံတိတ်အပြုအမူဟာ အကျယ်လောင်ဆုံးသော
သံစဉ်တစ်ခုဖြစ်လာခဲ့ပါပြီ။ လူမျိုးရဲ့ခလေ့ကို လိုက်နာ
တယ်လို့ဆိုနိုင်တဲ့ အပြုအမူမျိုးနဲ့ သခင်ယေရှုအပေါ်
ထားရှိတဲ့ သူမရဲ့မေတ္တာနဲ့ကျေးဇူးတရားကို ဖော်ပြခဲ့ပေ
မယ့် အခုတော့လူမျိုးရဲ့ခလေ့ကို ချိုးဖောက်သလိုဖြစ်ခဲ့
ရပြီ။ ဒါပေမယ့် သူမရဲ့ရည်ရွယ်ချက်ကိုတော့ ပြည့်ဝစေ
နိုင်ခဲ့ပါတယ်။ ဒါကို သခင်ယေရှုတွေ့မြင်တော်မူပါ
တယ်။ သူမရဲ့အပြုအမူကိုလည်း တန်ဖိုးထားလက်ခံ
တယ်။ ပြီးတော့ ချီးကျူးထောပနာလည်း ပြုတယ်။
ကိုယ်တော်က "ဧဝံဂေလိကို မြေတပြင်လုံးတွင် ဟော
သောအရပ်ရပ်တို့၌ ဤမိန်းမကို အောက်မေ့စရာဖို့ သူ
ပြုသော ဤအမှုကို ကြားပြောရကြလတ္တံ့" တဲ့။

မာရိ ဘာကိုဖော်ပြခဲ့ပါသလဲ? သခင်ယေရှု
အပေါ်ထားရှိတဲ့ သူမရဲ့မေတ္တာနဲ့ကျေးဇူးတရားလား?
ဟုတ်ပါတယ်။ သို့သော်လည်း အဲဒါထက်ပိုပါတယ်။
မာရိသာမက အဲဒီညစာစားပွဲမှာရှိနေကြတဲ့သူတိုင်း
ကောင်းကောင်းသိထားကြတာက ကိုယ်တော်ဟာ မကြာ
ခင် သေခြင်းတရားနဲ့ရင်ဆိုင်ရလိမ့်မယ်ဆိုတာပါပဲ။
မာရိက ဝမ်းမြောက်ပျော်ရွှင်ခြင်းနဲ့ ရောက်လာမယ့်
ကြောက်စရာအန္တရာယ်တို့ကို ရောနှောပြီး အဲဒီအချိန်
ကလေးရဲ့လွမ်းမောဖွယ်ကောင်းတဲ့ ခါးသီးချိုမြိန်မှုကို
ဝေမျှပေးခဲ့တာဖြစ်ပါတယ်။ သူမလုပ်ဆောင်ခဲ့တာက
သခင်ယေရှုအပေါ် နောက်ဆုံးအခွင့်အရေးတစ်ရပ်အ
နေနဲ့ သူမရဲ့ကြည်ညိုကိုင်းရှိုင်းမှုကို ဖော်ပြတာဖြစ်ပါ
တယ်။ ကိုယ်တော့်အတွက် သူမလုပ်ဆောင်ပေးနိုင်တဲ့
နောက်ဆုံးအမှုလည်းဖြစ်ပါတယ်။ ကိုယ်တော်ရဲ့ သေ
ခြင်းကို မျက်မှောက်ပြုနိုင်ရန်အတွက်လည်း ဖြစ်စေခဲ့
ပါတယ်။ သူမရဲ့ အလုံးစုံသောမေတ္တာတရားနဲ့ ကိုယ်
တော့်အပေါ်သွန်းလောင်းခဲ့တာဖြစ်ပေမယ့် ကြေကွဲဝမ်း
နည်းမှုတွေနဲ့ပြည့်လျှံနေခဲ့ပါလိမ့်မယ်။ ဒါကြောင့် ကိုယ်
တော်က "သူသည် ငါ၌ကောင်းသောအမှုကိုပြုပြီ။ . . .
ငါ၏အလောင်းကို သင်္ဂြိုလ်ခြင်းမှာ ပြင်ဆင်သောနေ့
တိုင်အောင် သူသည် ဤဆီမွှေးကိုသိုထားပြီ။ . . . ဤ
မိန်းမသည် တတ်နိုင်သမျှပြုပြီ။" လို့ နှစ်သိမ့်ခဲ့တာ ဖြစ်
ပါတယ်။

မာရိ ဖော်ပြခဲ့တဲ့အထဲက အရေးကြီးဆုံး
အချက်တစ်ခုက သခင်ယေရှုဟာ အသေခံဖို့ လက်ခံ
ယုံကြည်နိုင်ခြင်းပါပဲ။ အဲဒီညခင်းရဲ့ ညစာစားပွဲမှာ





ရောက်လာတဲ့ ပရိသတ်တွေထဲမှာ သခင်ယေရှုဟာ
အသေခံဖို့ဖြစ်တယ်ဆိုတာကို လက်ခံယုံကြည်တာဆိုလို့
မာရိပဲ ရှိမလားလို့ ကျွန်တော်တွေးမိပါတယ်။ မာရိဟာ
သခင်ယေရှုရဲ့ ယေရုရှလင်ခရီးစဉ်မှာ ကန့်လန့် ကန့်
လန့်ဖြစ်အောင် မကြိုးစားခဲ့ပါဘူး။ ဘုရားသခင်က
သခင်ယေရှုကို သေခြင်းကနေ လာကယ်မယ်ဆိုတဲ့
တစ်ချို့တပည့်တော်တွေရဲ့အတွေးမျိုးလည်း သူမမှာ
မရှိခဲ့ဘူး။ ပေတရုလုပ်ခဲ့သလို သခင်ယေရှုကို ကယ်တင်
ဖို့တစ်စုံတစ်ခု လုပ်ဆောင်ဖို့လည်း မစဉ်းစားခဲ့ဘူး။
သခင်ယေရှုအသေခံခြင်းဟာ အခြားတစ်နည်းနည်းနဲ့
ရှောင်လွှဲအစားထိုးနိုင်ခြင်းရှိလေမလားဆိုတာလည်း
မမျှော်မှန်းခဲ့ဘူး။ ကိုယ်တော်ဟာ အမှန်တကယ်ပဲ
အသေသတ်ခြင်းခံရမယ်ဆိုတာကို သူမကြေကွဲစွာနဲ့
လက်ခံမျှော်လင့်ထားခဲ့ပါတယ်။ ဒါကြောင့် သင်္ဂြိုလ်
ခြင်းအတွက် ရည်စူးတဲ့ ဆီမွှေးသွန်းလောင်းခြင်းအမှုကို
ပြုနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီလိုဆိုလို့ သူမဟာ အခြား
တပည့်တော်တွေထက်ပိုပြီး ကိုယ်တော်အပေါ် မေတ္တာ
နည်းတယ်လို့ဆိုလိုတာ လုံးဝမဟုတ်ဘူး။ သခင်ယေရှု
ရဲ့ အလိုအလျောက် အသေခံခြင်းဟာ ဘာကြောင့်ဆို
တာကို လုံးစေ့ပတ်စေ့ နားလည်လို့လည်းမဟုတ်ဘူး။
ဘုရားသခင်က ဘာကြောင့် သခင်ယေရှုအသေခံစေ
တယ်ဆိုတာကို တစ်ခြားတပည့်တော်တွေထက် ပို
သဘောပေါက်လို့လည်းမဟုတ်ဘူး။ ကိုယ်တော့်ဆီကို
ရောက်လာမယ့် သေခြင်းတရားဟာ စုံလင်ဖို့ ဖြည့်
ဆည်းရမယ့် ကံကြမ္မာတစ်ခုဖြစ်တယ်ဆိုတာကို သခင်
ယေရှုကိုယ်တော်တိုင် လုံးလုံးလျားလျား လက်ခံထား
တာကို မာရိက ရိုးရိုးလေးသိနေခြင်းကြောင့်ပါပဲ။ သူမ
နားမလည်ပါဘူး။ ဒါပေမယ့် မေးခွန်းမထုတ်ခဲ့ပါ။
ကိုယ်တော်ရဲ့သေခြင်းကို သူမ ကြေကွဲစွာခံစားနေရ
ပါတယ်။ ဒါပေမယ့် ကိုယ်တော်လျှောက်ရမယ့်ခရီးကို
အဟန့်အတားမပြုခဲ့ပါ။ သခင်ဘုရားအပေါ်ထားရှိတဲ့
သူမရဲ့မေတ္တာနှင့်ကျေးဇူးသိခြင်းက ခမည်းတော် ဘုရား
သခင်အလိုရှိတဲ့ကားတိုင်ခရီးကို လက်ခံစေနိုင်ခဲ့ပါ
တယ်။ ဒါကို ကိုယ်တော်သိနေခဲ့သလို မာရိလည်း
လက်ခံခဲ့ပါတယ်။

အဲဒီအချက်တွေက မာရိ ဘာကြောင့် အရေး
ပါသလဲဆိုတာကို ဖော်ပြနေတာတွေပါ။ အဲဒါတွေ
ကြောင့်လည်း မာရိဟာ အောက်မေ့စရာဖြစ်သော
အမျိုးသမီးလို့ ကင်ပွန်းအတပ်ခံရတာပါပဲ။

ဒါကြောင့် သခင်ယေရှုက မာရိနှင့်ပတ်သက်
လို့ မှတ်သားစရာစကားကို ချန်ထားခဲ့ပါတယ်။ "ငါ
အမှန်အကန်ဆိုသည်ကား ဧဝံဂေလိတရားကို မြေတ
ပြင်လုံးတွင် ဟောရသောအရပ်ရပ်တို့၌ ဤမိန်းမကို
အောက်မေ့စရာဘို့ သူပြုသော ဤအမှုကို ကြားပြောရ
ကြလတ္တံ့" မာရိပြုခဲ့တဲ့အမှုဟာ သတင်းကောင်း ဇာတ်
လမ်းရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့ပါတယ်။ ဘာ
ဖြစ်လို့လဲ ဆိုတော့ သတင်းကောင်းရဲ့နှလုံးသည်းပွတ်ကို
ဦးတည်သွားတဲ့အတွက်ကြောင့်ပါပဲ။ မာရိရဲ့လုပ်ဆောင်
မှုဟာ သခင်ယေရှုရဲ့ကားတိုင်ခရီးကို ဖော်ညွှန်းပေးခဲ့
ပါတယ်။ ကားတိုင်ဟာ သခင်ယေရှုအတွက် မရှိမဖြစ်
လိုအပ်သော ဘုရားပေးကံကြမ္မာ (God-given
destiny) ဖြစ်တယ်ဆိုတာပါပဲ။

မာရိလိုမျိုး ကျွန်တော်တို့တစ်တွေဟာ ကား
တိုင်ရဲ့လိုအပ်ခြင်းကို တိတိပပနားလည်နိုင်ချင်မှ နား
လည်နိုင်လိမ့်မယ်။ သို့သော်လည်း ကျွန်တော်တို့မှာ
လိုအပ်တာက မာရိလို၊ သခင်ယေရှုကိုယ်တိုင်လို၊ ဘုရား
သခင်အလိုတော်ရှိသလို ကားတိုင်ဟာ ကျွန်တော်တို့ရဲ့
ကယ်တင်ခြင်းအတွက် မရှိမဖြစ်သောအရာဆိုတာကို
လက်ခံကြဖို့ပါပဲ။ လူလိုစဉ်းစားရင်တော့ သခင်ယေရှု
မသေသင့်ပါဘူး။ ကိုယ်တော်ရဲ့အသေခံခြင်းဟာ နည်း
နည်းမှတရားမျှတဘူး။ မမှန်ကန်ဘူး။ တရားဥပဒေ
နှင့်အညီလို့ ကင်ပွန်းတင်ထားတဲ့ လူသတ်မှုဖြစ်တယ်။
ဒါကို ကျွန်တော်တို့သိနေကြတယ်။ ဒါပေမယ့် သခင်
ယေရှုကိုယ်တိုင်က တရားမျှတမှုကင်းမဲ့တဲ့ သူ့ရဲ့သေ
ခြင်းကို ခမည်းတော်ဘုရားသခင်က အလိုရှိတော်မူ
သောလမ်းဆိုပြီး နာခံခြင်းအပြည့်နဲ့လက်ခံခဲ့တယ်။
အဲဒီအချက်က ကားတိုင်နဲ့ပတ်သက်ပြီး ကျွန်တော်တို့
အစပြုရမယ့် တာထွက်နေရာပဲဖြစ်ပါတယ်။ ❑

"အောင်မြင်ခြင်း ဆိုသည်မှာ ပေးဆပ်လိုက်ရခြင်းအားဖြင့်ရရှိသော ဆုမွန်ကောင်းတစ်စုံ" ဟု အဆိုအမိန့်ထဲတွင် ဖတ်ဖူးပါသည်။

မျက်မှောက်လောက၌ အသက်ရှင်ရုန်းကန် လှုပ်ရှားနေကြသောသူတိုင်းသည် အောင်မြင်မှုတွေရရှိဖို့အတွက် နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးစားလုပ်ဆောင်နေကြပါသည်။ ကိုယ့်အားသန်ရာတို့ဖြင့် ကြိုးစားလုပ်ဆောင်ကြပေမည်။ အချို့ ငွေကြေး၊ ဥစ္စာ၊ ဓန၊ အသိုင်းအဝိုင်းဂုဏ်၊ ဆရာသမားကောင်းစသည်တို့ဖြင့်လည်းကောင်း၊ အချို့မှာမူ "ငါလုပ်ရင်ဖြစ်တယ်" ဆိုတဲ့ မာန်မာနအတ္တစိတ် တွေနဲ့ ကြိုးစားရုန်းကန်ကြပါသည်။ ကြိုးစားအားထုတ်ရာ၌ အမှိုက်ပြုမှုကွာခြားသကဲ့သို့ ရရှိသောအကျိုးရလဒ်မှာလည်း ကွဲပြားကြမည်ဖြစ်သည်။ သို့သော် ထိုရလဒ်မှာ စစ်မှန်သောအောင်မြင်မှုလော? ဤမေးခွန်းကို သေချာစွာ စဉ်းစားဖို့လိုပေမည်။

ကျွန်တော့်အနေနှင့် ဤမေးခွန်းကိုစဉ်းစားရာ၌ ယုံကြည်သူခရစ်ယာန်တစ်ယောက်နားလည်လက်ခံထားသည်မှာ ကျွန်ုပ်တို့၏ခံစားချက်၊ စိတ်ခံစားမှု၊ ပိုင်ဆိုင်မှု (လောကအရာ) စသည်တို့ဖြင့် အောင်မြင်မှုကိုမရနိုင်ကြောင်း နားလည်ပြီး ဘုရားသခင်ပေးထားသည့် သွေး၊ ချွေး၊ မျက်ရည်၊ နောင်တတရားနှင့် ကိုယ်တော်ကိုကိုးစားခြင်းသာ စစ်မှန်သောအောင်မြင်မှုကို ခံစားရရှိနိုင်ကြောင်း သုံးသပ်မိပါသည်။ လူတစ်ယောက်၏စိတ်ခံစားမှု၊ ပိုင်ဆိုင်သည့်လောကအရာ

# ဘုရားသခင်ထံကိုးစားခြင်းဖြင့် အောင်မြင်ခြင်း

ပေါက်ဖော်







တို့မှာ မရေရာမသေချာသော အချိန်ကာလအပိုင်းအခြားတွင်သာ ရှင်သန်နိုင်သောကြောင့် ငြိမ်သက်ဝမ်းမြောက်ပျော်ရွှင်ခြင်းနှင့်ပြည့်ဝလာစေရန် အောင်မြင်မှုတို့ကို ရုပ်လုံးပေါ် ဖန်တီးပေးနိုင်မည်မဟုတ်ပေ။ ကျွန်ုပ်တို့၏ယုံကြည်မှုတွင် ဘုရားသခင်သည်သာ ကျွန်ုပ်တို့နားမလည်နိုင်လောက်သည့်ပြည့်စုံမှုနှင့်တည်ရှိနေခြင်းကြောင့် ကျွန်ုပ်တို့လိုအပ်သော ပြည့်စုံမှုဟူသည့် အောင်မြင်မှုကို သူသာလျှင်ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ကျွန်တော်တို့အသက်တာ၌ ဘုရားသခင်ပေးသောအောင်မြင်မှုမှာ မှန်းဆထားသည်ထက် ရရှိနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ထိုအောင်မြင်မှုမှာ ကျွန်ုပ်၏ အစစအရာရာ အားနည်းမှုတို့ပင်ဖြစ်သည်။ မိဘအသိုင်းအဝိုင်း၌ ကိုယ့်ကိုယ်ကိုသိမ်ငယ်ခြင်း၊ ကိုယ့်ထက် နားလည်တတ်ကျွမ်းသူများကို လိမ္မာပါးနပ်စွာ အားမကိုးတတ်ခြင်း၊ သူများ၏စိတ်သဘောနှင့်ကိုက်ညီစွာ မနေထိုင်တတ်ခြင်း စသည့်အားနည်းချက်များစွာ ရှိနေပေသည်။ သူတစ်ပါးက မိမိအပေါ် သိမ်ငယ်သည်ဟုရှုမြင်သည်ထက် ကိုယ့်ကိုယ်ကို ပို၍သိမ်ငယ်ကြောင်းလည်း တစ်ခါတစ်ရံ ခံစားမိပါသည်။ ထိုခံစားချက်တို့သည်သာ အောင်မြင်မှုကို မိမိအတွက်ရှာဖွေပေးခဲ့သောအရာပင်ဖြစ်သည်။ ဘုရားသခင်က လူသားတိုင်းကို အစဉ်ကြည့်ရှု ကောင်းချီးပေးလိုသောဘုရားဖြစ်သည်။ ကျွန်တော့်၏ "သုည" ဟူသော မျှော်လင့်စရာမရှိတော့သည့် ပူဆွေးသောကကြီး၏ရိုက်ခတ်မှုကို ပြုလဲလုမတတ်ခံရချိန်၌ ဘုရားသခင်သည်သာ ခိုလှုံဖွယ်ရာဖြစ်ကြောင်း လုံးဝနားလည်လာခဲ့ရပါသည်။

ထို့ကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် စစ်မှန်သောအောင်မြင်မှုကို ရရှိအောင်ဆောင်ကြဉ်းနိုင်သူ ဖြစ်ပါသည်။ လူသားတစ်ဦးစီ၌ လိုအပ်သော ခံနိုင်ရည်သတ္တိ၊ အမှောင်ထုကို ရင်ဆိုင်တွန်းလှန်နိုင်သော ခွန်အားအစွမ်းသတ္တိတို့မှာ ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာ ရရှိနိုင်သောအရာများသာဖြစ်သည်။ ဤလောက၌အသက်ရှင်စဉ်တွင် ကျွန်ုပ်တို့ကိုကျရှုံးစေရန် အမြဲတမ်းချောင်းမြောင်းနေသောအရာမှာ ကျွန်ုပ်တို့၏မာန်မာနပင် ဖြစ်သည်။ သို့ဖြစ်၍ မိမိကိုယ်ကိုမိမိ အောင်မြင်နိုင်ရန်လည်း သတိပြုရပေမည်။ မိမိ၏စိတ်အလိုဆန္ဒ၊ ရောင့်ရဲမှုမရှိခြင်း၊ လိုအပ်ချက်မပြည့်မှုများတို့မှာ မိမိ၏အတ္တမီးများသာဖြစ်သည်။ ဤအရာများကိုကျော်လွှားနိုင်မှသာ အောင်မြင်မှု၏အခိုးအငွေ့ကို တွေ့မြင်လာနိုင်မည်ဖြစ်သည်။ အဓိကမှာ မိမိကိုယ်မိမိ ပြန်လည်ရှာဖွေခြင်းပင်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမကျရှုံးစေဘဲ အောင်မြင်မှုရရှိနိုင်စေရန် ကျွန်ုပ်တို့၏စိတ်သဘောများတွင် သူ့ကိုဆာငတ်စေသောသဘောကို ထည့်ပေးပြီးသား ဖြစ်ပေသည်။

အောင်မြင်မှုကို ဆာငတ်နေတတ်သူ လူသားများအတွက် ဘုရားသခင်၏အလိုကိုလိုက်လျှောက်မလား? ငြင်းပယ်မလား?ဆိုသောမေးခွန်းကို ဖြေရပေတော့မည်။ အကြောင်းမှာ စစ်မှန်သောအောင်မြင်မှုကို ဘုရားသခင်သည်သာပေးနိုင်သောကြောင့်ပင်ဖြစ်သည်။ သမ္မာကျမ်းစာတော်၌လည်း ဘုရားသခင်ကိုအားကိုးသောသူများ၏အောင်မြင်မှုများနှင့် ဘုရားကိုငြင်းပယ်သောသူတို့၏ ဆုံးရှုံးမှုများစွာကို သာဓကအနေဖြင့် တွေ့မြင်နိုင်ပေမည်။ ဤလောက၏တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းတို့သည် အောင်မြင်မှုနှင့်မသက်ဆိုင်ပေ။ အကြောင်းမှာ ဆုတ်ယုတ်သောလောကနှင့် တိုးတက်သောလောကကြီး၌ ဘုရားသခင်ကိုအားကိုးခိုလှုံသောသူသည် အစဉ် အောင်မြင်ခြင်းအခွင့်နှင့် ငြိမ်သက်ချမ်းသာခြင်းအခွင့်ကို အစဉ်ရရှိခံစားရမည့်အကြောင်းပင်ဖြစ်သည်။

မိမိတို့အစွမ်းအစ၊ ပိုင်ဆိုင်မှု (လောကအရာ)၊ အပေါင်းအသင်းမိတ်ဆွေများအား အားကိုးခြင်းထက် ဘုရားသခင်အား ခိုလှုံခြင်းအမှုသည်သာ အကြွင်းမဲ့သော အောင်မြင်မှုကိုရရှိနိုင်မည်ဟု ကျွန်ုပ်အသိပေးလိုပါသည်။ သင်၏စိုးရိမ်မှု၊ ကျဆုံးမှု၊ ဝေဒနာနာကျင်မှုများတို့ကို ကိုယ်တော်သည် ကုသဖေးမနိုင်ဖို့အတွက် မိတ်ဆွေ၏စိတ်နှလုံးတံခါးဝနားမှာ အစဉ် 'ခေါက်' နေလျက်ရှိနေကြောင်း မေတ္တာဖြင့် ဝေမျှတိုက်တွန်းလိုက်ပါသည်။ အဓိကတော့ ဘုရားသခင်ပါပဲ။ ❑

# ပလ္လင်ထက်ကပန်းတစ်ပွင့်

(ပသိမြေ)
B.Th II



ကြာခဲ့ပြီဆိုပေမယ့် ဒီနေ့ထိတိုင်အောင် မေ့မရနိုင်သူက မြသွေးရယ်ပါ . . . ။

ကိုကိုက ၁၀တန်းကျူရှင်တက်ဖို့နဲ့ မြသွေးက English Speaking တက်ဖို့ မေမေ့သူငယ်ချင်းဖြစ်တဲ့ ကိုကိုရဲ့ဒေါ်လေးအိမ်မှာ မြသွေးတို့ ဆုံတွေ့ခဲ့ကြတယ်နော်။ ဆွေမျိုးသားချင်း ရင်းချာမရှိတဲ့မြသွေး၊ မိဘရဲ့အရိပ်အာဝါသအောက်မှာ ကြီးပြင်းခွင့်မရလို့ မေတ္တာငတ်နေသူမြသွေးကို ကိုကိုက ကြင်နာစွာနဲ့ ဖေးမအားပေးခဲ့တယ်နော်။ မြသွေးလည်း အဲဒီကြင်နာတဲ့ စကားသံတွေကြားမှာ သာယာခဲ့မိတယ်။ အချိန်တွေ ကြာလာတာနဲ့အမျှ မြသွေးတို့ တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်တွေဖြစ်ပြီး ချစ်သူအဆင့်ကို ရောက်လာခဲ့တယ်နော်။ မြသွေး အရမ်းပျော်ခဲ့တယ် သိလား . . . ။





ကိုကိုက နှစ်ခြင်းအသင်းသားဆိုပေမယ့် အင်္ဂလိကန်အသင်းသူဖြစ်တဲ့ မြသွေးနဲ့အတူတူ ဘုရားကျောင်း လိုက်တက်တယ်။ မြသွေးလည်း ကိုကိုတို့ဘုရားကျောင်းကို လိုက်တက်တယ်။ အဲလိုနဲ့ မြသွေးတို့ အဆင်ပြေလိုက်ကြတာနော်။ ကိုကိုနဲ့မြသွေးတို့ တစ်ယောက်ကိုတစ်ယောက် ဂရုစိုက်တာတွေကို ကြည့်ပြီး ပတ်ဝန်းကျင်ကလည်း အားလုံးလိုလို သိနေကြတယ်။ ပြီးတော့ မြသွေးတို့ရဲ့တစ်ယောက်ကိုတစ်ယောက် နားလည်မှုရှိကြတာကိုလည်း ဝိုင်းပြီး ချီးကျူးကြတယ်နော်။ ဒါကြောင့် မြသွေးတို့နှစ်ယောက် လမ်းခွဲကြလိမ့်မယ်လို့ ဘယ်သူမှထင်ကြမှာ မဟုတ်ဘူး။ မြသွေးကိုယ်တိုင်လည်း စိတ်ကူးလေးထဲတောင် မတွေးခဲ့မိပါဘူး။ တွေးလည်းမတွေးဝံ့ပါဘူး။ ကိုကိုနဲ့မြသွေးက သိပ်ချစ်ကြတဲ့ချစ်သူတွေလေ . . . ။

ဒီလိုနဲ့ မြသွေးတို့ ချစ်သက်တမ်းဟာ ဖြောင့်ဖြူးသာယာခဲ့တယ်နော်။ မြသွေးတို့ချစ်သက်တမ်းလေးနှစ်မပြည့်တပြည့်မှာပဲ မြသွေးက ဓမ္မတက္ကသိုလ်တက်ဖို့ အခြေအနေပေးလာတယ်။ မြသွေးကလေးဘဝကတည်းက ဓမ္မတက္ကသိုလ်တက်ဖို့ စိတ်အားထက်သန်ခဲ့တာ ငွေရေးကြေးရေး အဆင်မပြေတာကြောင့် မြသွေး မတက်နိုင်ခဲ့ပါဘူး။ ဒါကို ဆရာသမားတွေကသိသွားတော့ မြသွေးကိုထောက်ပံ့ပေးမယ်၊ တက်ချင်ရင်တက်ပါလို့ပြောတော့ မြသွေးအပျော်ကြီးပျော်လို့ ကိုကို့ကိုပြောပြတဲ့အခါ ကိုကိုက မတက်စေချင်ဘူးလို့ပြောခဲ့တယ်နော်။ ဒါပေမယ့် မြသွေးအပေါ် ဒီလောက်ထိနားလည်ပေးတဲ့ကိုကိုက မြသွေးကို တဖြည်းဖြည်း နားလည်ပေးမှာပါ ဆိုတဲ့အတွေးနဲ့ ကိုကို့ကို ခဏဘေးဖယ်ထားပြီး form တွေလိုက်ဖြည့်၊ ထောက်ခံစာတွေ ကိုယ်တိုင်လိုက်ယူပြီး ဓမ္မတက္ကသိုလ်ဝင်ခွင့်ဖြေခဲ့တယ်။ အောင်စာရင်းထွက်တော့ မြသွေးအောင်တယ်လေ။ဒါကြောင့် ဓမ္မတက္ကသိုလ် တက်ခွင့်ရတယ်လေ။ ဓမ္မတက္ကသိုလ်မသွားခင် ကိုကိုနဲ့တွေ့ဖို့စီစဉ်ပေမယ့် ကိုကိုနဲ့ မတွေ့ဖြစ်ဘူး။ကိုကိုက အရေးပေါ် ခရီးထွက်နေရလို့တဲ့လေ။ ကိုကိုနဲ့ တွေ့ခွင့်မရလိုက်လို့ ဝမ်းနည်းမျက်ရည်လည်ခဲ့ရတယ် ကိုကိုရယ်။ ဒါပေမယ့် ဓမ္မတက္ကသိုလ်တက်ရတော့မယ်ဆိုတဲ့ ဆန္ဒပြည့်ဝလို့လားမသိဘူး၊ မြသွေးလေ တက်ကြွလန်းဆန်းစွာနဲ့ပဲ ဓမ္မတက္ကသိုလ်ကို ရောက်ခဲ့တယ်။ ဓမ္မတက္ကသိုလ်ကို ရောက်တော့ များလိုက်တဲ့စာတွေ ကိုကိုရယ်။ ကိုကို့ဆီ စာရေးဖို့မပြောနဲ့၊ ကိုကို့ကို လွမ်းဖို့အချိန်တောင်မရဘူး။ ဒါပေမယ့် မြသွေးရဲ့ရည်ရွယ်ချက်က ရိုးမရဲ့အလှ ညရဲ့ကောင်းကင်က ကြယ်တွေလတွေကို ကြည့်ဖို့မှမဟုတ်တာ၊ လူကိုမျှားတဲ့ တံငါဖြစ်ဖို့ပဲမဟုတ်လား! ဒါကြောင့် မြသွေးလွမ်းတေးလည်း မဆိုတော့ပါဘူး. . ။ လူကိုမျှားတဲ့တံငါဖြစ်နိုင်ဖို့ပဲ ကြိုးစားနေခဲ့တယ်။ အချိန်တန်ရင်တော့ ကိုကို့ကို တွေ့ရမှာပေါ့ ဆိုပြီး မြသွေးကိုယ့်ကိုယ်ကိုဖြေသိမ့်ခဲ့ရပါတယ်။

နွေရာသီ ကျောင်းပိတ်တော့လည်း အိမ်ကို ချက်ချင်းပြန်ခွင့်မရပြန်ဘူး။ တစ်လခွဲတိတိ နယ်လှည့်ခဲ့ရတယ်။ ခရီးစဉ်ပြီးတဲ့အချိန်ကျတော့လည်း အသင်းတော်က လုပ်တဲ့သင်တန်းတွေမှာ ပါဝင်ရပြန်တယ်လေ။ ဒါကြောင့် ကိုကိုနဲ့တွေ့ဖို့ မြသွေး ဘယ်လိုမှအချိန်မပေးနိုင်ခဲ့ဘူးလေ။ မမျှော်လင့်ဘဲ တနင်္ဂနွေတစ်မနက်မှာ ကိုကို အစောကြီးရောက်လာတယ်။ မြသွေး ပွဲတော်ဝတ်အသွား၊ မြသွေးတို့ခြံရှေ့မှာ ကိုကိုနဲ့တွေ့တော့ မြသွေး အရမ်းပျော်သွားတယ်။ ကိုကိုကတော့ ဘာမှ မခံစားရသလိုဘဲ မြသွေးကို နှုတ်ဆက်တယ်။ ပြီးတော့ စာတစ်စောင်ပေးခဲ့ပြီး ကိုကိုပြန်သွားတယ်နော်။ ကိုကို့ ကို မပြန်ပါနဲ့လို့ တားချင်ပေမယ့် ကိုကိုဆက်နေလို့ ရော၊ မြသွေးက အားမှမအားတာ။ ဒါကြောင့် မြသွေး ဘုရားကျောင်းကိုသွားတယ်၊ Sunday School သင်တယ်၊ ပြီးတော့ လူငယ်ဝတ်ကို လူငယ်တစ်ယောက် ရဲ့အိမ်မှာသွားလုပ်တယ်။ ပြီးတာနဲ့ သူတို့က အဆာပြေကျွေးတယ်။ အဆာပြေစားရင်းနဲ့ စကားစမြည်ပြော ကြတာ ညနေစောင်းသွားတယ်။ အဲဒါနဲ့ ညဝတ်ကို တစ်ခါတည်း ဘုရား

ကျောင်းမှာပြန်လုပ်တယ်။ ညဝတ်ပြီးမှပဲ အိမ်ကိုပြန်ရောက်တော့ မှကိုကိုရေးတဲ့စာကိုဖတ်ခွင့်ရတယ်။ ကိုကို သိပ်ရက်စက်တာပဲကွာ။ "မြသွေးရယ် ကိုကို့ ကို မေ့လိုက်ပါတော့ . . "တဲ့။ မြသွေးရဲ့နှလုံးသားတစ်ခုလုံး ဓားနဲ့မွှန်းခံရသလိုပဲ နာကျင်တယ်။ ဘယ်လိုအင်အားမျိုးနဲ့ မြသွေးမေ့ပစ်ရမှာလဲ ကိုကိုရယ်။ "မြသွေးကို ကိုယ် သိပ်ချစ်ပေမယ့် မြသွေးရွေးချယ်တဲ့လမ်းနဲ့ ကိုကို့ရဲ့ စိတ်ကူးအိပ်မက်ထဲက သာယာပျော်ရွှင်ဖွယ်ကောင်းတဲ့ဘဝကို ဘယ်လိုမှအကောင်အထည်ဖော်နိုင်မှာ မဟုတ်ဘူး။ မြသွေးလည်း မြသွေးရဲ့ရွေးချယ်မှုကို စွန့်လွှတ်နိုင်မှာမဟုတ်ဘူး။ ဟုတ်တယ်မဟုတ်လား! ဒါကြောင့် ကိုကို့ကို ပျော်ရွှင်စွာနဲ့ လမ်းခွဲပြတ်စဲပေးပါ။ ကိုကိုတောင်းပန်ပါတယ် . . ။ မင်းရွေးချယ်တဲ့လမ်းကို ဆုံးခန်းတိုင်အောင်လျှောက်နိုင်ပါစေလို့ ဆုတောင်းပါတယ်တဲ့. . ။ တစ်ချိန်က မြသွေးရဲ့ . . . " တဲ့။ မြသွေး ဘယ်လိုမှ မယုံနိုင်အောင်ပါပဲ။ မြသွေး အရမ်းဝမ်းနည်းတယ်။ မြသွေးကို ညှိနှိုင်း ဖြေရှင်းခွင့်လေးတောင် မပေးပါလား။ ဒါတွေဟာ အိပ်မက်ဖြစ်ပါစေ လို့ မြသွေးအကြိမ်ကြိမ် ဆုတောင်းခဲ့ပေမယ့် ကိုကို မြသွေးကို တကယ်ထားခဲ့တာပဲ။ ကိုကိုရယ် မြသွေး ကိုကို့ဆီစာမရေးလို့




**မြသွေးလည်း**
**မြသွေးရဲ့ရွေးချယ်မှုကို**
**စွန့်လွှတ်နိုင်မှာမဟုတ်ဘူး**
**ဟုတ်တယ်မဟုတ်လား!**
**ဒါကြောင့်**
**ကိုကို့ကို**
**ပျော်ရွှင်စွာနဲ့**
**လမ်းခွဲပြတ်စဲပေးပါ။**
**ကိုကိုတောင်းပန်ပါတယ်..။**

စိတ်ကောက် သွားတာလား၊ ဒါမှမဟုတ် မြသွေးရဲ့ မကောင်း သတင်းတစ်ခုခုအကြားလို့ ကိုကို မြသွေးကိုစိတ်ကုန်သွားတာလား ကိုကိုရယ် . . ။ မြသွေးတို့ အမှုတော်ဆောင်ဘဝမှာ အများနဲ့သွားလာလှုပ်ရှားပေါင်းသင်းဆက်ဆံနေရတာကို ကိုကိုသဝန်တိုတာလား ဆိုတဲ့ "လား" ပေါင်းများစွာက မြသွေးရဲ့နှလုံးသားကို ထိုးနှက်နေခဲ့တယ်။ ဒါပေမယ့် ကိုကိုရယ်၊ ကိုကို့နဲ့မြသွေးတို့ရဲ့ချစ်ခရီးက ဆုံးသွားပြီပဲလေ။ မြသွေး ဘာမှမတတ်နိုင်တော့ပါဘူး။ ကျောင်းဖွင့်ချိန်ရောက်တော့ မြသွေးဓမ္မတက္ကသိုလ်ကို လေးလံနွေးကွေးတဲ့ခြေလှမ်းနဲ့ပဲ ပြန်လာခဲ့တယ်။ ဘာကြောင့်လဲ ဆိုတော့ မြသွေးရဲ့ပခုံးပေါ်မှာ "ချစ်သူရဲ့စွန့်မှုကြောင့် ဝမ်းနည်းခြင်း"၊ "ကိုကို့ရဲ့ အမှုတော်ဆောင်ဘဝကို နားမလည်ပေးနိုင်ခြင်း" ဆိုတဲ့ "ခြင်း" တွေကို ထမ်းလာရလို့ပေါ့ ကိုကိုရယ် . . ။ ဒါပေမယ့် ကိုကိုရယ်၊ မြသွေးသာ ပန်းလေးတစ်ပွင့် ဖြစ်မယ်ဆိုရင် မြေပေါ်မှာ ကြွေကျတဲ့ပန်းတစ်ပွင့်မဟုတ်ဘဲ ဘုရားသခင်အတွက် အလှဆင်ပြီး ပလ္လင်ထက်မှာ ကြွေကျတဲ့ ပန်းတစ်ပွင့်ပဲ ဖြစ်ချင်ပါတယ်။ ဒါကြောင့် မြသွေး ကြိုးစားနေပါတယ်။ ကိုကိုသာသိရင် ဝမ်းသာမှာလား! ဒါမှမဟုတ် . . . ။□





# ပညာရှင်တို့ရဲ့ မြို့တော်ကိုပိတ်



မီးရောင်များထိန်လင်းနေတဲ့ ဗြိတိသျှ သမိုင်းပြတိုက်ထဲက အခန်းကျယ်ကြီးတစ်ခု။ အခန်းထဲမှာတော့ မီးခိုးရောင်၊ အညိုရောင် ရွှံ့ချပ်ပြားများ ထောင်တစ်ချို့လဲတစ်ချို့။ လူသားတစ်ဦးတော့ရှိနေတယ်။ စားပွဲကြီးတစ်ခုပေါ်တင်ထားတဲ့ ရွှံ့ချပ်ပြားတစ်ချပ်ကို သဲကြီးမဲကြီး ဖတ်နေလေရဲ့။ သူ့မျက်လုံးအစုံက ဝိုင်းစက်လင်းလက်လာတယ် . . . "သင်္ဘောကြီးသည် နီဇာ (Nizir) တောင်တန်းပေါ်၌ ရပ်တန့်သွားသည် . . ." ရှေးဟောင်းသမိုင်းပညာရှင် ဂျော့စမစ် ဖတ်ရှုနေသော စာကြောင်းလေးပါ။ သူဖတ်နေတဲ့ ရွှံ့ချပ်ပြားပေါ်က စာတွေ မဆုံးသေးပါဘူး။ အဆက်ရှိနေပါသေးတယ်။ ဒါပေမယ့် ဒီအခန်းကြီးထဲမှာတော့ အင်္ဂါကြီးရပ်သွားတဲ့အကြောင်းရေးထားတဲ့ နောက်ထပ်ရွှံ့ချပ်ပြားက မရှိဘူး။

ဂျော့စမစ်ရဲ့နှလုံးခုန်သံများ နံရံမှာ ပဲ့တင်ရိုက်ခတ်သွားပါတယ်။ ဒီစာကြောင်းရဲ့အဆက် ရှိကိုရှိရမယ်။ ငါ တွေ့အောင်ရှာမယ်။ ငါဖတ်နေတဲ့ သမိုင်းမှတ်တမ်းဟာ ကမ္ဘာ့သမိုင်းအတွက်ရော၊ ခရစ်ယာန်သမ္မာကျမ်းစာအတွက်ရော ကြီးမားတဲ့အထောက်အထားတစ်ခုဖြစ်နိုင်တယ်။ သိပ်မကြာလှတဲ့ရက်များမှာပဲ ဂျော့စမစ်တစ်ယောက် အထုပ်ဆွဲပြီး ရွှံ့ချပ်ပြားများ တူးဖော်တွေ့ရှိခဲ့ရာအရပ်ဒေသသို့ ထွက်ခွာသွားလိုက်ပါတော့တယ်။

**ပျောက်ဆုံးနေသောသမိုင်းမှတ်တမ်း**

အင်္ဂလန်နိုင်ငံ၊ ၁၈၇၆ ခုနှစ်၊ သမိုင်းမတင်ရသေးတဲ့ ခေတ်ကာလအကြောင်းအရာတွေကို တွေ့ရှိ

သမျှ စုစည်းပြီး စာအုပ်တစ်အုပ်ထွက်လာခဲ့တယ်။ အဲဒီစာအုပ်ကြောင့် သမိုင်းပညာရှင်တွေ၊ ဘာသာရေးသုတေသီတွေရဲ့အကြား ပြောဆိုဆွေးနွေးသံတွေ ညံသွားရပါတယ်။ စာအုပ်နာမည်က "ချာလ်းဒီးယန်းတို့၏ ကမ္ဘာဦးကျမ်းမှတ်တမ်း" [Chaldean Account of Genesis]။ ဂျော့စမစ်ရဲ့တွေ့ရှိမှုက ပျောက်ဆုံးနေတဲ့ ကမ္ဘာ့သမိုင်းတစ်စွန်းတစ်စကို လှစ်ပြလိုက်ပါပြီ။ မှတ်တမ်းထဲမှာပါတဲ့အကြောင်းအရာတွေကတော့ သမ္မာကျမ်း (Bible) ထဲက နောဧ (Noah) တို့ခေတ် ရေလွှမ်းမိုးမှုနဲ့ဆင်တူသော ရေလွှမ်းမိုးခြင်းအကြောင်းများ။ သမ္မာကျမ်းထဲက "လူ" ဘယ်လိုဖြစ်လာသလဲ။ ကမ္ဘာကို ဘယ်လိုဖန်ဆင်းသလဲဆိုတဲ့ ဖန်ဆင်းခြင်း (Creation) အကြောင်းများနဲ့ဆင်တူတဲ့ အခြားသောဖန်ဆင်းခြင်း အကြောင်းများ ပါဝင်ပါတယ်။

တွေ့ရတဲ့သမိုင်းမှတ်တမ်းတွေဟာ သက်တမ်းနှစ် (၁၀၀၀) မျှရှိနေပါပြီ။ ရေးသားမှတ်တမ်းတင်ထားတဲ့ဖြစ်ရပ်တွေက ပိုလို့တောင် ရှေးကျနေပါသေးတယ်။ ဂီလ်ဂါမက်(ရှ်) (Gilgamesh flood) ရေလွှမ်းမိုးမှုအကြောင်းမှတ်တမ်း၊ အီနူမာအဲလစ် (ရှ်) (Enuma elish) ဆိုတဲ့ ဖန်ဆင်းခြင်းအကြောင်းမှတ်တမ်းတွေကို ရှေး ဘာဘီလိုးနီးယန်း (Babylonia) စာပေများနဲ့ ရေးသားထားခဲ့ကြတာ ဖြစ်နိုင်တယ်။ ပျောက်ဆုံးနေတဲ့ သမိုင်းမှတ်တမ်းများကိုပြန်တွေ့ရှိခြင်းကြောင့် ကမ္ဘာဦးကျမ်း (Genesis) ထဲက ရေလွှမ်းမိုးခြင်းအကြောင်းက ဒဏ္ဍာရီပုံပြင်မဟုတ်တော့ဘဲ တကယ့်ဖြစ်ရပ်ဆိုကို ရွေ့လျားလာခဲ့ရပါပြီ။

## နိမ်ရောဒ၏နိုင်ငံ (Land of Nimrod)

ယနေ့ခေတ် အီရတ်နိုင်ငံထဲမှာ တန်ဖိုးဖြတ်မရတဲ့ရှေးဟောင်းသမိုင်းတွေ တည်ရှိနေတယ်လို့ပြောရင် ယုံနိုင်ကြမလား မသိပါဘူး။ ကမ္ဘာဦးကျမ်းထဲက လူသားတစ်ဦးဖြစ်တဲ့ နောဧဆီမှာ သားသုံးယောက်ရှိပါတယ်။ ရှေမ၊ ဟာမနဲ့ ယာဖက် တို့ပါပဲ။ ဟာမရဲ့သားက ကုရှ၊ ကုရှရဲ့သားက နိမ်ရောဒ ဆိုတဲ့သူပါပဲ။ နိမ်ရောဒက နောဧရဲ့မြစ် တော်စပ်သူဖြစ်ပါတယ်။ ကမ္ဘာဦးကျမ်းအခန်းကြီး (၁၀) မှာ သူတို့မိသားစုအကြောင်းရေးထားတာရှိတယ်။ နိမ်ရောဒဟာ (God) ရဲ့အရှေ့မှာ အားအကြီးဆုံး မုဆိုးကြီးတစ်ယောက်လို့ဆိုထားပါတယ်။ သူဟာ ဘာဘီလုံ (ဗာဗုလုန်) ဒေသဘက်ကိုရောက်သွားပြီး ဆူမားရီးယန်း၊ ဘာဘီလိုးနီးယန်း၊ အခါဒီးယန်းနဲ့ အာဆီးရီးယန်းမြို့ပြနိုင်ငံတွေကို ထူထောင်ခဲ့ပါတယ်။ အချို့သော သမိုင်းပညာရှင်တွေက နိမ်ရောဒဟာ အခါဒီးယန်းတို့ရဲ့ဘုရင် ဆာဂုံ (Sargon) ဆိုသူဖြစ်နိုင်တယ်လို့ ခန့်မှန်းထားကြပါသေးတယ်။

နိမ်ရောဒတည်ခဲ့တဲ့ မြို့တစ်မြို့ရှိပါတယ်။ သမ္မာကျမ်းထဲက လူသိများလှတဲ့မြို့တစ်မြို့ပါ။ မြို့နာမည်က နီနဗေး (Nineveh) မြို့ဖြစ်ပါတယ်။ သမ္မာကျမ်းထဲမှာတော့ နိနဝေမြို့လို့ ဘာသာပြန်ဆိုထားပါတယ်။ ဒီကနေ့ နီနဗေးမြို့ကိုသွားချင်ရင် အီရတ်နိုင်ငံမြောက်ပိုင်း တိုက်ဂရစ်မြစ် (Tigris) အရှေ့ဘက်ကမ်းကို အရောက်သွားရပါလိမ့်မယ်။ အဲဒီမှာတော့ လုံးဝပျက်စီးသွားပြီဖြစ်တဲ့ နီနဗေးမြို့ဟောင်းကြီးကို တွေ့ရမှာပါ။ နီနဗေးမြို့ကြီးဟာ သူ့ခေတ်သူ့ကာလမှာတော့ ထင်ရှားကျော်ကြားတဲ့မြို့ကြီးတစ်မြို့ပေါ့။

## ဓါးပြတို့၏မြို့တော် (The robber city)

ဂုဏ်ယူစရာကောင်းတဲ့နာမည်တော့ မဟုတ်သေးဘူး။ ဒါပေမယ့်လည်း အမှန်အတိုင်း မှည့်ခေါ်ထားတာဖြစ်နေတယ်။ နီနဗေးမြို့ဟာ အာဆီးရီးယန်း (Assyrian) လူမျိုးတွေရဲ့ မြို့တော်ကြီးပါပဲ။ သမ္မာကျမ်းထဲမှာတော့ အာရှုရိလူမျိုးလို့ ရေးထားပါတယ်။ အာဆီးရီးယန်းတွေဟာ ယဉ်ကျေးမှုမြင့်မားပြီး မြို့ပြနိုင်ငံကိုထူထောင်ခဲ့ကြသူတွေဖြစ်ပါတယ်။ ကမ္ဘာ့သမိုင်းမှာ ပထမစစ်အင်ပါယာကို တည်ထောင်ခဲ့သူတွေလို့ ပြောရင်လည်း မမှားပါဘူး။ အမြဲတမ်းစစ်တပ်ကို ဖွဲ့ထားတယ်။ လက်နက်တွေက သံနဲ့လုပ်တဲ့လက်နက်တွေဖြစ်တယ်။ မြင်းနဲ့မြင်းရထားကိုသုံးပြီး စစ်တိုက်တတ်တယ်။ သိပ်ကောင်းတဲ့လေးတပ်လည်းရှိတယ်။ သူတို့ပစ်လွှတ်လိုက်တဲ့မြားတွေကတိမ်မည်းကြီးတွေလို ရန်သူတွေဆီ အလျင်အမြန် ရွေ့လျားရောက်သွားနိုင်တယ်ဆိုပဲ။

အာဆီးရီးယန်းတွေဟာ စစ်ပညာကို အဓိကထားပြီး လေ့လာကြပါသတဲ့။ ဒါကြောင့်လည်း အင်ပါယာ ထူထောင်နိုင်ကြတာပေါ့။ အုပ်ချုပ်ရေးစနစ်ကလည်း တကယ်ကောင်းဆိုပဲ။ လမ်းတွေဖောက်ပြီး ဒေသတစ်ခုနဲ့တစ်ခုကို စာအဆက်အသွယ်ရအောင် စီမံထားကြတယ်။ အာဆီးရီးယန်းတွေရဲ့ယဉ်ကျေးမှုဟာ သူ့ထက်အဆင့်မြင့်တဲ့ဒေသတွေဆီက လွှဲပြောင်းရယူထားတဲ့ ယဉ်ကျေးမှုဖြစ်ပါတယ်။ ကောင်းပေ့ ဆိုတဲ့ အီဂျစ်၊ ဟစ်တိုက် (Hittites)၊ ဖိုးနီးရှန်း (Phoenician)နဲ့ ဘာဘီလိုနီးယန်းတွေဆီက ပေါင်းစပ်ရယူထားတာပေါ့။

အာဆီးရီးယန်းတွေဟာ စစ်လက်နက်အင်အားနဲ့ လိုချင်သမျှအားလုံးကို တိုက်ခိုက်ရယူခဲ့ကြပါတယ်။ အာဆီးရီးယန်းတွေဟာ စစ်တိုက်ရာမှာ တော်တော်ရက်စက်ကြပါတယ်။ မြေလှန်စနစ်ကျင့်သုံးပြီး တစ်ယောက်မကျန်အပြတ်ရှင်း၊ အကုန်သိမ်းယူ၊ သယ်လို့မရတာကိုမီးရှို့ စတဲ့စနစ်တွေသုံးခဲ့ကြတာပေါ့။ နောက်တစ်နည်းရှိသေးတယ်။ သူ့ရဲ့အင်ပါယာကိုအုပ်ချုပ်ရာမှာ ဘယ်လို ပိပိပြားပြားဖြစ်အောင်အုပ်ချုပ်ရမလဲဆိုတာ ကောင်းကောင်းကျွမ်းကျင်ပါတယ်။ အသုံးပြုတဲ့နည်းက "လူမျိုးအလိုက် နယ်ပြောင်းပစ်တဲ့နည်း" ဖြစ်ပါတယ်။ အပြောင်းခံရတဲ့လူမျိုးက သူတို့မကျွမ်းကျင်တဲ့နေရာသစ်မှာ မလုပ်တတ်မကိုင်တတ်နဲ့ မျက်နှာငယ်နေကြရော။

ဣသရေလလူမျိုးတွေလည်း နယ်ပြောင်းတဲ့နည်းစနစ်ကို ကောင်းကောင်းကြီး ခံစားလိုက်ကြပါသေးတယ်။ ဣသရေလဘုရင် ရှောလမုန်မင်းကြီး ကွယ်လွန်တယ်။ ဣသရေလဘုရင် ရှောလမုန်မင်းကြီး ကွယ်လွန်တော့ နိုင်ငံနှစ်ခြမ်းကွဲသွားပါတယ်။ မြောက်ဘက်နိုင်ငံက ဣသရေလ၊ တောင်ဘက်နိုင်ငံက ယုဒ ဖြစ်သွားတယ်။ ဘီစီ ၇၂၂ မှာ အာဆီးရီးယန်းဘုရင် ဆာဂုံ (၂) (Sargon II) ရဲ့တပ်မတော်က မြောက်ပိုင်းဣသရေလတွေရဲ့မြို့တော် ဆမားရီးယားကို တိုက်ခိုက်အောင်မြင်ပြီး ချမ်းသာကြွယ်ဝတဲ့ ဟေဗြဲ (ဟေဘရူး) လူမျိုး ၂၇၂၉၀ ယောက်ကို ကျွန်အဖြစ် ဘာဘီလိုနီးယားကို ခေါ်ဆောင်သွားပါတယ်။

အာဆီးရီးယန်းတွေဟာ နီနဗေးမြို့ကိုဗဟိုပြုပြီး ကူးသန်းရောင်းဝယ်ခြင်း၊ စစ်တိုက်ခြင်း၊ လယ်ယာစိုက်ပျိုးခြင်းတွေကို လုပ်ခဲ့ကြတယ်။ နီနဗေးမြို့ထဲမှာဆိုရင် အလွန်လှပတဲ့ဥယျာဉ်ကြီးတွေရှိခဲ့တယ်ဆိုပဲ။ အိန္ဒိယနိုင်ငံက ရှားပါးသစ်ပင်တွေကိုတောင် သယ်ပြီးစိုက်ထားကြတယ်တဲ့။ နီနဗေးမြို့ (သို့မဟုတ်) နိနဝေမြို့ကို ခန့်မှန်း ဘီစီ ၄၅၀၀ လောက်က တည်ခဲ့တယ်လို့ ဆိုပါတယ်။ မြို့တော်ကြီးရဲ့ကြီးကျယ်မှုကို ဆက်လေ့လာကြရအောင်။

## ကမ္ဘာ့မြို့တော်များ၏အစ

နီနဗေးမြို့တော်ဟောင်းနေရာကို ရှေးဟောင်းသမိုင်းပညာရှင်တွေရောက်ရှိသွားချိန်မှာ ကုန်းကမူတွေကိုပဲ တွေ့ကြရတယ်။ သိုးတွေ ဆိတ်တွေစားကျက်လှန်တဲ့နေရာမျိုးပေါ့။ ဘာမှ အံ့ဩစရာမတွေ့ကြရဘူး။ သမိုင်းမှတ်တမ်းများအရ တူးဖော်ကြည့်လိုက်တဲ့အခါကျတော့ အံ့မခန်းဖြစ်လောက်စရာတွေတသီကြီး တွေ့ရှိကြရပါတော့တယ်။ မြို့ဟောင်းဧရိယာထဲကကုန်းတစ်ခုကို တူးဖော်ရာမှာ နန်းတော်ကြီးတစ်ခုကို တွေ့ကြရပါသေးတယ်။ အဲဒီ ခန်းမတွေအထဲက စဉ့်နဲ့လုပ်ထားတဲ့ရုပ်ထုကားချပ်တွေကို ထုတ်ယူကြပြန်ပါရော။ ထုတ်ယူပြီးသမျှ ရုပ်ထုကားချပ်တွေကို စီတန်းလိုက်ရာမှာ (၂) မိုင်နီးပါးမျှ ရှည်သွားပါသတဲ့။

ရုပ်ထုတွေက လူပုံတွေ၊ တိရစ္ဆာန်ပုံတွေ အမျိုးမျိုးပါဝင်ပါတယ်။ လူပုံကတော့ သိပ်မပီပြင်သေးဘူးတဲ့။ လူရဲ့ခံစားချက်ကို မျက်နှာမှာပေါ်လွင်အောင် မထုလုပ်နိုင်သေးဘူးလို့ဆိုပါတယ်။ တိရစ္ဆာန်ပုံတွေကတော့ တကယ်ကိုကြောက်စရာကောင်းအောင်ထုထားနိုင်တယ်လို့ဆိုပါတယ်။ ကြိုး (၂၂) ချောင်းတပ် စောင်းတစ်မျိုးကိုလည်း တွေ့ရပါသေးတယ်။ ကြိုးတပ်တူရိယာတွေကို တီးတတ်နေပြီ၊ ဂီတသင်္ကေတကိုလည်း အသုံးပြုနေကြ

ပြီလို့ သမိုင်းပညာရှင်တွေက ဖော်ပြထားကြပါတယ်။

(၂၁) ရာစုခေတ်ကာလမှာ မြို့ပြဆန်လာခြင်း (Urbanization) ဆိုတဲ့ဝေါဟာရ တွင်ကျယ်လာပါတယ်။ လူတွေက နယ်မှာထက် မြို့တွေဆီကိုပဲ တိုးဝှေ့ရောက်ရှိနေထိုင်ကြတယ်ဆိုတဲ့သဘောပေ့ါ။ နီနဗေးမြို့ကလည်း ရှေးအကျဆုံးမြို့တော်ကြီးဖြစ်နေလေတော့ လူဘယ်နှစ်ယောက်များနေထိုင်ခဲ့ကြသလဲ ဆိုချင်စရာပါ။ တူးဖော်တွေ့ရှိမှုမှတ်တမ်းအရ မြို့တော်အတွင်းပတ်လမ်းဟာ ၁၂ ကီလိုမီတာ ပတ်လည်ရှိပါသတဲ့။ ၁ ကီလိုမီတာဟာ မိုင်ဝက်ဘာသာပဲရှိတယ်ဆိုတော့ တွက်သာကြည့်ပါတော့။ ၁၈၃၄ ခုနှစ်မှာ ဖီးလစ်ဂျုံးဆိုသူ ပညာရှင်ရဲ့တွက်ချက်မှုအရ လူပေါင်း ၁၇၅,၀၀၀ နေထိုင်နိုင်တဲ့အကျယ်အဝန်းဖြစ်ပါတယ်။ သမ္မာကျမ်းစာထဲက ယောနဝတ္ထု ၄း၁၂ မှာ နိနဝေမြို့၌ နေထိုင်သောသူ ၁၂၀,၀၀၀ မကသောသူများ. . . ဆိုတဲ့စာအရ နီနဗေးမြို့ကြီးဟာ သူ့ခေတ်သူ့အခါမှာတော့ စူပါမြို့တော်ကြီးပါပဲ။

ဦးနှောက်များတဲ့တူးဆွခြင်း

အီရက်နိုင်ငံ နွေဦးရာသီ၊ ၁၈၅၁ ခုနှစ်၊ ရှေးဟောင်းသမိုင်းပညာရှင် လေးယဒ်နဲ့ ရပ်ဆမ်တို့ဟာ ကမ္ဘာ့သမိုင်းဝင် တူးဖော်မှုကြီးတစ်ခုကို အောင်မြင်သွားခဲ့ကြပါတယ်။ အာဆီးရီးယန်းတို့ရဲ့အကျော်ကြား၊ အထင်ရှားဆုံးဘုရင် အာရှုဘာနီပါလ် (Assurabanipal) ရဲ့စာကြည့်တိုက် (Library) ကို တူးဖော်တွေ့ရှိခဲ့ကြလို့ပါ။ ရွှံ့ချပ်ပြားများနဲ့ရေးထားတဲ့ ပညာရပ်မျိုးစုံ အချပ်ပေါင်း နှစ်သိန်းနှစ်သောင်းကျော်ကို ရှာဖွေတွေ့ရှိခဲ့ကြတယ်။ စာကြည့်တိုက်ထဲမှာ ဘာသာရေးစာပေ၊ သိပ္ပံပညာ၊ ကဗျာလင်္ကာ၊ အုပ်ချုပ်ရေးပညာ၊ နက္ခတ်ဗေဒင်ပညာ၊ သမိုင်းမှတ်တမ်းစသဖြင့် စုံစုံလင်လင်သိမ်းဆည်းထားတာတွေ့ကြရပါတယ်။

"ကျွန်ုပ် . . အာရှုဘာနီပါလ်သည် နန်းတော်ထဲ၌ နတ်ဘုရားနီဘို (Nebo) ထံမှ ဉာဏ်ပညာအလင်းကိုရရန် သင်ယူနေရပါသည်။ ကျွန်ုပ်တို့သည် တိုင်းနိုင်ငံအသီးသီးတို့မှပညာရပ်များကို သိရှိနိုင်ရန် လေ့လာနေပါသည်။ ယခု ကျွန်ုပ်တို့ဖတ်ရှုနေသော ရွှံ့ချပ်ပြားများမှာ ဆူးမား (Sumer) နှင့် အခါဒီးယန်းလူမျိုးတို့၏ စာများဖြစ်ပေသည်။ ခက်ခဲလှသော စာပေများဖြစ်သော်လည်း ဝမ်းမြောက်ဝမ်းသာလေ့လာလျက်ရှိပါသည်။ ကျွန်ုပ်ဖတ်ရှုနေသောအကြောင်းအရာသည် ရေလွှမ်းမိုးခြင်း မတိုင်မီက အဖြစ်အပျက်များအကြောင်းပင် ဖြစ်ပေသည် . . .။"

ဒါကတော့ ဘုရင်ကြီးကိုယ်တိုင် မှတ်တမ်းထားခိုင်းခဲ့တဲ့ ရွှံ့ချပ်ပြားပေါ်က စာတွေဖြစ်ပါတယ်။ သူဟာ ပညာကိုလိုလားသူဖြစ်တယ်။ သူ့ဆီမှာ ပညာတတ် ဆရာသမားကောင်းတွေလည်းရှိတယ်ဆိုတာ သိခဲ့ကြရပါတယ်။ သူ့ရဲ့ပညာရှိတွေကို ဒေသအနှံ့ စေလွှတ်ပြီး တန်ဖိုးရှိတဲ့ပညာရပ်မှန်သမျှကို စုဆောင်းသယ်ယူစေခဲ့ပါတယ်။ သယ်ယူလာသမျှကိုလည်း ဘာသာရပ်အလိုက် စနစ်တကျသိမ်းဆည်းထားပါသေးတယ်။ နီနဗေးမြို့ဆိုတဲ့အမည်နာမ၊ အာဆီးရီးယန်းလူမျိုးတွေရဲ့ဂုဏ်ဆိုတာတွေ မလှမပခဲ့တာရှိပါတယ်။ သို့ပေမယ့် ဉာဏ်ပညာကြီးမားသူ ဘုရင် အာရှုဘာနီပါလ်ဟာ ရှေးဟောင်းလူသားများရဲ့ဦးနှောက်အသီးသီးကို စုစည်းသိုလှောင်ထားခဲ့နိုင်လို့ သမိုင်းကြောင်းက ပြောင်းသွားရပြန်ပါပြီ။ လူဆိုးဓားပြတွေနေခဲ့တဲ့နေရာလို့ပြောပြော၊ ရှေးဟောင်းစာကြည့်တိုက်ကြီးရှိရာနေရာဖြစ်တဲ့အတွက် ပညာရှင်တွေဒီကနေ့အထိသွားရောက်လေ့လာနေရဆဲပါ။

အာဆီးရီးယန်းအင်ပါယာဟာ ၁၁၀၀ ဘီစီကနေ ၆၁၂ ဘီစီအထိ ရှည်ကြာခဲ့ပါတယ်။ အင်ပါယာတို့ရဲ့ထုံးစံအတိုင်း မီးဒီး (Medes) လူမျိုး၊ ဘာဘီလိုနီးယန်းလူမျိုးတွေရဲ့စစ်ပြုမှုကြောင့် အာဆီးရီးယန်းတို့ကျရှုံးသွားကြရပါတယ်။ နီနဗေးမြို့ကြီးလည်း ဘုံးဘုံးလဲသွားရတာပေ့ါ။ နီနဗေးမြို့ကြီးဟာ ဘယ်တော့မှပြန်မထူထောင်နိုင်တော့ပါဘူး။

နီနဗေးရောက်ပရောဖက်တစ်ယောက်

နီနဗေးမြို့အကြောင်းပြောတိုင်း မပါမဖြစ်ပါရ မယ့်ပုဂ္ဂိုလ်ကတော့ ပရောဖက် ယောန (Jonah) ပါပဲ။ သူက ဣသရေလလူမျိုးပရောဖက်တစ်ပါးဖြစ်ပါတယ်။ ယောန ဆိုတဲ့အဓိပ္ပာယ်က "ချိုးငှက်" လို့ဆိုပါတယ်။ ဝေးလံလှတဲ့ နီနဗေး (သို့မဟုတ်) နိနဝေမြို့ကြီးကို သွားရောက်သတိပေးစကားပြောဖို့ ရွေးချယ်ခံရသူပါ။ သူ့ကို ရွေးချယ်သူကတော့ ထာဝရဘုရား (God)ပဲဖြစ်ပါတယ်။ ယောနက လူဆိုးတွေနေတဲ့မြို့ကြီးမပျက်စီးဖို့ သွားသတိပေးရမယ်ဆိုတာ လုပ်ချင်ပုံမရပါဘူး။ အာဆီးရီးယန်းတွေက သူတို့ရဲ့ရန်သူတွေပဲ။ ပျက်စီးလေ ကောင်းလေပေ့ါ။ ဒီတော့ ယောနက သင်္ဘောစီးပြီး ထွက်ပြေးဖို့ ကြံပါတော့တယ်။

ရယ်တော့လည်း ရယ်စရာပါ။ ကမ္ဘာမိုးမြေကိုဖန်ဆင်းတဲ့ဘုရားဆီကလွတ်ဖို့ ဘယ်လိုပြေးမလဲ။ ယောနတို့ခေတ်အချိန်မှာတော့ ဘုရားဆိုတာ ဂျေရုဆလင်မြို့က ဗိမာန်တော်ကြီးထဲမှာပဲရှိတယ်လို့ ထင်ကြမှာပါပဲ။ ယောနခမျာ ပြေးမလွတ်ရှာပါဘူး။ ပင်လယ်ထဲရောက်တော့ သူစီးလာတဲ့သင်္ဘောက မုန်တိုင်းမိပါလေရော။ နောက်ဆုံး လူတစ်ယောက်ကိုတော့ဖြင့် ရေထဲပစ်ချရမယ်။ ဘယ်သူ့ဆီမှာ ဘုရားကိုဆန့်ကျင်တဲ့အပြစ်ရှိနေသလဲ။ လူကများတော့ မဲနှိုက်ဖို့ ဆုံးဖြတ်တယ်။ အားလုံးသိပြီးတဲ့အတိုင်း ယောနပဲ မဲပေါက်တာပေ့ါ။ သူကလည်း ဘုရားကိုဆန့်ကျင်ပြီး ထွက်ပြေးလာခဲ့တဲ့သူဖြစ်ကြောင်း ဝန်ခံရှာပါတယ်။ သင်္ဘောပေါ်ကလူတွေလည်း စိတ်မကောင်းစွာနဲ့ ယောနကိုရေထဲပစ်ချလိုက်ကြတယ်။ ရုတ်တရက် ဧရာမငါးကြီးတစ်ကောင် ပေါ်လာပြီး ယောနကိုမျိုလိုက်ပါလေရော။

ဒီနေရာမှာ ဖြတ်ပြီးပြောချင်တာ ရှိတယ်။ ယောနတို့ခေတ်က သဘာဝဘေးအန္တရာယ်တွေကြုံပြီဆိုရင် ဘုရားကအပြစ်ဒဏ်ခတ်တာ၊ အပြစ်ရှိလို့ဒဏ်ပေးတာလို့ခံယူတာရှိပါတယ်။ ဒါကြောင့် ဘယ်သူအပြစ်လုပ်သလဲဆိုပြီး မဲနှိုက်ကြတာဖြစ်ပါတယ်။ ယောနရောက်သွားတဲ့ပင်လယ်က မြေထဲပင်လယ် (Mediterranean Sea) ဖြစ်ပါတယ်။ မြေထဲပင်လယ်မှာလည်း ဝေလငါးတွေနဲ့ အခြားငါးကြီးတွေ ကျက်စားနေထိုင်တယ်လို့ သိရပါတယ်။ ဖြစ်ရပ်မှန်မှတ်တမ်းတစ်ခုကို ဖော်ပြရမယ်ဆိုရင် . . . ၁၇၈၅ ခုနှစ်မှာ ဖရီးဂိတ်စစ်သင်္ဘောတစ်စီး မြေထဲပင်လယ်ထဲမှာ တာဝန်ထမ်းဆောင်နေပါတယ်။ တစ်ရက်တော့ မုန်တိုင်းကျလာပြီး သင်္ဘောပေါ်က ရေတပ်သားတစ်ယောက် ပင်လယ်ထဲကျသွားတယ်။ ကျကျခြင်းပဲ ဧရာမငါးကြီးတစ်ကောင် ဘွားကနဲပေါ်လာပြီး မျိုချလိုက်ပါရောတဲ့။ စစ်သင်္ဘောကပ္ပတိန်က ချက်ခြင်းပဲ ငါးကြီးရှိရာဆီကို အမြောက်တွေနဲ့ပစ်ခိုင်းလိုက်တယ်။ အမြောက်ဆံမှန်လို့ သေသွားတဲ့ငါးကြီးကိုဆွဲတင်ပြီး ဗိုက်ကိုခွဲလိုက်တော့ ရေတပ်သားကို မသေမပျောက် ပြန်တွေ့ရတယ်လို့ ဆိုပါတယ်။ ပွန်းပဲ့တဲ့ဒဏ်ရာ နည်းနည်းပဲရတာကလွဲလို့ အကောင်းကပတိပါပဲ။

သမ္မာကျမ်းစာကိုလေ့လာတဲ့ ကျမ်းပညာရှင်တွေက ဘယ်လိုမှတ်ချက်ပေးသလဲဆိုရင် ယောနကို ငါးကြီးမျိုချလို့မသေတာက အံ့ဩစရာနိမိတ်လက္ခဏာ (Miracle) မဟုတ်ပါဘူးတဲ့။ ယောနရေထဲကျသွားချိန် ငါးကြီးတစ်ကောင်အသင့်ရောက်နေတာကမှ Miracle ပါပဲတဲ့။ လူတွေအတွက် သင့်တော်တဲ့နေရာ သင့်တော်တဲ့အချိန်အခါကို ဘုရားသခင်က ပြင်ဆင်ပေးလေ့ရှိပါတယ်ဆိုပြီး ရေးထားတာဖတ်ရပါတယ်။ ဘုရားသခင်က လူတစ်ယောက်ဆီကို သင့်တော်တဲ့အခြေအနေအလိုက် ပြင်ဆင်မှုပေးနေတယ်ဆိုတာ နားလည်သဘောပေါက်မိပါတယ်။

ယောနရောက်ဖူးခဲ့တဲ့ နီနဗေးမြို့ကြီးဟာ ယောနလက်ထက်မှာတော့ ဖျက်ဆီးခြင်းမခံရသေးပါဘူး။ မဖျက်ဆီးတဲ့အတွက်တောင် ယောနက ဘုရားကိုစိတ်ဆိုးလိုက်ပါသေးတယ်။ ဒါပေမယ့် ပေ့ါလေ။ ရှေးဟောင်းကာလက နေတစ်ဆူ၊ လတစ်ဆူဖြစ်ခဲ့တဲ့ နီနဗေးမြို့ကြီးက သက်တမ်း ဆက်လက်မရှည်နိုင်တော့ဘဲ နိဂုံးချုပ်ခဲ့ရရှာပါတယ်။ သက်ရှိမြို့တော်ကြီးတစ်ခုတော့မဟုတ်ပေမယ့် ကမ္ဘာ့သမိုင်း၊ သမ္မာကျမ်းသမိုင်းထဲမှာတော့ ထင်ရှားသက်ဝင်နေဆဲမြို့တော်ကြီးပါလို့ ဆိုချင်ပါတယ်။❑

ဝတ်ပြုကိုးကွယ်ခြင်းတစ်ခု၌ အခြေခံအားဖြင့် အပိုင်းလေးပိုင်း ပါဝင်ပါသည်။ ယင်းတို့မှာ အစီအစဉ်၊ ဘုရားဝတ်ပြုခြင်းနှင့်ဆိုင်သောထုံးနည်းများ၊ အခမ်းအနားများနှင့် ဓမ္မတေးဂီတတို့ ဖြစ်ပါသည်။ ယင်းတို့သည် အခြေခံအားဖြင့် ယုဒလူမျိုးများ၏ဝတ်ပြုကိုးကွယ်ခြင်းမှ ဆင်းသက်လာပါသည်။ နောက်ပိုင်းတွင် ရောမလူမျိုးများ၏အစဉ်အလာများ၊ အင်္ဂလိပ်လူမျိုးများ၏အစဉ်အလာများနှင့် ဥရောပတိုက်ရှိလူများ၏ဓလေ့ထုံးစံ၊ စကားအသုံးအနှုန်းများ၊ လူမျိုးစု၏ထုံးနည်းများနှင့်အစဉ်အလာများ ပါဝင်လာပါသည်။ ထို့ကြောင့် ဒေသဆိုင်ရာတိုင်းရင်းသားဓလေ့ထုံးစံများကို ဝတ်ပြုကိုးကွယ်ခြင်း၌အသုံးပြုလာသောအခါ အကျိုးနှင့်အပြစ် ဟူ၍ (၂)မျိုး တွေ့နိုင်ပါသည်။



# တိုင်းရင်းသားဓလေ့ထုံးစံ ဝတ်ပြုကိုးကွယ်ခြင်း၌အသုံးပြုခြင်းဖြင့် အကျိုးအပြစ်ရှိပုံ

ဘုန်းတော်ကြီး
ဒေါက်တာရှိမုန်ဘိဘင်ထူး

ဝတ်ပြုကိုးကွယ်ခြင်း၏ အဓိကကျောရိုးမှာ ဝတ်ပြုခြင်းအစီအစဉ် ဖြစ်ပါသည်။ ဤအစီအစဉ်ကို ရေးဆွဲရာ၌ ဒေသဆိုင်ရာထုံးစံများကို ထည့်သွင်းထားပါသည်။ ထည့်သွင်းကြခြင်းအကြောင်းမှာ လူနှင့်ဘုရားတို့ ဆက်သွယ်မှုကိုပေါ်လွင်စေရန် ဖြစ်ပါသည်။ ထို့အပြင် ကြားနာသူတို့အဖို့ သတင်းကောင်းဝေမျှသကဲ့သို့ ဖြစ်စေရန် ရည်ရွယ်ပါသည်။ သို့သော်လည်း ဤ အစီအစဉ်သည် ကောင်းစွာပြင်ဆင်ထားသော အစီအစဉ်ဖြစ်ငြားလည်း လူမျိုးတစ်မျိုးနှင့်တစ်မျိုး ခံစားပုံ၊ ခံစားနည်း တူညီမည်မဟုတ်ပေ။ မိမိဒေသဆိုင်ရာအစီအစဉ်ပုံစံမဟုတ်၍ နားလည်ရခက်ခဲခြင်းများ ရှိနိုင်ပါသည်။ ငြီးငွေ့ဖွယ်ရာ ဖြစ်နိုင်ပါသည်။

ဘုရားဝတ်ပြုခြင်းနှင့်ဆိုင်သော ထုံနည်းများသည် လူတို့၏ ဘုရားသခင်အား ချီးမွမ်းထောပနာပြုရန် လှုပ်ရှားဆောင်ရွက်မှုများ ပါဝင်ပါသည်။ အသံနှင့်ဆိုရသောအပိုင်းများ၊ ရိုးရိုးရွတ်ဆိုရသောအပိုင်းများ၊ အတူတကွ ရွတ်ဆိုရသောအပိုင်းများ၊ ဆုတောင်းခြင်း၊ သီချင်းဆိုခြင်း၊ ကျမ်းစာဖတ်ခြင်း၊ တရားဟောခြင်းနှင့် ဝတ်ပြုရာ၌ထခြင်း၊ ထိုင်ခြင်း၊ ဒူးထောက်ခြင်းတို့ ပါဝင်ပါသည်။ ခရစ်ယာန်တို့၏ဝတ်ပြုခြင်းအစီအစဉ်မှာ ဘုရားသခင်နှင့်စကားဖြင့်ဆက်သွယ်ခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြားနာရုံသာမကဘဲ ဘုရားသခင်ထံ အသနားခံတောင်းလျှောက်ခြင်းများ ပါဝင်သည်။ ဤအပိုင်းတွင် လူများ စိတ်ကြည်နူးစေရန်နှင့် တက်ကြွစွာ ဝတ်ပြုခြင်း၌ပါဝင်ပြီး ဘုရားသခင်ထံဆုတောင်းရန် ရည်ရွယ်ပါသည်။ ဘုရားသခင်ကိုအာရုံပြုနိုင်ရန် ရည်ရွယ်ပါသည်။ ဘုရားသခင်နှင့်ဆက်သွယ်နိုင်ရန် ရည်ရွယ်ပါသည်။ သို့သော် လူမျိုးတစ်မျိုးစီတွင် မိမိတို့ကြိုက်နှစ်သက်သော ထုံးတမ်းနည်းလမ်းများရှိပါသည်။ ပုံသေဖြစ်အောင် လုပ်ဆောင်ထားသောထုံးနည်းများသည် လူတိုင်း၏စိတ်ကို မထိတွေ့နိုင်ပေ။ ဥပမာအားဖြင့် လက်ထပ်မင်္ဂလာဆိုင်ရာထုံးနည်းသည် ခရစ်ယာန်မဟုတ်သော ရောမလူမျိုးများ၏ထုံးနည်းကို လက်ထပ်မင်္ဂလာဝတ်၌ အသုံးပြုလာသောအခါ ဥရောပတိုက်သားများအဖို့ ကျေနပ်နှစ်သက်စရာဖြစ်သော်လည်း အခြားသော လူအမျိုးမျိုးတို့အဖို့ ကျေနပ်နှစ်သက်စရာဖြစ်နိုင်ချင်မှဖြစ်နိုင်ပေမည်။ အဘယ်ကြောင့်ဆိုသော် လူမျိုးတစ်မျိုးစီ၌ စွဲမက်စရာလက်ထပ်ခြင်းထုံးနည်းများ ရှိနိုင်သောကြောင့်ဖြစ်သည်။

ဝတ်ပြုကိုးကွယ်ခြင်း၌ အခမ်းအနားပြင်ဆင်ခြင်းသည်လည်း မရှိမဖြစ်လိုအပ်သော ပြင်ပလက္ခဏာတစ်ခုဖြစ်သည်။ အခမ်းအနားများသည် ဝတ်ပြုကိုးကွယ်ခြင်းကို ပို၍လေးနက်စေရန် လူတို့၏လက်မှုပညာဖြင့် ခြယ်မှုန်းထားခြင်း ဖြစ်ပါသည်။ ဝတ်ပြုကိုးကွယ်ခြင်းပုံစံအပေါ်အခြေခံလျက် အခမ်းအနားပြင်ဆင်မှုများ ရှိပါသည်။ ပွဲတော်မင်္ဂလာဝတ်၌ အခမ်းအနားပြင်ဆင်မှု မတူညီကြောင်း တွေ့ရပါသည်။ အဘယ်ကြောင့်ဆိုသော် ရာသီကိုအခြေခံ၍ ပြုပြင်ထားသောကြောင့်ဖြစ်သည်။ ခရစ်ယာန်ပြက္ခဒိန်တွင် သခင်ယေရှု၏မွေးဖွားခြင်းမှ တက်ကြွသည်အထိ ဖော်ညွှန်းထားခြင်းကြောင့် ပွဲတော်မင်္ဂလာဝတ်နှင့်ဆိုင်သော အဆောင်အယောင်များ၊ အခမ်းအနားများ ကွာခြားပါသည်။ ဤအဆောင်အယောင်၊ အခမ်းအနားတို့သည် ဘုရားသခင့်အမှုတော်ဆောင်ခြင်းနှင့် ပတ်သက်ပါသည်။ ဘုရားသခင်အမှုတော်ဆောင်ရာတွင် လူတို့ဘက်မှ တတ်စွမ်းခြင်းနှင့် ဘုရားသခင်ထံ ပြန်လည်ဆက်ကပ်ခြင်းတို့ ပါဝင်ပါသည်။ ဆုတောင်းစာအုပ်ထဲတွင် ဖော်ပြသော ဝတ်ပြုခြင်းအခမ်းအနားများသည် ယုဒ၊ ရောမ၊ အင်္ဂလိပ်လူမျိုးများတို့၏ အစဉ်အလာမှ ဆင်းသက်လာသောကြောင့် အချို့သောအခမ်းအနားများသည် ဒေသခံတိုင်းရင်းသားတို့၏အမြင်နှင့် ကွာခြားနိုင်ပါသည်။ ရှိသေခန့်ညားခြင်းလည်း ကွာခြားနိုင်ပါသည်။ ဝတ်ပြုကိုးကွယ်ခြင်းကို ပိုမိုလေးနက်ရန်ရည်ရွယ်သော်လည်း ဒေသခံတိုင်းရင်းသားတို့၏အာရုံကို ဆွဲဆောင်နိုင်စွမ်း မရှိပေ။

> အခမ်းအနားများသည်
> ဝတ်ပြုကိုးကွယ်ခြင်းကို
> ပို၍လေးနက်စေရန်
> လူတို့၏လက်မှုပညာဖြင့်
> ခြယ်မှုန်းထားခြင်း
> ဖြစ်ပါသည်။

ဝတ်ပြုကိုးကွယ်ခြင်းတွင် ရှင်လန်းစွာနှင့် ဘုရားသခင်ကို ဆုတောင်းနိုင်ရန် ဓမ္မတေးဂီတသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ပါသည်။ အစဉ်အလာအရ ယေရုရှလင်ဗိမာန်တွင် ကြိုးဖြင့်တီးခတ်ရသောတူရိယာများ၊ လက်အားဖြင့်တီးခတ်ရသောတူရိယာများ၊ လေကိုမှုတ်ခြင်းအားဖြင့် အသံထွက်စေသောတူရိယာများကို အသုံးပြုခဲ့ကြပါသည်။ ထို့ပြင် ကခုန်၍မြူးတူးခြင်းဆိုင်ရာဓမ္မဂီတများရှိခဲ့ပါသည်။ ခရစ်ယာန်ဘာသာသည် ဥရောပတိုက်သို့ရောက်လာသောအခါ ဥရောပသားများအသုံးပြုသည့်တူရိယာများ၊ သီချင်းသီဆိုပုံများ၊ သီချင်းရေးစပ်မှုများ ပါဝင်ပါသည်။ ရည်ရွယ်ချက်မှာ ဘုရားသခင်၏ကျေးဇူးတော်ကို ရှင်လန်းဝမ်းမြောက်စွာသီဆိုကျူးဧလျက် ဂုဏ်တော်ချီးမွမ်းရန်၊ ဆုတောင်းရန်ဖြစ်ပါသည်။ ဤအချက်သည် လူမျိုးတိုင်းအတွက် မမှန်ကန်နိုင်ပေ။ လူမျိုးတိုင်းတွင် ကိုယ်ပိုင်သံစဉ်များ၊ ကိုယ်ပိုင်တူရိယာများရှိသောကြောင့်ဖြစ်သည်။ ဥပမာအားဖြင့် အမေရိကရှိ နိုးကြားသောအသင်းတော်များမှ ဥရောပတိုက်သားများကဲ့သို့ ဓမ္မဂီတများကို ငြိမ့်ညောင်းစွာဆိုခြင်းထက် လက်ခုပ်တီးလျက် ရှင်လန်းစွာသီဆိုရသော ဂုဏ်တော်ချီးမွမ်းခြင်းသီချင်းများ ထွက်ပေါ်လာခြင်းမှာ သာဓကများဖြစ်ပါသည်။

အသင်းတော်တွင် ခရစ်ယာန်ပြက္ခဒိန် ထားရှိခြင်းမှာ အချိန်ကာလအလိုက်၊ ရာသီအလိုက် ဘုရားသခင်၏ကျေးဇူးတော်ကို ရေတွက်ချီးမွမ်းနိုင်ရန် ဖြစ်သည်။ အထူးသဖြင့် ဘုရားသခင်၏ကရုဏာ၊ မေတ္တာ၊ ကျေးဇူးတော်၊ ကယ်တင်ခြင်းတရားတို့ကို သိကျွမ်းနားလည်စေရန်အတွက် စီစဉ်ထားခြင်းဖြစ်ပါသည်။ ဤအစဉ်အလာများသည် ယုဒလူမျိုးများက ယေရုရှလင်ဗိမာန်တွင် မပျက်မကွက်စောင့်ရှောက်ရသော ပွဲနေ့ကြီးများစောင့်ရှောက်ခြင်းနှင့် သက်ဆိုင်ပါသည်။ ခရစ်ယာန်ဘာသာတွင်လည်း မပျက်မကွက်စောင့်ရှောက်ရမည့် ပွဲနေ့များ ရှိပါသည်။ ဥပမာအားဖြင့် ပါတွင်းကာလသည် ခရစ်ယာန်များ မပျက်မကွက် စောင့်ရှောက်ရသောအချိန်ကာလဖြစ်ပါသည်။ ဤအချိန်ကာလသည် မြန်မာပြည်သူပြည်သားများစောင့်ရှောက်သော နှစ်သစ်အချိန်အခါသမယနှင့် တိုက်ဆိုင်နေပါသည်။ သင်္ကြန်အချိန်အခါသမယသည် ခရစ်ယာန်ဆိုင်ရာ ဝါတွင်းကာလကိုစောင့်ရှောက်နေရခြင်းကြောင့် ခရစ်ယာန်တို့နှင့်မသက်ဆိုင်သကဲ့သို့ဖြစ်နေသည်။ ဤအချက်ကို ထောက်ရှုခြင်းအားဖြင့် လူတစ်မျိုးလုံးစောင့်ရှောက်သောပွဲနေ့ကြီးသည် ခရစ်ယာန်ဘာသာဝင်များအဖို့ အဓိပ္ပာယ်မဲ့သောပွဲနေ့ဖြစ်ပါသည်။

> သင်္ကြန်အချိန်အခါသမယသည်
> ခရစ်ယာန်ဆိုင်ရာဝါတွင်းကာလကို
> စောင့်ရှောက်နေရခြင်းကြောင့်
> ခရစ်ယာန်တို့နှင့်မသက်ဆိုင်သကဲ့သို့
> ဖြစ်နေသည်။

အထက်ဖော်ပြပါ ဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆိုင်သော ဓလေ့ထုံးစံများသည် တိုင်းရင်းသားများအဖို့ အကျိုးနှင့်အပြစ် ဟူ၍ နှစ်မျိုးစလုံးရှိနိုင်ပါသည်။ ထို့ကဲ့သို့ပင် ဒေသဆိုင်ရာ တိုင်းရင်းသားများ၏ဓလေ့ထုံးစံများကို ဝတ်ပြုကိုးကွယ်ခြင်းတွင် အသုံးပြုပါကလည်း အကျိုးနှင့်အပြစ်ရှိပါသည်။ မည်သို့ပင်ဆိုစေ၊ မိမိမြင်တွေ့နေကျ၊ မိမိနားလည်သဘောပေါက်သည့် ဓလေ့ထုံးစံများကလည်း ဝတ်ပြုကိုးကွယ်ခြင်းကို ပို၍လေးနက်စေကြောင်း သိထားဆင်ခြင်ရန်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။❑





✍ ရှာလုမ်ပါ ကိုဂျူနသန် . .၊ အခုလိုတွေ့ဆုံမေးမြန်းခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

♦ ရှာလုမ်ပါ . . .။

✍ ကိုဂျူနသန်ရဲ့ မိဘ၊ ဇာတိနဲ့ မိသားစုအကြောင်း ကျွန်တော်တို့ ရှာလုမ်ပရိသတ်ကို ပထမဦးဆုံးအနေနဲ့ မိတ်ဆက်ပေးလို့ရမလား။

♦ အဖ ဦးစိုးဝင်း၊ အမိ နော်နယ်လီတို့ရဲ့ မွေးချင်း (၅)ဦးအနက် အငယ်ဆုံးသားဖြစ်ပါတယ်။ ကျွန်တော့်ဇနီးက နော်မြမြဝင်း၊ သမီး နော်ဖောဖောဝါး ဖြစ်ပါတယ်။

# ကိုဂျူ နှင့် မေးခွန်း(၁၇)ခု



✍ ကိုဂျိုရဲ့ဘုရားသခင်အပေါ် ယုံကြည်မှုလေးကို ပြောပြပါဦး။ အသက်တာမှာ ဒုက္ခတွေနဲ့ရင်ဆိုင်ခဲ့ရာမှာ ဘယ်လိုဖြေရှင်းခဲ့ပါသလဲ။

♦ ဉာဏ်ပညာရဲ့အချုပ်အခြာဟာ ဘုရားသခင်ပါ။ ဒုက္ခတွေနဲ့တွေ့တဲ့အခါမှာ ဘုရားသခင်ရဲ့ခွန်အား၊ ကျွန်တော့်ရဲ့ခွန်အား နှစ်မျိုးပေါင်း ဖြေရှင်း ကျော်လွှားခဲ့ပါတယ်။ (ကျွန်တော့်ခွန်အားဆိုတာ . . . တစ်ခါတစ်ခါ ဘုရားကို နားမပူစေလိုတဲ့အတွက်ပါ)

✍ စာပေလောကထဲမရောက်ခင် ကိုဂျိုဖြတ်သန်းခဲ့ရတဲ့ဘဝအခြေအနေလေးကို စိတ်အနှောင့်အယှက်မဖြစ်ဘူးဆိုရင် ပြောပြစေချင်ပါတယ်။

♦ အစိုးရအမှုထမ်းဘဝနဲ့ ကျင်လည်ခဲ့ပါတယ်။ အစိုးရအမှုထမ်းဘဝမှအနားမယူမီ (၃)နှစ်အလိုမှာ စာပေလောကထဲ စတင်ဝင်ခဲ့ပါတယ်။

✍ ဒီဇိုင်နာတစ်ယောက်ဖြစ်လာအောင် ဘယ်လို ကြိုးစားခဲ့ရသလဲဆိုတာ ပြောပြပါဦး။

♦ တကယ်တော့ ဒီဇိုင်နာလို့တော့ အခေါ်မခံထိုက်သေးပါဘူး။ ဒါပေမယ့် ကျွန်တော့်ရဲ့ဝါသနာကို ဘုရားသိတဲ့အတွက် နေရာပေးခြင်းခံရပါတယ်။ ဒါကြောင့် ဒီဇိုင်နာလောကမှာ သက်တမ်းနုနုနဲ့ပဲ ကျင်လည်လှုပ်ရှားသွားနိုင်တာပါ။

✍ ပန်းချီနဲ့ ဒီဇိုင်း ကွာခြားမှု ဘယ်လိုရှိပါသလဲ။

♦ ကျွန်တော့်အမြင်ပေါ့နော်။ ပန်းချီနဲ့ ဒီဇိုင်းဟာ အိမ်ထောင်တစ်ခုရဲ့ အဖေနဲ့အမေလိုပါပဲ။ တစ်ခါတစ်ခါ ပန်းချီနဲ့ ဒီဇိုင်းဆိုတာ အဖေဖြစ်သလို၊ တစ်ခါတစ်ခါ အမေလို ဖြစ်ခဲ့ပါတယ်။ သဘာဝက နီးစပ်ပေမယ့် မတူပါဘူး။

✍ ဒီဇိုင်းပုံဖော်တဲ့အခါ အားသန်တဲ့အရောင် သိပါရစေ။

♦ ပုံဖော်တဲ့အခါမှာ အပ်တဲ့သူတွေရဲ့စိတ်ကြိုက်ဖြစ်နိုင်မယ့်အရောင်တွေကို စဉ်းစားရွေးချယ်ပါတယ်။ကျွန်တော်ကြိုက်တဲ့အရောင်က အနက်၊ အနီ၊ အဖြူ ပါ။

✍ ကိုဂျိုရဲ့ပြည်ပအတွေ့အကြုံလေးပြောပြပါဦး။

♦ သူငယ်ချင်းရဲ့ကောင်းမှုတွေပါ။ ကျွန်တော့်အရည်အချင်း ဒီလောက်မရှိပါဘူး။ ထိုင်းနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေကို ရောက်ခဲ့ပါတယ်။ ပြည်တွင်း/ပြည်ပဆိုတာ လူတွေရဲ့ စည်းတစ်ခုပါ။ ဒါပေမယ့် ပြည်ပမှာ သူတို့ ဘာတွေလုပ်နေတယ်၊ ဘာတွေ အားသာချက်ရှိတယ်ဆိုတာတွေကတော့ အဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံပါ။ အထူးခြားဆုံးက . . . အိမ်အရမ်းလွမ်းတယ်ဗျာ . . .။



## အနုပညာဆိုတာ လူတိုင်းမှာ ရှိနေပါတယ်။

✍ ကိုယ့်ရဲ့ အနုပညာအပေါ် ခံစားမှု . . .

♦ အနုပညာဆိုတာ လူတိုင်းမှာ ရှိနေပါတယ်။ ဒါကို သိရင် ကိုယ့်အနုပညာနဲ့ ဒီကမ္ဘာအတွက် အစက်လေးတစ်စက်လောက်တော့ လုပ်နိုင်ပါမယ်။





✍ ခရစ်ယာန်စာပေလောကမှာ ကျင်လည်နေတဲ့ ကိုဂျိုအနေနဲ့ ခရစ်ယာန်စာဖတ်ပရိသတ်ရဲ့ စာပေအပေါ် စိတ်ဝင်စားမှုအခြေအနေလေး . .။

♦ စာရေးတဲ့လူတွေဘက်ရော၊ စာဖတ်တဲ့သူတွေဘက်ရော စည်းချက်ညီပါဝင်မှ ခရစ်ယာန်စာပေဟာ အဆင့်အတန်းတစ်ခုရောက်နိုင်ပါမယ်။ စာပေဟာ ကိုယ့်ဘဝအတွက် အသုံးဝင်တယ်လို့ အသိတရားရှိရင် ဖြစ်နိုင်ပါတယ်။

✍ တစ်ချို့က ပြောကြတယ်။ အသင်းသူ/သား တော်တော်များများဟာ စာပေစိတ်ဝင်စားမှုမရှိဘူး လို့ ပြောကြတယ်။ အဲဒါ စိတ်ဝင်စားလာအောင် ဘယ်လို လုပ်ဆောင်နိုင်ပါသလဲ။

♦ အသင်းသူ၊ အသင်းသားတွေ စာပေအပေါ်မှာ စိတ်မဝင်စားဘူး ဆိုတဲ့အချက်ကတော့ ကျယ်ပြန့်လွန်းပါတယ်။ အကုန်လုံးကြိုက်နိုင်ဖို့ဆိုတာတော့ ခက်ပါလိမ့်မယ်။ ဒါပေမယ့် ပျမ်းမျှတော့ လုပ်ယူနိုင်မယ်လို့ထင်ပါတယ်။ သူတို့ ဘာတွေကို စိတ်ဝင်စားသလဲဆိုတာသိဖို့လိုပါတယ်။ စာဖတ်တဲ့သူရှိမှလည်း စာရေးတဲ့သူရှိနိုင်မယ်ဆိုတော့ သူတို့ရဲ့အသံတွေကို နားထောင်ပေးရပါမယ်။

✍ ခရစ်ယာန်စာပေကို ပေါ့ပေါ့ပါးပါးဖြစ်အောင် ရေးရင် အရသာပေါ့သွားနိုင်လား။ အနှစ်သာရ ပျောက်သွားနိုင်လား။

♦ ခရစ်ယာန်စာပေကို ပေါ့ပေါ့ပါးပါးရေးရင် အနှစ်သာရပေါ့သွားနိုင်မလားဆိုတာတော့ ကျွန်တော် ဉာဏ်မီသလောက်ပြောရရင် ဥပမာ -"အစားနည်းတဲ့သူကို စေတနာနဲ့ အတင်းခွံ့ကျွေးရင် စားရတဲ့သူမှာ ဝန်ထုပ်ဝန်ပိုးကြီးဖြစ်ပြီး ဒုက္ခတွေ့ရပါမယ်"။ ဒါကြောင့် ပေါ့တာ လေးတာဟာ ရေးသူ စဉ်းစားရမယ့်အချက်ပါ။

✍ ခရစ်ယာန်စာပေအနေနဲ့ Professional စာပေလောကဖြစ်ဖို့ ဘာတွေလိုအပ်ပါသလဲ။

♦ ခရစ်ယာန်တွေဟာ Professional ဆိုတာနဲ့ ခေါင်းနပန်းကြီးသွားတတ်တယ်။ Professional ဆိုတာ ခရစ်ယာန်စာပေလောကနဲ့မဆိုင်ဘူးလို့ ခံယူတတ်ကြတယ်။ ဒါကြောင့် Professional ဆိုတာရဲ့ အဓိပ္ပာယ်ကိုသိအောင် ပထမဆုံး ကြိုးစားစေချင်တယ်။

✍ ရှာလုမ်မဂ္ဂဇင်းရဲ့အခြေအနေကိုရော ကိုဂျိုနသန်အနေနဲ့ ဝေဖန်ပါဦး။

♦ ကျောင်းသား၊ ကျောင်းသူတွေရဲ့မဂ္ဂဇင်းပါ။ ကောင်းခြင်း၊ ဆိုးခြင်းဆိုတာလည်း သူတို့တွေနဲ့ပတ်သက်နေတဲ့လူတွေရဲ့ အားထုတ်မှု၊ အားပေးမှုပေါ်မှာ မူတည်ပါတယ်။

✍ စာပေစိတ်ဝင်စားတဲ့သူများနဲ့ ရှာလုမ်ပရိသတ်ကို ပြောချင်တဲ့ ရင်တွင်းစကား . . .။

♦ ကြိုးစားစေချင်ပါတယ်။ ဘုရားမျက်နှာကြည့်ပြီး ကြိုးစားရင် ခရီးပေါက်ပါမယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော့်ရဲ့ဒီဇိုင်နာ အစဟာ Shalom က စခဲ့လို့ပါပဲ။

✍ ကိုဂျို ပါဝင်နေတဲ့ အသင်းတော်ကို သိပါရစေ။

♦ ခရစ်တော်ဘွဲ့နာမခံအသင်းတော်၊ အင်းစိန် ပါ။

✍ ကိုဂျိုနဲ့ ဆက်သွယ်ချင်ရင် . . .

♦ အမှတ် (၁၂၃၇)၊
ခရစ်တော်ဘွဲ့နာမခံဘုရားကျောင်း၊
မင်းကြီးလမ်း၊ အင်းစိန်မြို့ပါ။
ကျေးဇူးတင်ပါတယ်။❑

ကျေးဇူးတင်လျက်

**ရှာလုမ်ဝိုင်းတော်သား**

လူငယ်များ

# ခေါင်းရန်နှင့်ရှောင်ရန်

## အချက်များ

| ဘုရားသခင်အလိုရှိတော်မူသော လူငယ်များအတွက် ဂုဏ်အင်္ဂါများ (Altributes) | ဘုရားသခင်မဖြစ်စေချင်သော လူငယ်များ၏နေပုံထိုင်ပုံ ဟန်ပန်အနေအထားများ (Altitudes) |
|---|---|
| The attritutes that God desires for his childeren. What God wants for the Children: (youth) | The attitude that God does not desire. What God does not want: |
| - သန့်ရှင်းခြင်း (ရောမ ၁၂:၁-၉) | - မကောင်းမှုဒုစရိုက် (ဆိုးသွမ်းခြင်း) ဘုရားသခင်အား ဂရုမစိုက်ခြင်း (မထီလေးစားပြုခြင်း) |
| - တစ်ပါးသူများအား ချစ်ခင်ခြင်း (ရောမ ၁၂:၁၂၊ ဂလာ တိ ၅:၂၂) | - မုန်းတီးခြင်း၊ မနာလိုခြင်း၊ ရန်ငြိုးထားခြင်း၊ ခါးသီးခြင်း၊ ရန်ဘက်ပြုလိုခြင်း။ |
| - ဝမ်းမြောက်ခြင်း (ရောမ ၁၂:၁၀၊ ဂလာတိ ၅:၂၂) | - ငြူစူညီးတွားခြင်း၊ မြည်တွန်တောက်တီးခြင်း၊ စူအောင့်ခြင်း၊ စိတ်မသက်မသာရှိခြင်း။ |
| - ငြိမ်းချမ်းမှု၊ ငြိမ်သက်ခြင်း (ရောမ ၁၂:၁၆၊ ဂလာတိ ၅:၂၂) | - ရန်ဖြစ်ခြင်း၊ စစ်ပြိုင်ခြင်း၊ ဘက်ပြိုင်ခြင်း |
| - သည်းခံခြင်း (ရောမ ၁၂:၁၂၊ ဂလာ တိ ၅:၂၂) | - သည်းမခံခြင်း၊ စိတ်မရှည်ခြင်း၊ ခက်ထန်ခြင်း |
| - ကြင်နာသနားခြင်း (ဂလာတိ ၅:၂၂၊ ဧဖက် ၄:၃၂) | - ရိုင်းစိုင်းခြင်း၊ ရက်စက်ခြင်း |
| - ကောင်းမှုပြုခြင်း (ရောမ ၁၂:၁၄၊ ဂလာတိ ၅:၂၂) | - အထွေထွေဆိုးသွမ်းမှုများပြုလုပ်ခြင်း |
| - သစ္စာရှိခြင်း (ရောမ ၁၂:၁၂၊ ဂလာတိ ၅:၂၂) | - တာဝန်မယူလိုခြင်း၊ တာဝန်ကို မလေးစားခြင်း |
| - ညင်သာပျော့ပျောင်းခြင်း (ဂလာတိ ၅:၂၃) | - ရက်စက်ကြမ်းကြုတ်ခြင်း၊ ခက်ထန်ခြင်း |
| - မိမိကိုယ်ကိုယ်ချုပ်တီးခြင်း (ဂလာတိ ၅:၂၃) | - အတင်းအကျပ်ပြုခြင်း၊ အနိုင်အထက်ပြုခြင်း၊ စိတ်ဆိုးခြင်း၊ စိတ်ကောက်ခြင်း |





| | |
|---|---|
| - လုံ့လဝီရိယရှိခြင်း (ရောမ ၁၂:၁၁) - အသက်ရှင်သန်စွမ်းခြင်း (ရောမ ၁၂:၁၁) | - ပျင်းရိခြင်း၊ သတိမမူမေ့လျော့တတ်ခြင်း - နှေးကွေး၊ နှောင့်နှေးကြန့်ကြာဖင့်နွဲ့ခြင်း၊ လေးကန်ခြင်း၊ ဂရုမစိုက်ခြင်း၊ အလေးမယူခြင်း၊ လျစ်လျူရှုခြင်း၊ ဥပေက္ခာပြုခြင်း၊ ပျင်းရိငြီးငွေ့ခြင်း။ |
| - နှိမ့်ချခြင်း (ရောမ ၁၂:၁၀၊ ၁၆) | - မာနကြီးခြင်း၊ ကြွားဝါခြင်း၊ မိမိကိုယ်ကို အထင်ကြီးခြင်း၊ ထောင်လွှားခြင်း။ |
| - ရက်ရောခြင်း (ရောမ ၁၂:၁၃) - မိတ်ဆွေသဖွယ် ရင်းနှီးဖော်ရွေခြင်း (ရောမ ၁၂:၁၃) | - တစ်ကိုယ်ကောင်းဆန်ခြင်း၊ လောဘကြီးခြင်း၊ အလိုရမ္မက်ကြီးမားခြင်း - သူစိမ်းဆန်ခြင်း၊ ရင်းနှီးမှုမရှိခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ တစ်ကိုယ်တည်း နေထိုင်ခြင်း။ |
| - အကင်းပါးခြင်း၊ အခြေအနေအရပ်ရပ်ကို နားလည်ခြင်း (ရောမ ၁၂:၁၅) - နာခံခြင်း (ဧဖက် ၆:၁) - ရိုးသားဖြောင့်မတ်ခြင်း (ရောမ ၁၂:၁၇) | - အပြစ်ရှာတတ်သောသဘောရှိခြင်း၊ ဂရုမစိုက်တတ်ခြင်း။ - နာခံမှုမရှိခြင်း၊ ပြန်လှန်နှုတ်လှန်ပြောဆိုတတ်ခြင်း။ - လိမ်လည်ပြောဆိုခြင်း၊ မတရားလိမ်ညာမှုပြုခြင်း၊ လှည့်ဖျားလိမ်လည်တတ်သော၊ သစ္စာမရှိသော |
| - အထက်အရာရှိကို ရိုသေလေးစားခြင်း (ရောမ ၁၃:၁) | - မလေးမခန့်ပြုခြင်း၊ စော်ကားမော်ကားပြုလုပ်ခြင်း၊ မလေးမစား ပြန်လှန်ပြောဆိုတတ်ခြင်း၊ မထေမဲ့မြင်ပြုခြင်း၊ ရိုင်းပျစွာ တော်လှန်ခြင်း၊ အံတုခြင်း။ |
| - ခွင့်လွှတ်ခြင်း (ဧဖက် ၄:၃၂) | - သဘောမတွေ့ခြင်း၊ ငြူစူစောင်းမြောင်းခြင်း၊ ရန်ညှိုးထားခြင်း၊ မုန်းထားခြင်း၊ ခွင့်မလွှတ်တတ်ခြင်း၊ လက်စားချေလိုခြင်း။ |
| - ကျေးဇူးပြုတတ်ခြင်း (ဧဖက် ၅:၂၀) | - ကျေးဇူးကန်းတတ်ခြင်း၊ ကျေးဇူးတရားကို မသိခြင်း။ |
| - ဖြူစင်ခြင်း (ဧဖက် ၅:၂၀) | - မကြားဝံ့မနာသာသော အပြုအမူအပြောအဆိုများပြုလုပ်ခြင်း၊ လမ်းလွဲသောဆိုးသွမ်းသောအတွေးအခေါ်၊ အပြောအဆိုဖတ်ရှုခြင်းနှင့် ရှုမြင်ခြင်းအမျိုးမျိုး |
| - ဉာဏ်ပညာကြီးမားခြင်း (ဧဖက် ၅:၁၅) | - မသိနားမလည်ခြင်း၊ ပညာမဲ့ခြင်း၊ သင်ကြားပေးရန်ခက်ခဲသောသဘောတရားနှင့် စိတ်နေသဘောထားများ |
| - ခွန်အား၊ သတ္တိ (ဧဖက် ၆:၁၀) | - ကြောက်ရွံ့ခြင်း၊ ရှက်ကြောက်ခြင်းနှင့် သတ္တိမရှိခြင်း။ |

# Selfless Christian? အတ္တကင်းသော ခရစ်ယာန်လော?

ဘုန်းတော်ကြီးဒေါက်တာရှမွေလစံမြတ်ရွှေ

ဤအဆိုသည် မိမိယုံကြည်ချက်အတိုင်း ကြိုးစားအသက်ရှင်သော ခရစ်ယာန်များနှင့်ပတ်သက်၍ စဉ်းစားတွေးခေါ်ရာမှ ပေါ်ထွက်လာသောအဆို ဖြစ်သည်။ ကျွန်ုပ်တို့သည် နေ့စဉ် (သို့မဟုတ်) ရက်သတ္တပတ်တိုင်း ဘုရားကျောင်းသို့သွားကာ အလှူဒါနများလှူဒါန်းခြင်း၊ ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်း၊ အသင်းတော်၏လှုပ်ရှားမှုများတွင်ပါဝင်ခြင်းနှင့် ခရစ်တော်အတွက် မိမိကိုယ်ကိုမိမိ အချိန်ပိုင်း (သို့မဟုတ်) အချိန်ပြည့်ဆက်ကပ်ခြင်းများပြုကြသည်။ အသင်းတော်ပြင်ပ၌လည်း ဆင်းရဲသူများ၊ လိုအပ်နေသူများကို ကူညီခြင်းစသော လူမှုရေးလုပ်ငန်းများလည်း လုပ်ဆောင်ကြသည်။ ထိုကဲ့သို့သော လုပ်ဆောင်မှုများသည် အခြားသောသူများ ကောင်းရာမွန်ရာဖြစ်ဖို့၊ အသင်းတော်တိုးတက်ဖို့ရန် ရည်ရွယ်၍လုပ်ဆောင်နေသော ကျွန်ုပ်တို့၏ ကောင်းသောအပြုအမူများဖြစ်သည်။ သို့ရာတွင် ထိုကောင်းသောလုပ်ဆောင်ချက်များအတွက် စိတ်ဝင်စားဖွယ်ကောင်းသောမေးခွန်းတစ်ခုမှာ "မည်သို့သောစိတ်သဘောထား၊ မည်သည့်ရည်ရွယ်ချက်ဖြင့် ထိုအလှူဒါနများ၊ ကောင်းမှုကုသိုလ်များပြုကြပါသနည်း" ဟူသောမေးခွန်းပင်ဖြစ်ပေသည်။ ထိုသို့လုပ်ဆောင်ခြင်းသည် အသင်းတော်၏စီမံအုပ်ချုပ်ရေးတွင် လွှမ်းမိုးလိုသောကြောင့်လည်းဖြစ်နိုင်သည်။ သို့မဟုတ် ထိုကောင်းမှုကုသိုလ်ပြုလုပ်ခြင်းဖြင့် ဘုရားရှေ့တွင် ပို၍မျက်နှာသာရမည်ဟုယုံကြည်သောကြောင့်လည်းဖြစ်နိုင်ပေသည်။ ကျွန်ုပ်တို့၏ နောက်ဘဝကောင်းကင်သုခအတွက် လုပ်ဆောင်ခြင်းလည်းဖြစ်နိုင်သည်။ ၎င်းသည် ကောင်းမှုများ၊ လက်တွေ့လုပ်ဆောင်မှုများအပေါ် အလေးထားခံစားသောလူသားများ၏နဂိုရှိရင်းသဘောသဘာဝပင်ဖြစ်ပေသည်။

## Reward and Punishment

### ဆုလာဘ်နှင့်ပြစ်ဒဏ်

ဆုလာဘ်နှင့်ပြစ်ဒဏ်ဟူသော အတွေးအခေါ် အယူအဆသည် ဓမ္မဟောင်းအရေးအသားများပေါ်တွင် လွှမ်းမိုးထားပါသည်။ ၎င်းသည် ဘုရားသခင်၏ဖြောင့်မှန်ခြင်း၊ တရားမျှတခြင်း သဘောသဘာဝနှင့်ဆက်စပ်နေပါသည်။ မည်သို့ပင်ဖြစ်ကာမူ ဓမ္မဟောင်းကျမ်းထဲတွင် ဘုရားရှင်၏ချစ်ခြင်းမေတ္တာနှင့် ဘုရားရှင်၏တရားမျှတခြင်းကြားတွင် တင်းမာမှုတစ်ခုအဖြစ်တည် ရှိနေပါသည်။ ဓမ္မသစ်ကျမ်းထဲတွင် ဘုရားရှင်၏ကျေးဇူးတော်သဘောသည် ဘုရားသခင်၏ အခြားသော သဘောသဘာဝအားလုံးထက် ပို၍သာလွန်ပြီးဓမ္မသစ်ကျမ်း၏ ထူးခြားသောသဘောကိုလည်း သိသာထင်ရှားစေပါသည်။ အခြားတစ်ဖက်တွင်လည်း လူသားများ၏လုပ်ဆောင်မှုများနှင့် ဘုရားရှင်၏ဆုလာဘ်ဆိုင်ရာ အခန်းကဏ္ဍသည်လည်း ကျယ်ဝန်း၍အရေးပါပေသည်။ အထူးသဖြင့် ရှေးက ယုဒဘာသာဝါဒတွင် ဖြောင့်မတ်စွာအလုပ်လုပ်ကိုင်ခြင်းဖြင့် ဘုရားသခင်ထံမှ မြင့်မြတ်သောဆုလာဘ်ကိုရရှိမည်ဟု ယုံကြည်ယူဆကြသည်။ ထို့ပြင် လူသားများသည် မိမိတို့၏ လုပ်ငန်းတာဝန်အသီးသီးကိုဆောင်ရွက်ရာတွင် ဘုရားသခင်ပေးအပ်ထားသောတာဝန်များအဖြစ် ခံယူလျက်၊ မိမိတို့





လောက၌ အသက်ရှင်စဉ်အချိန်အတွင်း ပြီးပြည့်စုံအောင် ဆောင်ရွက်ရန်တာဝန်ရှိကြောင်း ခံယူကြသည်။ ထိုသို့ လောကဆိုင်ရာအလုပ်တာဝန်များကို အပြုသဘောအားဖြင့် နားလည်ခံယူသည့်အချက်က နောက်ဆုံးမိမိ၏ကောင်းမွန်သောလုပ်ဆောင်ချက်များအားဖြင့် (ကောင်းသောကိုယ်ကျင့်တရား) ဘုရားသခင်ထံမှ ကယ်တင်ခြင်းရနိုင်သည် ဟူသော ယုံကြည်မှုမျိုးသို့ ရောက်ရှိသွားသည်။ "လူသားတို့၏ကျင့်ကြံပြုမူခြင်းများသည် ယုံကြည်ခြင်း၏အသီးအပွင့်ဖြစ်ပြီး ကောင်းမှုကုသိုလ်နှင့်ပတ်သက်သောတွေးမြင်ယူဆချက်ကို ၎င်းအတွင်း၌ သယ်ဆောင်ခြင်းမရှိ" ဟူသော ဓမ္မသစ်ကျမ်း၏ လူသားဆိုင်ရာအလုပ်အပေါ် ရပ်တည်ချက်မှာ အလွန်ရှင်းလင်းပေသည်။

## Justificating by faith

### ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်း

(Reformation) ပြန်လည်ပြုပြင်ပြောင်းလဲရေးဖြစ်ရခြင်းအကြောင်းများစွာထဲမှ အကြောင်းတစ်ခုမှာ ဘုရားသခင်၏ရွေးနှုတ်ကယ်တင်ခြင်းဆိုင်ရာ ခံယူရရှိခြင်းထဲတွင် လူသားဆိုင်ရာ လုပ်ဆောင်မှုများအခန်းကဏ္ဍသည် မြင့်တက်လာသောကြောင့်ဖြစ်သည်။ ကက်သလစ်အသင်းတော်သည် "ဖြောင့်မတ်ရာသို့ရောက်ခြင်း" (Justification) ကို နားလည်သဘောပေါက်ရာတွင် ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းမြင့်မြတ်သော ဖြစ်ရပ်ဖြစ်စဉ်နှစ်မျိုးစလုံးပါဝင်သည်ဟု ထင်မြင်ယူဆသည်။ ဤနေရာတွင် ဘုရားသခင်၏ကျေးဇူးတော်သည် အပြစ်သားတစ်ဦးအား ဖြောင့်မတ်သူဖြစ်ရန် ပြုလုပ်ရာတွင် အဆက်မပြတ် အကူအညီပေးနေသောသဘောသဘာဝကို တွေ့ရသည်။ မာတင်လူသာ၏နောက်လိုက် ပရိုတက်စတင့်များက အပြစ်သား၏ ဖြောင့်မတ်ခြင်းအနေအထားကို အလေးအနက်ထားသည်။ ထို့ပြင် ဘုရားသခင်တစ်ပါးတည်းနှင့်သာ သက်ဆိုင်ပြီး အပြစ်သားနှင့်မစပ်ဆိုင်သည့်အရာကို ရရှိလိုက်သော ဖြောင့်မတ်ခြင်းကိုလည်း ထိန်းသိမ်းကြပေသည်။ သို့သော် နောက်ပိုင်းတွင် Forensic justification ဟူသော Melanchthon ၏အမြင်သည် ကက်သလစ်နှင့်ပရိုတက်စတင့်တို့အကြား ကြီးမားသည့်ကွာဟမှုတစ်ခုဖြစ်စေခဲ့သည်။ Melanchthon က အပြစ်သားကို ဖြောင့်မတ်ပြီ ဟုကြေငြာခြင်း (သို့မဟုတ်) ဖြောင့်မတ်သူစာရင်း၌ သွင်းခြင်းပြုလုပ်နိုင်သည်ဟု ပြောခဲ့သည်။ *ဤအချက်တွင် သူ (သို့မဟုတ်) သူမသည် အပြစ်သားဟူသောအဆင့်၌ပင် ရှိနေလင့်ကစား ထိုသို့ ပြုနိုင်ကြောင်း ဆိုလိုခြင်း ဖြစ်ပေသည်။* Melanchthon ၏ ဖြောင့်မတ်ခြင်းကိုသတ်မှတ်သည့် အတွေးအခေါ်အယူအဆသည် ဩဂတ်စတင်း၏ အယူအဆဖြစ်သော ဖြောင့်မတ်ခြင်းကိုပေးခြင်း ဟူသည့်အမြင်နှင့် ပဋိပက္ခဖြစ်လာဟန်တူပါသည်။ ကျွန်ုပ်၏အမြင်မှာ ထိုအဖွဲ့နှစ်ဖွဲ့စလုံးသည် မူလအကြောင်းရင်းအပေါ် သဘောတူညီမှုရှိသော်လည်း အပြစ်သားတစ်ဦး ဖြောင့်မတ်လာအောင် မည်ကဲ့သို့လုပ်ဆောင်သနည်းဟူသော အရာနှင့်ပတ်သက်၍ ကွဲလွဲမှုရှိပေသည်။ ကက်သလစ်များအတွက်မှာ ဖြောင့်မတ်ခြင်းသည် လူသား၏အတွင်းမှဖြစ်ပေါ်လာပြီး ပရိုတက်စတင့်များအတွက်မူ လူသား၏ပြင်ပမှရရှိလာသည့်အရာအဖြစ် တွေ့ရှိရသည်။

## Merit

### ကောင်းမှုကုသိုလ်

လူသားများအလုပ်လုပ်ဆောင်ရာတွင် ကိုယ်ကျင့်သိက္ခာကောင်းသူအဖြစ် ဆုံးဖြတ်ခံရသောအခါ ဘုရားသခင်မှဆုချရန် ထိုက်တန်သူများကဲ့သို့ဖြစ်လာကြသည်။ ဓမ္မဟောင်းအမြင်၌လည်း ရှင်းရှင်းလင်းလင်းဖော်ပြထားသည်ကို ကျွန်ုပ်တို့တွေ့မြင်နိုင်ပါသည်။ ဤနေရာ၌ ကက်သလစ်နှင့်ပရိုတက်စတင့်တို့၏ အမြင်များအပေါ်တွင် အလေးပေးဖော်ပြလိုသည်။ ကက်သလစ်နှင့် ပရိုတက်စတင့်ခရစ်ယာန်များ၏ ကောင်းမှုကုသိုလ်အပေါ် နားလည်မှုသည် ဘုရားရှင်၏ဆုလက်ဆောင်ဖြစ်သည့် ဘုရားရှင်၏ကျေးဇူးတော်နှင့်ယုံကြည်

ခြင်းတို့မပါရှိဘဲ နားမလည်နိုင်ပေ။ ကက်သလစ်များ၏ ယုံကြည်မှုမှာ လူသားများကောင်းမှုမပြုမီကပင် ဘုရားသခင်၏ကျေးဇူးတော်တည်ရှိပြီးဖြစ်သည်ဟု ယုံကြည်သည်။ ကျေးဇူးတော်သည် မည်သည့်ကောင်းမှုကုသိုလ်အလုပ်တွင်မဆို ထိုအလုပ်များအတွက် ကြိုတင်၍ လိုအပ်သောအရာများဖြစ်သည်။ ကယ်တင်ခြင်းသည် ဘုရားသခင်ထံမှဆုလာဘ်တစ်ခုပင်ဖြစ်သည် ဟူသော နားလည်မှုသည် ခရစ်ယာန်အယူဝါဒ၌ အစမူလကပင် မရှိချေ။ ပြောင်းလဲပြီးနောက် ယုံကြည်သူတစ်ဦးသည် ဖြောင့်မတ်သောအခြေအနေသို့ တဖြည်းဖြည်း တိုးတက်ရန် ဘုရားရှင်၏ကျေးဇူးတော်နှင့် စတင်၍ပူးပေါင်းလုပ်ဆောင်ရမည်။ ပရိုတက်စတင့်များသည် ရှင်ပေါလု၏ စာစောင်များကို လေ့လာလိုက်စားသည့်အခါ ထိုစာစောင်၌ ကောင်းမှုကုသိုလ်သည် ယုံကြည်ခြင်း၏ နောက်တွင်မှဖြစ်လာသည့်အရာဟူ၍ မှတ်ယူလာကြသည်။ ကောင်းမွန်သောအလုပ်သည် မှန်ကန်သော ယုံကြည်ခြင်း၏အကျိုးရလဒ်ပင်ဖြစ်သည်။

## Parami ပါရမီ

ၚင်းသည် ပါဠိစကားလုံးဖြစ်ပြီး အဓိပ္ပာယ်မှာ မြင့်မြတ်သောပုဂ္ဂိုလ်များ၏ကျင့်ကြံမှုများဖြစ်သည်။ ၎င်းကျင့်ကြံမှုများအား မြင့်မြတ်သောလူမှသာ လုပ်ဆောင်နိုင်သည်။ ထိုကောင်းသောအလုပ်ကို ပြုလုပ်ရာတွင် (၁) မိမိ၏ ကိုယ်ပိုင်အကျိုးထက် အခြားသောသူများ ကောင်းစားရေးကို ရှေးရှုခြင်း၊
(၂) သံသရာစက်ဝိုင်းမှလွတ်မြောက်ရန် ရည်ရွယ်ချက်ထားရှိခြင်း စသည်တို့ကို ရည်ရွယ်ပြီးပြုလုပ်ကြသည်။

ကိုယ်ကျိုးအတ္တကင်းပြီး လူသား၏အတွင်းသဘောဆိုင်ရာ မိမိကိုယ်မိမိအဓိကထားခြင်းတို့ကို ချိုးနှိမ်ရန် ကြိုးစားသည့်သဘောပင်ဖြစ်ပေသည်။

## Selfless Christian?
## အတ္တကင်းသော ခရစ်ယာန်လော?

Max Weber သည် သူ၏စာအုပ်ဖြစ်သော "The Protestant Ethic and the Spirit of Capitalism" ဟူသောစာအုပ်တွင် ပရိုတက်စတင့်စိတ်ချုပ်တည်းခြင်း (ပြူရီတန်ဝါဒ) ဆိုင်ရာ ကိုယ်ကျင့်တရားသည် လူတစ်ဦးစီ၏ချမ်းသာကြွယ်ဝမှုနှင့် လုပ်ဆောင်မှုများအား ဘုရားသခင်ခေါ်တော်မူခြင်းကို ပြည့်စုံစေရန် အသုံးခံသောအရာဖြစ်ကြောင်း အခြေအတင်ပြုထားသည်။ ချမ်းသာရန် ကြိုးစားခြင်းသည် ကောင်းမွန်ပြီး ထိုအရာဖြင့် ဘုရားသခင်အား ဘုန်းတော်ထင်ရှားစေရန်ဖြစ်သည်။

*ဓမ္မသစ်ကျမ်းထဲတွင် သခင်ယေရှုသည် လောကီစည်းစိမ် (Mammon) စကားလုံးအား ချမ်းသာခြင်းဟုသုံးနှုန်းပြီး ချမ်းသာကြွယ်ဝခြင်းသည် တစ်ခါတစ်ရံ ကျွန်ုပ်တို့ အားကိုးသောအရာဖြစ်တတ်၍ တပြိုင်တည်းတွင် စစ်မှန်သောဘုရားအား လျစ်လျူရှုမှုဖြစ်နိုင်ပေသည်။* ဤနားလည်မှု၏နောက်ကွယ်တွင် တစ်စုံတစ်ဦးက မိမိသည် ခရစ်ယာန်ဖြစ်ကြောင်း အခြားသူများအား သက်သေပြရန်လိုသည် ဟူသောအချက်ဖြစ်သည်။ ဘာသာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများလိုက်နာခြင်းဖြင့် မိမိသည် မည်သူဖြစ်ကြောင်း အကောင်းဆုံးနှင့် အတတ်နိုင်ဆုံးသက်သေပြရန်ဖြစ်သည်။ ဘုရားသခင်အတွက် အကောင်းဆုံးအားထုတ်ကြိုးစားခြင်းသည် အတိုင်းအတာတစ်ခုအထိ လက်ခံနိုင်သော်လည်း ဘာသာရေးအမြင်အရ ဘေးဒုက္ခမှ လုံးလုံးမလွတ်မြောက်နိုင်ပေ။ အကောင်းဆုံးကြိုစားခြင်းသည် လူသားများ၏ လောဘ၊ မိမိတို့၏ အတ္တ၊ ဘဝင်မြင့်ခြင်း စသောအတွေးအမြင်များနှင့် ခွဲခြားမရနိုင်အောင် ဆက်စပ်မှုရှိသည်။ ဤအရာသည် မိမိ၏အရည်အချင်းနှင့် ကျွမ်းကျင်မှုပေါ်တွင်သာ အခြေခံသည့်ယူဆမှုမျိုး ဖြစ်လာပေမည်။

ဤစဉ်းစားဆင်ခြင်ခြင်း၏နောက်ကွယ်၌ ကျွန်ုပ်တို့လေးနက်စွာစဉ်းစားရမည့်အရာမှာ လူ၏စွမ်းဆောင်မှုနှင့် ၎င်း၏အကျိုးသက်ရောက်မှုပင်ဖြစ်သည်။ ယနေ့ခေတ်နှင့်အညီ ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းအတွက် ငွေကြေးများပိုမိုရှာဖွေရန်နှင့် ကျွန်ုပ်



SHALOM MAGAZINE

တို့၏လက်ရှိအနေအထားနှင့် အနာဂတ်တွင် လုံခြုံမှုရှိရန် ပို၍ကောင်းသောအလုပ်အကိုင်များရရှိရန် ကြိုးစားကြရသည်။ ထိုသို့ကြိုးစားရာ၌ ကျွန်ုပ်တို့၏ဘာသာရေးနှင့် ကိုယ်ကျင့်တရားတန်ဖိုးများကိုသိလျက် (သို့မဟုတ်) မသိလျက်နှင့် တန်ဖိုးမဲ့သည့်အခြေအနေသို့ ပြောင်းလဲသွားနိုင်သည်။

သခင်ယေရှု ထပ်ခါတလဲလဲသင်ကြားသောအရာတွင်လည်း ကျွန်ုပ်တို့၏ အတွင်းပိုင်းသဘောသဘာဝသည် ကျွန်ုပ်တို့၏အပြင်ပိုင်းပြုမူဆောင်ရွက်မှုများထက် ပို၍အရေးကြီးကြောင်း အဓိကသင်ကြားသည်။ ကျွန်ုပ်တို့၏အတွင်းစိတ်၌တည်ရှိသောအရာအား စစ်ဆေးခြင်းမရှိပါက သခင်ယေရှုဆိုလိုသောအရာအား နားလည်လိမ့်မည်မဟုတ်ပေ။ ကျွန်ုပ်တို့၏ အတွင်းပိုင်းအခြေခံပြဿနာများကိုလည်း မည်သည့်အခါမျှ ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ပေ။

ကျွန်ုပ်တို့၏ ကောင်းမွန်သည့်လုပ်ဆောင်မှုများသည် ကိုယ်ကျိုးရှာဖွေသည့်သဘောထားနှင့် ရည်ရွယ်ချက်များ အနည်းနှင့်အများတော့ပါပေလိမ့်မည်။ အဖွဲ့အစည်းတစ်ခုအတွင်း အနစ်နာခံပြီး ဆက်ကပ်လုပ်ဆောင်နေသော အတွင်းရေးမှူးအလုပ်မှအစ အနည်းငယ်သော အလှူငွေများထည့်ဝင်ခြင်းများအထိ ပါဝင်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ ဖြောင့်မတ်ခြင်းကိုရရှိပြီး နောက်ပိုင်းကာလများတွင် "ငါ" (သို့မဟုတ်) "ငါ့ရဲ့" ဟူသောအခန်းကဏ္ဍသည် ရှိနေဆဲလား? အကယ်၍ ဘုရားသခင်၏ကျေးဇူးတော်သည် ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းကို စတင်ပြုလုပ်ပေးသူ၊ ပြီးမြောက်အောင်မြင်စေသူဖြစ်မည်ဆိုလျှင် ကျွန်ုပ်တို့၏ အမည်များသည် ကောင်းမှုများကိုပြုတိုင်း ကျွန်ုပ်တို့၏ အမည်များနှင့် မိမိအတွက် စိုးရိမ်ရခြင်းများအား ဖော်ပြစရာမလိုတော့ပေ။

ကျွန်ုပ်တို့၏ ကောင်းမွန်သောလုပ်ဆောင်မှုများသည် ယခုဘဝနှင့် နောင်ဘဝအသက်တာတွင် မိမိတို့ ကောင်းရာမွန်ရာရောက်ရန်၊ အနေအထားအတွက်သာ ရည်ရွယ်မည်ဆိုလျှင် အခြားသောသူများ၏ ကောင်းကျိုး၊ ဤကမ္ဘာကြီး၏ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာပြဿနာများ၏အရေးပါမှုနှင့် စိန်ခေါ်မှုများကို အလေးထားနိုင်မည် မဟုတ်တော့ပေ။

ဗုဒ္ဓဘာသာယုံကြည်မှုသဘောအရ ပြောမည်ဆိုလျှင် ကျွန်ုပ်တို့၏အကျင့်များနှင့် ကောင်းမှုပြုသောအရာများသည် အခြားသူများ၏ကောင်းကျိုးနှင့်အမြစ်တရား၊ အတ္တတရား၏ချုပ်နှောင်မှုများမှ လွတ်မြောက်ရန် ရှေးရှုမှသာလျှင် မြင့်မြတ်သောအဖြစ်အနေ၊ ဘုရားသခင်ရှေ့၌ တင့်တယ်သောအခြေအနေ ရောက်ပေမည်။

ထိုအရာကို အမှန်တကယ် လုပ်ဆောင်မည်ဆိုလျှင် ကမ္ဘာလောကကြီးသည် အလွန်ကောင်းမြတ်လာပေလိမ့်မည်။

ထိုကဲ့သို့ မြင့်မြတ်သောလူများ (သူတော်စင်) နေထိုင်သည့် တိုင်းနိုင်ငံသည်လည်း ကောင်းမြတ်သည့် တိုင်းနိုင်ငံဖြစ်ပေသည်။

ဗုဒ္ဓဘာသာတွင်လည်း ထိုသို့ပင် ယုံကြည်ပေသည်။

### မေးခွန်းများ

- ယနေ့ ခရစ်ယာန်များအတွင်း မှန်ကန်သည့်စိတ်သဘောထားအပေါ် မည်မျှအထိတန်ဖိုးထားသလဲ?
- ယနေ့ ခရစ်ယာန်များကို စိန်ခေါ်နေသည့် (ကိုယ်ကျင့်တရား၊ ဝိညာဉ်ရေး) စိန်ခေါ်ချက်ရှိပါသလား?
- ၎င်းကို ရင်ဆိုင်နိုင်သည်ဟု သင်ထင်သလား?
- အတ္တကင်းသည့်ခရစ်ယာန်တစ်ယောက်အနေဖြင့် အသင်းတော်နှင့်မိမိပတ်ဝန်းကျင်ကို ပြောင်းလဲနိုင်မယ်လို့ ထင်သလား? ၎င်းသည် စိတ်ကူးယဉ်အိပ်မက်ကဲ့သို့ ဖြစ်နေသလား?

*(၂၉. ၇. ၀၅) မြန်မာနိုင်ငံဓမ္မတက္ကသိုလ်၊ ကျောင်းသားဟောင်းများတွေ့ဆုံပွဲ၌ ဟောပြောသောစာတမ်းကို တတိယနှစ်ကျောင်းသူကျောင်းသားများမှ ဆီလျော်အောင် ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။*❑

# ခဏလေးနော်



(၁)

"ဟိတ် . . ဘာတွေတွေးနေတာလဲ"

သူမထိုင်နေသော ဒန်းကို လှုပ်ခါကာ အော်လိုက်သော သူ့အသံကြောင့် လန့်သွားရသည်။

"ငါလန့်လိုက်တာ နေသွေးရယ်"

ဆောရီး ဆောရီးနော်၊ ရော့ ဖိတ်စာကဒ်ကိုကြည့်ဦး၊ သဘောကျရဲ့လား . . ."

လှပမွှေးကြိုင်သော သူမနှင့်နေသွေး၏စေ့စပ်ဖိတ်စာကဒ်ကို ကြည်နူးစွာ ထုတ်ကြည့်သည်။

"သဘောကျပါတယ်၊ နင်အကောင်းဆုံး စီစဉ်ထားတာပဲ"

"ငါ့ဘဝကို အကောင်းဆုံးအနေနဲ့မပေးနိုင်ခဲ့တော့ အခြားအရာတွေကို အကောင်းဆုံးပေးဆပ်ရမှာပေါ့"

"ဟင် မင်းစကားကလည်း"

"ဟုတ်တယ်၊ စစ်မှန် တစ်ခါတလေ ငါ့ကိုယ်ငါ လိပ်ပြာမလုံဘူးသိလား . . . အမည်းစက်ရှိတဲ့ ငါ့ဘဝထဲကို နင့်လိုဖြူစင်သန့်ရှင်းတဲ့မိန်းကလေးကို ခေါ်ဆောင်တာ . . ."





သူ၏စကားမဆုံးသေးခင် သူမလက်ဝါးနှင့် သူ့ပါးစပ်ကို ပိတ်လိုက်သည်။

"ဒီနေ့ကစပြီး နင် ဒီအကြောင်းတွေမပြောပါနဲ့၊ နေသွေးရယ်။ နင့်ရဲ့ အတိတ်ကအကြောင်းတွေ ငါ့ဂရုမစိုက်ဘူး။ ဒါကြောင့် ဘယ်သူ့တိုက်တွန်းချက်မှမပါဘဲ နင့်ကိုလက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာပါ။"

ငယ်စဉ်ကတည်းက အိမ်နီးနားချင်းဖြစ်ကာ အတူတူကြီးပြင်းလာသော နေသွေးကို သူမ တိတ်တခိုးသံယောဇဉ်ပိုခဲ့ပါသည်။ သို့သော် သူမကျောင်းစာကျောင်း ဒုတိယနှစ်၊ သူက စက်မှုတက္ကသိုလ်ဒုတိယနှစ်ပေါ့။ မိန်းမ ခိုးပြေးသွားသည်။ သူမကြေကွဲခဲ့ရသည်။ အထူးသဖြင့် သူခိုးပြေးသောမိန်းကလေးသည် ပညာမတတ်၊ စားသောက်ဆိုင်တွင် သီချင်းဆိုသည်သာမက နာမည်ပျက်ရှိဖူးသော မိန်းကလေးဟုသိခဲ့ရသည်။ ကိုယ် မြတ်နိုးတန်ဖိုးထားသောသူငယ်ချင်းလေးကို ကိုယ်နဲ့လွဲသွားခဲ့ရင်တောင် တင့်တင့်တယ်တယ်လေး ဖြစ်စေချင်တယ်လေ။ နေသွေးမိဘတွေကလည်း တော်ပါသည်။ တစ်လအတွင်း သားကို ရအောင်ပြန်ခေါ်၊ တစ်ဖက်မိန်းကလေးကိုလည်း ကျေနပ်သွားအောင် ငွေပုံပေးခဲ့သည်။ သူမ ကျမ်းစာကောင်းပြီးတော့ သုံးနှစ် ကိုယ့်ဒေသမှာ ပြန်ဆက်ကပ်ရသည်။ ဒီအချိန်မှာ နေသွေးနှင့် ပြန်တွဲမိကြသည်။ နှလုံးသားမှာ ဒဏ်ရာရရှိခဲ့သောနေသွေးကို ဟိုးအရင်ကထက်ပိုပြီးကြင်နာမိခဲ့သည်။ "ကိုယ့်ရဲ့သေဆုံးသွားတဲ့နှလုံးသားက မင်းနဲ့ကျမှ ပြန်ရှင်သန်လာခဲ့တယ်" လို့ သူချစ်ခွင့်ပန်စဉ် သူမ မငြင်းရက်ခဲ့ပေ။ သူမရဲ့မိဘတွေကတော့ "စဉ်းစားပါ" ဟုတစ်ခွန်းတည်းဆိုကာ နောက်ဆုံး လက်ထပ်ဖို့အထိ သူမဆန္ဒကို လိုက်လျောခဲ့ပါသည်။

"ဟာဗျာ . . . ဖိတ်စာကိုင်ပြီး အိပ်ပျော်နေတာလား စစ်မှန်ရယ် . . ." အတွေးလွန်နေသော သူမ သတိဝင်လာသည်။

"နင်တာဝန်ကျတဲ့ရွာကို ဘယ်တော့သွားမှာလဲလို့ မေးနေတာ"

"ဩော် . . လကုန်ရင် သွားရမယ်၊ ကျွန်မသူငယ်ချင်း လေးနွယ်ကတော့ သွားနှင့်ပြီ . . . သူတာဝန်ကျတဲ့ရွာနဲ့ ကျွန်မတာဝန်ကျတဲ့ရွာက သိပ်မဝေးဘူး သိလား"

"နယ်စပ်ဒေသဘက်ဆိုတော့ တော်တော်ဝေးမယ်နော် . . လွမ်းရဦးမှာပေါ့နော် . . ."

"သွားပါ အပိုတွေ . . လွမ်းမှာလည်းမဟုတ်ဘဲနဲ့ . . ."

"တကယ်ပါ မယုံလို့လား"

သူမ မဲ့ပြုံးပြုံးရင်း ခေါင်းခါပြတော့ . . .

"ငါ နမ်းလိုက်မယ်နော်" ဟု ခြိမ်းခြောက်သလို အမူအရာလုပ်ပြသည်။

"တော် တော် ဆရာရယ် ယုံပါတယ် . . ."

သူက သူမကို ရွှန်းလဲ့စွာကြည့်ရင်း . . .

"တို့နှစ်ယောက် စေ့စပ်ပြီးတာနဲ့လက်ထပ်ဖြစ်ရင် သိပ်ကောင်းမယ်" ဟု မချင့်မရဲပြောသည်။

"အံမယ် . . . လောဘကြီးချင်သေးတယ်။ စေ့စပ်ထားတာတောင် လွန်လှပြီ ဆရာရေ . . . ဘုရားအမှုတော်ကို (၄)နှစ်ပြည့်အောင်တော့ လွတ်လွတ်လပ်လပ် အပြည့်အဝဆက်ကပ်ပါရစေနော်"

နှစ်ယောက်သား ကြည့်ရင်း ရယ်ဖြစ်ကြသည်။ ပြီးမှ သူက တည်ငြိမ်စွာ . . .

"စစ်မှန်၊ ဒို့ရဲ့ အတိတ်ကအဖြစ်အပျက်ကို မင်း တကယ်မေ့နိုင်ပါတယ်နော်။ ဟိုလေ . . . မင်းအတွက် စိတ်အနှောင့်အယှက်မဖြစ်စေပါဘူးနော်" ဟု ထပ်မံမေးလာသည်။

"ကျွတ် . . မင်းရဲ့အတိတ်ကို ငါစိတ်မဝင်စားတာမှ မင်း ခိုးပြေးတဲ့မိန်းကလေးနာမည်ကိုတောင် ငါမသိချင်ဘူး . . . ငါ့တို့ရဲ့အိမ်ထောင်ရေးကိုသာ ခရစ်ယာန်အိမ်ထောင်ဖြစ်အောင် ကြိုးစား တည်ဆောက်ကြမယ်နော်"

"ကျေးဇူးတင်ပါတယ် စစ်မှန်ရယ်"

သူမသည်လည်း အနာဂတ်၏လှပခြင်းကို မျှော်လင့်ရင်း ရင်ခုန်သံမြန်ဆဲပါ . . . ။

(၂)

ကိုယ်မြတ်နိုးတဲ့အရာကို ဘဝမှာ အကြိမ်ကြိမ်လွဲချော်ရလိမ့်မယ်လို့ ကျွန်မ ထင်မထားခဲ့ပါ။ ဒါပေမယ့် ထိုလွဲချော်မှုသည် သူမရှေ့မှာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့ပါတော့သည်။

"ဆရာမ . . . ဆရာမ"

"ရှင်"

ခေါ်သံကြောင့် စာဖတ်နေရာမှ အိမ်ရှေ့သို့ထွက်လာခဲ့သည်။ သူမနှင့် မတိမ်းမယိမ်း မိန်းမတစ်ယောက်ကိုတွေ့ရသည်။ ဒီရွာလေးကိုရောက်လာတာ တစ်ပတ်သာ ရှိသေးတာမို့ အသင်းသူ/အသင်းသားများကို သိပ်မမှတ်မိသေးပါ။

"ဆရာမ . . . ကျွန်မသားလေး အရမ်းဖျားနေလို့ ဆုတောင်းပေးပါလား . . ."

"ဪ . . . ရပါတယ်"

ဆုတောင်းစာအုပ်၊ ကျမ်းစာအုပ်များထည့်ထားသော လွယ်အိတ်ထဲ ဆေးဝါးအချို့နှင့် ပိုက်ဆံထည့်ကာ ထိုမိန်းမနောက် လိုက်ခဲ့သည်။ (၁၀)တန်းဖြေပြီး (၄) လလောက် သူနာပြုသင်တန်းတက်ခဲ့သည်မို့ ဆေးရုံဆေးခန်းဝေးသော ဒီလိုရွာလေးမှာ အသုံးဝင်လှပါသည်။ ဟောင်းနွမ်းသော်လည်း သန့်ရှင်းသပ်ရပ်သော အိမ်ပေါ်သို့ တက်လိုက်စဉ် အဘွားအိုတစ်ဦး စောင့်ပေးနေသော ခြောက်နှစ်အရွယ်ကောင်လေးတစ်ယောက်သည် တော်တော်အဖျားတက်နေပုံရသည်။

"ကျေးဇူးတင်တယ်နော် . . အဘွား"

"အေးကွယ် ရပါတယ် . . နင်လည်း နင့်သားကို ဂရုစိုက်ဦး နီနီ . . ."

"အင်းပါ . . ."

အိမ်နီးချင်းဖြစ်ပုံရသော အဘွားက သူမကိုပြုံးပြရင်း . . .

"ပြန်ဦးမယ် ဆရာမရယ်၊ အိမ်မှာလည်း ဘယ်သူမှမရှိဘူး" ဟုဆိုကာ ပြန်သွားသည်။

"အား . . ကလေးက အပူ (၁၀၃)တောင်ရှိတာပဲ၊ ရေအေး တစ်ဇလုံနဲ့ ပုဝါယူခဲ့ပေးပါ မနီနီ၊ ဟုတ်ပါတယ်နော် . . ."

"ဟုတ်ပါတယ် ကျွန်မ နာမည် မနီနီပါ . . ."

သာမိုမီတာကို လှုပ်ခါရင်း ကလေးကိုသေချာကြည့်မိစဉ် ရင်ထဲရင်းနှီးသလို ခံစားမိသည်။ တစ်ယောက်ယောက်နှင့် ခပ်ဆင်ဆင်တူမှန်းသိနေသော်လည်း ဘယ်သူနှင့်တူမှန်းကို မပြောပြတတ်အောင် ဖြစ်နေမိသည်။

"ဆရာမ . . . ရပြီ"

ယူလာပေးသောပုဝါကို ရေနှစ်ကာ ကလေး၏တစ်ကိုယ်လုံးကို ရေပတ်တိုက်ပေးသည်။

"ကလေးနာမည် ကဘယ်လိုခေါ်လဲဟင် . . ."

"နေသွေးနီ"

"ရှင်"

သူမ အံ့သြသွားရသည်။ နေသွေး ဟူသောအမည်ကို တခြားလူတွေမှည့်ခေါ်မည်ဟု မထင်ထားခဲ့ပါ။

"သူ့အဖေနာမည်က နေသွေးပေါ့ . . . ဟုတ်လား မနီနီ"

တိုက်ဆိုင်လွန်းတာမို့ သူရယ်မောရင်း နောက်ပြောင်မိသည်။

"ဟင် ဆရာမ ဘယ်လိုသိလဲ . . သူ့အဖေ နေသွေးဆိုတာကို"

"ရှင်"

ထပ်မံပြီး အံ့သြသွားရကာ စိတ်ထဲ ကသိကအောက်ဖြစ်သွားရပြန်သည်။

"ဪ . . . နီ က အမေရဲ့နာမည်ဆိုတော့ နေသွေးက အဖေနာမည်များလားလို့ နောက်လိုက်တာပါ။ ဒါနဲ့ ကလေးအဖေကို မတွေ့ဘူးနော် . . ."

"ဟင်း . . ."

နီနီက သက်ပြင်းချသည်။

"ကျွန်မနဲ့ကွဲသွားတာ ကြာပါပြီ . . ."

"ဪ . . ."

တစ်စုံတစ်ရာ ရင်လေးလံစေသည်။ ထို့ကြောင့် သူတို့မိသားစုအကြောင်း ဘာမှထပ်မမေးတော့ပဲ ဆုတောင်းပေးပြီး ပြန်ဖို့ပြင်သည်။





"ဆရာမ . . . ကျွန်မလေ ဒီဆွဲကြိုးပေါင်ချင်တယ်။ ကလေးအဖျားပျောက်ပြီးရင် ကျွန်မ အလုပ်ပြန်လုပ်ပြီး ဆပ်ပါ့မယ်"

ရွှေဆွဲကြိုးတစ်ကုံး . . . အသည်းပုံ လော့ကတ်သီးလည်း ပါသည်။

"ဆွဲကြိုးပေါင်ဖို့ မလိုပါဘူး နီနီရယ် . . ကျွန်မဒီအတိုင်းပဲ ချေးပေးပါ့မယ်။ ပေးနိုင်တဲ့အခါမှပဲ ပေးပါနော် . . ."

"ကျေးဇူးတင်ပါတယ် ဆရာမရယ် . . . တကယ်တော့ ဒီဆွဲကြိုးကို ကျွန်မ မပေါင်ချင်ပါဘူး။ သားအဖေရဲ့အမှတ်တရဆိုလို့ ဒါပဲရှိတာ။ ပြီးတော့ သားက ဒီဆွဲကြိုးအမြဲတမ်းဆွဲထားတာ။အခု သူအိပ်တုန်းဖြုတ်ထားတာ . . . ဒီ လော့ကတ်သီးထဲမှာ သူ့အဖေပုံပါတယ်လေ . . ."

သူမ လှည့်ထွက်ဖို့ဟန်ပြင်ပြီးမှ . . .

"ကျွန်မ ကြည့်လို့ရမလား" ဟု တောင်းဆိုမိသည်။

"ရပါတယ်"

လော့ကတ်သီးကိုဖွင့်ပြီး သူမလက်ထဲထည့်ပေးသည်။

"ဟင်"

လက်ထဲမှဆွဲကြိုး လွတ်ကျသွားသည်။ ကမ္ဘာကြီးတစ်ခုလုံး ချာချာလည်သွားသလိုပင်။ နီနီ့ခင်ပွန်း၊ နေသွေးနီ၏အဖေဆိုသူမှာ သူမနှင့် စေ့စပ်ပြီးသား နေသွေးမှနေသွေးအစစ်ဖြစ်နေသည်။ နေသွေးနှင့် ခိုးပြေးဖူးသော မိန်းကလေး၏နာမည်ကိုပင် သိထားခဲ့ခြင်းမရှိသဖြင့် နီနီဟာ နေသွေးရဲ့မိန်းမ မဟုတ်ဘူးလို့ ငြင်းလို့မရပေ။ မြေကြီးပေါ် ကျသွားသောဆွဲကြိုးကို တုန်ရီစွာကောက်ယူရင်း နီနီ့အားပေးလိုက်သည်။

"မနီနီ . . . နေသွေး ဟာ ကျွန်မသူငယ်ချင်းပါ . . . မနီနီနဲ့ နေသွေးတို့ရဲ့အကြောင်းကို ပြောပြလို့ရမလားဟင် . . ."

နီနီ၏မျက်ဝန်းများ အရောင်လက်သွားကာ အဝေးသို့ ငေးသွားသည်။

(၃)

"အဲဒါပဲ လေးနွယ်ရယ် . . ငါလည်း ဘာကို ဘယ်လို ဆုံးဖြတ်ရမလဲ မသိတော့ဘူး . . ."

လေးနွယ်ကို ပြောပြရင်း မျက်ရည်များက ပိုးပိုးပေါက်ပေါက် ကျလာသည်။

"ဟယ် . . . စစ်မှန်ရယ် ငါပြောတော့ နေသွေးကောင်မလေးက ပိုက်ဆံမက်လို့ဆို၊ ပိုက်ဆံပေးလိုက်တော့ အဆင်ပြေသွားပြီဆို"

"ငါလည်း သေချာသိတာမှမဟုတ်တာ၊ နေသွေး မိဘတွေက နီနီ့ကို မိန်းမပျက်၊ ပိုက်ဆံနဲ့ရှင်းလိုက်ပြီ . . . စိတ်ချရတယ်လို့ ပြောပြတာကိုး . . ."

"ငါပြောသားပဲ၊ နေသွေးကိုက မလည်ရှုပ်ပါလို့ . . ."

သူမနှင့် နေသွေးကို သဘောမတူခဲ့သော လေးနွယ်က အပြစ်တင်တော့သည်။

"နင် ငါ့ကို စဉ်းစားကူပါလား လေးနွယ်ရယ် . . ."

"အေးဟာ . . . ငါလည်း ဘာကူညီရမလဲ မသိတော့ဘူး။ ဒါပေမယ့်ဟာ နီနီနဲ့ နေသွေးက ပြီးသွားပြီပဲဟာ နေသွေးကိုယ်တိုင်ကမင်းကိုရွေးချယ်ပြီးပြီပဲ။ အသာလေး မျှောနေရင်ကော . . ."

သူမခေါင်းခါလိုက်သည်။

"ကလေးငယ် တစ်ယောက်နဲ့ ဒုက္ခကိုရင်စည်းခံနေရတဲ့ နီနီ့ဘဝကို ငါ ဥပေက္ခာပြုရမလား လေးနွယ် . . ."

"ဒါဆိုရင် နေသွေးက နှစ်ယောက်စလုံးကိုယူရမှာပေါ့ . . ကဲ ဟုတ်တယ်"

လေးနွယ်က ဘုတောလိုက်သည်။

"လေးနွယ် . . ငါ့ကို မရွဲ့ပါနဲ့ဟာ၊ ငါက နီနီ့ကိုလည်း သနားလို့ပါ။ သူက သနားဖို့ ကောင်းပါတယ်။"

*"ကိုနေသွေးအမေ ပိုက်ဆံ (၁၀)သိန်း လာပေးတုန်းက ကျွန်မငြင်းဖို့ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် အမေက အသည်းအသန်ဖျားတော့ ကျွန်မ ကြိတ်မှိတ်ယူခဲ့တယ် . . . ။ ပြီးတော့ ကျွန်မဆီမှာ ကိုနေသွေးရဲ့ ကိုယ်ဝန်ရှိနေပြီလေ"*

နီနီအသံကို ကြားယောင်မိသည်။

"သူက ကျွန်မကို ပိုက်ဆံ

မက်တဲ့မိန်းမဆိုပြီး သိပ်မုန်းခဲ့မှာပဲ နော် . . . သူကျောင်းပြန်ဆက်တက်လို့ ကြာပြီးတဲ့နောက်ပိုင်း သူ့ရဲ့တိုးတက်နေတဲ့ဘဝကို ကျွန်မ မနှောင့်ယှက်ချင်တော့ပါဘူးလေ. . ဒါ့ကြောင့် အမေဆုံးသွားတော့ ဒီရွာမှာ ဇာတ်မြှုပ်နေခဲ့တာပါ . . . "

"နီနီ နောက်ထပ် အိမ်ထောင်မပြုဘူးလား စစ်မှန် . . . "

လေးနွယ်အမေးကြောင့် အတွေးလွန်နေသော သူမ ဆတ်ခနဲ ဖြစ်သွားရသည်။

"နီနီက ပြောတယ်လေ. . ပိုက်ဆံ (၁၀)သိန်းအတွက် တစ်ခါသစ္စာပျက်ပြီးပြီမို့ နောက်ထပ်သစ္စာ မပျက်ချင်တော့ဘူးတဲ့ . . ပြီးတော့ သူကလေ နေသွေးကိုသိပ်ချစ်တယ်လို့ပြောပြတယ်"

"နင်နဲ့နေသွေး စေ့စပ်ထားတာကိုရော သိလား . . . "

"ဟင့်အင်း . . . ငါမပြောပြခဲ့ဘူး။ အခု အိမ်ပြန်ပြီး နှစ်ဖက်မိဘတွေနဲ့ ဆွေးနွေးပြီးမှ ဆုံးဖြတ်ရမှာပေါ့"

"ငါ့သဘောအရ ဆိုရင်တော့ နေသွေးကို ရွေးချယ်ခိုင်းလိုက်ပါလား . . . "

"နေသွေးကို . . ဒါပေမယ့် လေးနွယ်ရေ၊ အရာရာအားသာနေတဲ့ကျွန်မကို စိတ်ပါသည် ဖြစ်စေ၊ မပါသည်ဖြစ်စေ သူရွေးချယ်ဖြစ်မှာပါ။ ဒါပေမယ့် သူ တစ်သက်လုံး ဝမ်းနည်းကြေကွဲရမှာပေါ့"

"ဘယ်တတ်နိုင်မှာလဲ သူ့

**စစ်မှန် နှင့်ရဲ့ စိတ်ဓာတ်ကို ငါလေးစားပါတယ်၊ နှင်ရွေးချယ်တဲ့ လမ်းဟာ ဘုရားအလိုတော်နဲ့ ညီတဲ့လမ်း ဖြစ်ပါစေလို့ ငါဆုတောင်းပေးပါမယ့်...**



ကိုရွေးချယ်ခိုင်းတာက တရားမျှတတယ်လို့ ဒို့မြင်တယ်စစ်မှန် . . . "

"လေးနွယ် ဒီနေရာမှာ တရားမျှတမှုလိုသလားဟင် . . နားလည်မှုအနေနဲ့ ငါနောက်ဆုတ်ပေးရင်ကော . . . "

"အကောင်းဆုံးပဲပေါ့၊ ဒါပေမယ့် နင် ခံနိုင်ရည်ရှိလို့လား။ နင် ပထမအကြိမ်လွဲသွားတုန်းက နင် ဘယ်လောက်ထိခံစားရသလဲ ဆိုတာ ငါသိခဲ့တာပဲ စစ်မှန်ရယ်"

"ဒါပေမယ့် ငါတို့အသက်အရွယ်၊ ငါတို့ဘဝက ခံစားမှုကို ဦးထိပ်ထားရမယ့်လူတွေမှမဟုတ်တာနော် လေးနွယ် . . . ငါမနက်ဖြန် အိမ်ပြန်မယ် . . . အကောင်းဆုံးသောရွေးချယ်မှုကို ငါပဲ ရွေးချယ်ပေးလိုက်တော့မယ်"

"စစ်မှန် နင့်ရဲ့စိတ်ဓာတ်ကို ငါလေးစားပါတယ်၊ နင် ရွေးချယ်တဲ့ လမ်းဟာ ဘုရားအလိုတော်နဲ့ညီတဲ့ လမ်းဖြစ်ပါစေလို့ ငါဆုတောင်းပေးပါမယ့်. . . ကိစ္စတွေအားလုံး ပြီးရင်တော့ မြန်မြန်ပြန်လာခဲ့နော် . . . နင်တို့ရွာနဲ့ ငါတို့ရွာ စုပေါင်းကျေးဇူးတော်ချီးမွမ်းပွဲလုပ်ဖို့ ရှိသေးတယ်ဆိုတာ မမေ့နဲ့နော်"

"အင်းပါ . . . နေသွေးကို ပါခေါ်ခဲ့မယ်၊ နီနီတို့မိသားစုနဲ့ပေးတွေ့ဖို့လေ . . . "

သူမ၏ရှိုက်သံများ စဲခဲ့သော်လည်း မျက်ရည်များကျဆဲပါ။

❑ ❑ ❑





(၄)

"သမီးရေ မောင်နေသွေး လာတယ်ကွဲ. . . "

"ကျွတ်"

မခြောက် သေးသော ခေါင်းကို တဘက်ဖြင့်သုတ်ရင်း စုပ်သပ်မိသည်။ သူ့ကို ရင်ဆိုင်ဖြေရှင်းဖို့ သူမ ခွန်အားမရှိသေးပါ။ ဒီမနက်မှ အိမ်ကိုရောက်လာခဲ့သည်မို့ မိသားစုဝင်များကိုတောင် နီနီ့ကိုစမပြောဖြစ်သေး။ တစ်ညလုံး ကားစီးထားသည်မို့ အိပ်ဦးမည်ဟုသာပြောထားသည်။ မျက်လုံးများ ကျိန်းစပ်နေသည်။

"သမီး"

"ဟုတ် . . . ဟုတ်လာပြီ မေမေ"

အကျီမြန်မြန်ဝတ်ရင်း အိမ်ရှေ့ဧည့်ခန်းသို့ ထွက်လာခဲ့သည်။

"ဘယ်လိုလဲ ဆရာမ၊ တာဝန်ကျတာ တစ်လတောင် မပြည့်သေးဘူး အိမ်ကိုပြန်ပြေးလာတာလား . . . "

သူမကို ဆီး၍နောက်သော သူ့ကို မပြုံးပြဖြစ်ခဲ့ပါ။

"ငါ့ရင်ထဲ ဘယ်လောက်ထိ ကြေကွဲနေတယ်ဆိုတာ သိရဲ့လား နေသွေးရယ်"

ရင်ထဲတိုးတိတ်စွာ ညည်းမိသည်။

"နေသွေး အိမ်နောက်က ဒန်းမှာ စကားသွားပြောရအောင်နော် . . "

လိုအပ်သည်ထက် တည်ငြိမ်တိတ်ဆိတ်နေသော သူမကို နေသွေးက စိုးရိမ်စွာကြည့်ရင်း . . .

"စစ်မှန် နေမကောင်းဘူးလားဟင် . . . ဟိုရွာမှာ အဆင်မပြေဘူးလား . . . "

သူမ သက်ပြင်းချကာ ဒန်းပေါ် ထိုင်ချရင်း သူ့ကိုပါ ထိုင်စေသည်။

"ငါ အဆင်ပြေပါတယ်၊ နေလည်း ကောင်းပါတယ်. . . ဒါပေမယ့် . . . "

အသံက ဆို့နင့် ပျောက်ကွယ်သွားသည်။ နေသွေးကိုကြည့်ရင်း နီနီ့အကြောင်းကိုပြောဖို့ ခွန်အင်အားတွေမဲ့သွားသည်။ ငယ်စဉ်ကတည်းက မြတ်နိုးမျှော်လင့်ခဲ့ရသောသူ့ကို ယခုတစ်ဖန် စွန့်လွှတ်ရတော့မည်။ ပထမတစ်ခေါက်ကတော့ နေသွေးကိုယ်တိုင် ရွေးချယ်ခဲ့သောလမ်း၊ ယခုအချိန်မှာတော့ သူမကိုယ်တိုင်ရွေးချယ်ခဲ့သောလမ်းပေါ့နော်။ နီနီတို့သားအမိကို မြင်ယောင်မိပြန်တော့ ရင်ထဲ ကြေကွဲရသည်။ ငယ်ရွယ်သော သား တစ်ယောက်နှင့် အသက်အရွယ်ရှိသေးသောမိခင်ဟာ လင်ယောက်ျားရှိမှ သင့်တော်ပြည့်စုံမှာပေါ့ နေသွေးရယ်။

"စစ်မှန် . . ငိုနေတယ်၊ ဘာဖြစ်လို့လဲ"

"နေသွေး . . . ငါ ခေါင်းကိုက်တယ် . . . ပြီးတော့ အိပ်ချင်တယ် . . . "

သူမ ဗလုံးပထွေးပြောတော့ နေသွေး ရယ်သည်။

"စစ်မှန်ရယ်. . ကလေးကျနေတာပဲ . . . ဒါ ငိုစရာလား ဆေးသောက်ပြီး သွားအိပ်လေ ထ"

"ဟင့်အင်း နေသွေးရယ် နင် ငါ့အနား ခဏနေပေးပါ. . . "

နေသွေး၏ရင်ခွင်ထဲ တိုးဝင်လိုက်သည်။ ငါ ဆုံးရှုံးရတော့မယ့် နင့်ရဲ့ရင်ခွင်လေးမှာ ငါ့ကို ခဏလောက်တော့ မှေးစက်ခွင့်ပြုပါနော်။ ရင်ထဲတိုးတိတ်စွာ တောင်းဆိုမိသည်။

"နေသွေး . . . ငါ ဒီလိုပဲ ခဏအိပ်ပါရစေနော် . . . ငါနိုးလာရင် အရာခပ်သိမ်းပြောင်းလဲသွားလိမ့်မယ် သိလား . . . ငါရွေးချယ်မယ့်လမ်းကို နင်ရော၊ ငါရော၊ ပြီးတော့ အိုး . . တို့အားလုံး ပျော်ပျော်ကြီးလျှောက်ရအောင် နေသွေးရယ်။ ဒါဟာ ဘုရားနှစ်သက်မယ့် နည်းလမ်းတစ်ခုဖြစ်တယ် . . . "

"နင် ဘာတွေပြောနေတာလဲ စစ်မှန် . . . "

သူမ ရှိုက်ကာ ရှိုက်ကာ ငိုသည်။ ပြီးတော့ ပြုံးဖြစ်သည်။

"မမေးနဲ့ နေသွေးရယ်. . . ငါ ခဏအိပ်ပါရစေ. . . ဒီလိုပဲ မင်းရင်ခွင်မှာ ခဏအိပ်ပါရစေနော်. . "

မကြာမီ သူမအိပ်ပျော်သွားလိမ့်မည်။ ဒါပေမယ့် နိုးထလာခဲ့ရင်တော့ . . .။ အင်း . . . သူမ အင်အားတွေရှိလာမှာပါ . . အခုတော့ သူ့ရင်ခွင်ထဲမှာ ခဏလေးနော်။ ❑

# သခင်ယေရှုခရစ်တော်၌ တည်ခြင်း၏နောက်ဆက်တွဲရလဒ်

ရယ်ဂျီ (H.C.T.C)

ရှင်ယောဟန်ခရစ်ဝင်ကျမ်း၊ အခန်းကြီး (၁၅) သည် သမ္မာကျမ်းစာ၌ အရေးကြီးသည့်အခန်းတစ်ခု ဖြစ်သကဲ့သို့ ခက်ခဲနက်နဲသောကျမ်းပိုဒ်လည်း ဖြစ်ပါသည်။ "ငါသည်" ဟူ၍အစချီထားပြီး သခင်ယေရှုခရစ်တော်၏ ဘုရားဖြစ်ခြင်းသဘောမှန်အား ရှင်ယောဟန်မှတင်ပြထားပါသည်။ ထိုကျမ်းပိုဒ်၌ ခရစ်ယာန်အသက်တာ ထိုသို့တည်၍ အသီးအပွင့်ဝေဆာသောအသက်တာအကြောင်း ဖော်ညွှန်းထားသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ ၎င်းထဲ၌ စပျစ်ပင်နှင့်အကိုင်းအခက်များ ဟူ၍တင်စားထားချက်ကိုလည်း တွေ့ရပေမည်။ ထိုအကိုင်းအခက်များတွင် နှစ်မျိုးနှစ်စားတွေ့ရပါသည်။ ပထမအမျိုးသည် အသီးသီးသောအခက်အလက်များ ဖြစ်ပြီး၊ ဒုတိယအမျိုးသည် အသီးမသီးသည့် အခက်အလက်များ ဖြစ်ကြပါသည်။ အသီးမသီးသည့် အခက်အလက်များသည် မယုံကြည်သူများလား (သို့) ယုံကြည်သူများထဲမှဆိုပါက ယုံကြည်သူများသည် အသီးမသီး၍ မိမိတို့၏ကယ်တင်ခြင်း ဆုံးရှုံးရတော့မည်လားဟု စဉ်းစားနိုင်ပါသည်။ ထို့ကြောင့် ထိုကျမ်းစာဖော်ပြမှုနောက်ခံအား လေ့လာသင့်ပေမည်။ ဤအကြောင်းအား သခင်ယေရှုခရစ်တော်မှ မိမိကားတင်မခံမီ တပည့်တော်များအား ပြောဖြစ်ခြင်းဖြစ်ပါသည်။ မိမိ၏တပည့်တော်များအတွင်းဖြစ်ပျက်နေသည့်ကိစ္စများ၊ စိတ်သဘောများကိုလည်း သခင်ယေရှုသိခဲ့၍ ထိုစပျစ်ပင်ဥပမာ တင်စားချက်အား အသုံးပြုခြင်းလည်း ဖြစ်နိုင်ပေသည်။ ခမည်းတော်အား ဥယျာဉ်စောင့်၊ တစ်နည်းဆိုရသော် ဥယျာဉ်ပိုင်ရှင် ဟူ၍တင်စားမှု၊ မိမိ (သခင်ယေရှု) သည် စပျစ်ပင်ဟုတင်စားမှုများအားကြည့်ပါက အသီးသီးသောအကိုင်းအခက်များသည် တပည့်တော် (၁၁) ပါးနှင့် အသီးမသီးသောအကိုင်းအခက်သည် ယုဒရှကာရုဒ်နှင့် တပည့်တော်စစ်မဟုတ်သည့် မည်သူမဆို ဖြစ်နိုင်ပေမည်။ ထို့ကြောင့် စစ်မှန်သည့် ခရစ်ယာန်အသက်တာသည် ထိုသခင်၌တည်နေခြင်းအပေါ် မူတည်နေသည် ဟူသော သမ္မာတရားအား ဖော်ပြထားပါသည်။ ယုံကြည်သူတပည့်တော်များသည် သခင်ဆီမှရသည့် ခွန်အားအစွမ်းများဖြင့်သာ သီးပွင့်ဝေဆာနိုင်မည် ဖြစ်ကြောင်း ဖော်ညွှန်းထားပါသည်။ စပျစ်ပင်အခက်အလက်အချို့သည် စပျစ်ပင်စည်နှင့် တစ်လက်မမျှသာ ဝေးနေပါကလည်း အသီးမသီးနိုင်သကဲ့သို့ ခရစ်ယာန်တစ်ဦး၏အသက်တာ၌ ထိုသခင်နှင့်နီးနေသည်ထင်ရသော်လည်း တစ်လုံးတစ်ဝတည်းပေါင်းစည်းထားမှု မရှိပါက အသီးမသီးနိုင်ကြောင်း တွေ့ရပေမည်။ သခင်ယေရှု၏ရည်ရွယ်ချက်၌ မိမိ၏နောက်လိုက် တပည့်တော်များအားလုံးသည် စစ်မှန်သောယုံကြည်သူများ ဖြစ်လာရန် မိမိနှင့်တည်နေရမည်ဖြစ်ကြောင်း သွန်သင်ပေးမှုပင်ဖြစ်ပါသည်။ သဘောမှာ ယုံကြည်သူ ဟုဆိုပေတော့မည်။ ထိုသခင်၌မတည်သောသူသည် စစ်မှန်သောယုံကြည်သူနောက်လိုက်မဖြစ်နိုင်သကဲ့သို့ အသက်





တာ၌ ဘုရားသခင်သီးပွင့်စေလိုသည့်အသက်တာလည်း ရှိနိုင်မည်မဟုတ်ပေ။ ၎င်းအသီးသီးခြင်းရှိရန် သခင်ယေရှုခရစ်တော်၌တည်ဖို့လိုသည့်အကြောင်းအား ရှင်ယောဟန် ၁၅း၈-၁၀ တွင် ထပ်၍ဖော်ပြထားပြန်ပါသည်။ ဤအပိုင်းတွင်လည်း သခင်ယေရှု၏စစ်မှန်သောယုံကြည်သူ တပည့်နောက်လိုက်များဖြစ်မှသာ အသီးသီးနိုင်မည့်အကြောင်း ဖော်ပြထားပါသည်။ သဘောမှာ အသီးမသီးသောသူများသည် စစ်မှန်သောယုံကြည်သူများမဟုတ်နိုင်သည့်သဘောပင်ဖြစ်ပါသည်။ ထိုသခင်နှင့်တည်နေလိုပါက ထိုသခင်နှင့်ဝေးကွာစေသည့် လောကဆိုင်ရာအပြစ်ဒုစရိုက်များနှင့် စာတန်၏လှည့်ဖြားမှုများအား သတိတရားဖြင့် ရှောင်ရှားရန်လိုပေမည်။ အကြောင်းမှာ စာတန်၏လုပ်ဆောင်မှုတစ်ခုသည် ထိုသခင်နှင့်မိမိ အတွင်းကျကျ မိတ်သဟာယမဖွဲ့နိုင်ရန် ထိုသခင်နှင့် မိမိအကြား၌ တစ်စုံတစ်ခုထားပေးလိုက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ရင်းနှီးကျွမ်းဝင်နေမှသာ ထိုသခင်နှင့်တည်သော အသက်တာအား ရရှိမည်ဖြစ်ပါသည်။ နှုတ်ကပတ်တော်၌အချိန်ပေးပြီး ဘုရားသခင်၏သဘောသဘာဝနှင့် အလိုတော်အား ရှာဖွေနေမည်ဆိုပါက အသီးသီးဖို့ကိစ္စကိုပင် မိမိစဉ်းစားနေစရာလိုမည်မဟုတ်ပေ။ မိမိတည်နေသည့်သခင်မှ သီးပွင့်သည့်ကိစ္စအား တာဝန်ယူနေမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိအသက်တာ၌ အသီးမသီးနိုင်သေးပါဟု ထင်မြင်မိပါက ထိုသခင်၌တည်ရန် အစပြုပါ။ ထိုသခင်၌တည်ခြင်းသည် တစ်ခြားလူသားများအတွက် သက်သေခံနေသည့် တပည့်တော်စစ်ဖြစ်ခြင်း၏ အခြေခံအကျဆုံးပင်ဖြစ်ပါသည်။

မိမိလုပ်ဆောင်နိုင်သည့် လုပ်ဆောင်မှုများအပေါ် အခြေခံခြင်းထက် ထိုသို့လုပ်ဆောင်နိုင်သည့် အရင်းမူလဖြစ်သည့် သခင်ယေရှုနှင့် အတွင်းကျကျ မိတ်သဟာယဖွဲ့ခြင်း၌ ပို၍အားကောင်းလာရန် ဆင်ခြင်မှုသည် ပို၍သင့်လျော်ပေမည်။ အကြောင်းမှာ မိမိ၏အသက်တာ၌ မိမိသီးပွင့်လိုသည်ထက်ပင် ဘုရားမှ ပို၍သီးပွင့်စေမည်ဖြစ်ပါသည်။ သီးပွင့်ရန်ကိစ္စအား မိမိ၏အစွမ်းဖြင့် လုပ်ဆောင်နိုင်မည်မဟုတ်ဘဲ ထိုသခင်၌ တည်ပြီး ထိုသခင်အားနာခံခြင်းဖြင့်သာ ထိုသခင်ပေးသည့်စွမ်းအားဖြင့် လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိသည် ပင်စည်နှင့်ကင်းကွာနေသည့် အကိုင်းအခက်ကဲ့သို့ သခင်ယေရှုခရစ်တော်နှင့် ကင်းကွာနေသည်ဟုခံစားမိပါက ထိုသခင်အား မိမိအသက်တာအတွင်း ဝင်ရောက်ကိန်းအောင်းအသက်ရှင်ပြီး သီးပွင့်စေနိုင်ရန် လုပ်ဆောင်ခွင့်ပေးဖို့ပင်ဖြစ်ပါသည်။ စစ်မှန်သောတပည့်တော်၊ စစ်မှန်သောယုံကြည်သူခရစ်ယာန်အသက်တာသည် သခင်ယေရှုမှ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသက်တာတွင်ကိန်းအောင်းပြီး အဖခမည်းတော်အလိုရှိသည့်အရာများ လုပ်ဆောင်နေသည့် အသက်တာပင်ဖြစ်ပါသည်။ ထိုလုပ်ဆောင်မှုများသည် သဘာဝလွန်လုပ်ဆောင်မှုများဖြစ်၍ ဇာတိသဘော၌သာရှိနေသူများ၏အသက်တာတွင် မည်သို့မှစွမ်းဆောင်နိုင်မည်မဟုတ်ပေ။ အသက်တာ၌ ကျဆုံးမှုများနှင့် မသီးပွင့်နိုင်ခြင်း၏ အရင်းခံအကြောင်းတရားသည် သဘာဝလွန်စွမ်းအားရှင်ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ထားမှုမရှိသောကြောင့်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏ဘုန်းတော်ထင်ရှားနိုင်သည့်ကိစ္စရပ်တိုင်းသည် စစ်မှန်သောယုံကြည်သူများမှ ဘုရားသခင်အသက်ရှင်စေလိုသည့် (သို့) လောကတွင်ပေါ်လာသည့်ရလဒ်များပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ထိုသခင်၌တည်နေသူတိုင်းသည် မိမိအသက်တာ၌ ပို၍ပြည့်ဝစွာအသက်ရှင်နိုင်သကဲ့သို့ ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေနိုင်မည် ဖြစ်ပါသည်။ အကြောင်းမှာ မိမိအသက်တာ၌သီးပွင့်မှုများအားဖြင့် အခြားလူများမှာ တွေ့မြင်ပြီး မိမိ၌ ဘုရားသခင်လုပ်ဆောင်ပေးခဲ့မှုများအတွက် ဘုရားအားအံ့ဩချီးမွမ်းကြမည်ဖြစ်ပါသည်။ ထို့ကြောင့် ခရစ်ယာန်တစ်ယောက်၏အသက်တာ၌ ဂုဏ်ယူဖွယ်ရာအကောင်းဆုံးအချက်တစ်ခုမှာ ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖွယ်ရာအသက်တာဖြင့် အသက်ရှင်နိုင်ခြင်းသာ ဖြစ်ကြောင်း အစဉ်သတိရကြပါစို့။ ❑

သင်တို့သည်
များစွာသောအသီးကို
သီးသောအားဖြင့်
ငါ၏တပည့်မှန်ကြလိမ့်မည်။
ရှင်ယောဟန် (၁၅း၈)

cover jonathan2005